

တက္ကသိုလ်
နေလင်းအောင်
အန္တရာယ်ပြွမ်းသည့် လှို့ဝှက်အကြံ
လေးအုပ်တွဲသိုင်းစာစဉ်
ဝမ်အင်း၏ ဝူးယွဲ့ယီဝမ်းတောင်း
စာစဉ် (၂)
2009
Alien-ချစ်စုလှိုင်
သိုင်းစာစဉ်များpage
31.3.2017
Alien မှ pdf အဖြစ် စကန်ဖတ်သည်

တက္ကသိုလ်

# နေဝင်းမြင့်

## အန္တရာယ်ပြွမ်းသည့် လျှို့ဝှက်အကြံ

ဝမ်အင်း၊ ဆိုဂူး၊ ယွန့်ယီ ဝမ်းတောင်း၊

စာစဉ် (၂)



စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၉၅၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၈၅၀၅၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။




## အခန်း (၂၂)
## ကလေးငယ်၏ကြိုဆိုမှု

ညဦး ...။

မိုးတဖွဲဖွဲ ရွာနေ၏။

အေးစိမ့်သောမိုးဖွဲတို့သည် ကျောက်ဂူ၏မျက်နှာသို့ ဖျန်းပက်နေ၏။

ကျောက်ဂူသည် မိုးဖွဲကလေး၏ ဖျန်းပက်မှုကို မမှုပါ။ ကျောက်ဂူသည် မြင်းကို ဦးတည်ရာ မောင်းနှင်နေ၏။

အမှန်တော့ ကျောက်ဂူသည် ယခုကဲ့သို့ ထွက်လာခြင်းမှာ လက်စားချေလိုမှု ပြင်းပြနေ၍ဖြစ်ပါသည်။

သူ့အာရုံသည် တစ်ခုတည်းအပေါ်မှာသာ စူးစိုက်နေပါသည်။ စန်ကွမ်အပေါ် လက်စားချေရန်သာ အာရုံရှိနေပါ၏။

စန်ကွမ်သည် မည်သည့်နေရာတွင် ရှိသနည်း။

ကျောက်ဂူမသိပါ။ မည်သည့်နေရာ၌ ပုန်းနေသည်ကိုလည်း ကျောက်ဂူ မသိပါ။

ယခု သူသည် အေးစိမ့်သော မိုးဖွဲကြားတွင် မြင်းကို ဦးတည်သောပန်းတိုင်မရှိဘဲ မောင်းနှင်ခြင်းဖြစ်ပါ၏။

သူ့၌ စန်ကွမ်ကို လက်စားချေရန် ရည်ရွယ်ချက်ရှိသော်လည်း သူ့မြင်းကမူ ဦးတည်ချက်မရှိဘဲ မောင်းနေပါသည်။

ညဦးနက်လှပြီဖြစ်၏။

မှောင်သောလမ်းပေါ်၌ ရုတ်တရက် မီးအိမ်တစ်လုံးကို မြင်၏။

ယခုကဲ့သို့ ညဦးနက်သော၊ မိုးတဖွဲဖွဲရွာသောညမှာ လမ်းပေါ်၌ လူရှိနေသည်ကို အံ့ဩမိလေ၏။

လူရှိသည်,မရှိသည်ကို သူ စိတ်မဝင်စားပါ။ လူရှိနေသည်ဆိုလျှင်တော့ စန်ကွမ်ကို တွေ့နိုင်သေးသည်ပေါ့။

သူသည် မြင်းကို ဆက်၍မောင်းနှင်၏။

သို့သော် မီးအိမ်သည် လမ်းအလယ်တွင်ရပ်၍ သူ၏ သွားလမ်းကို ပိတ်ထားသည်ကို တွေ့မြင်လိုက်ရသည်။

သူက အချိန်မီ အရှိန်သတ်၏။

အမှန်တော့ သူက ဒေါသထွက်လာ၏။ သို့သော် ဒေါသထွက်၍ မဖြစ်ပါ။ မြင်းနှင့်တိုက်မိလျှင် ဒဏ်ရာအနာတရ ရသွားနိုင်၏။

မီးအိမ်ကိုင်၍ သူ့ကိုတားသူမှာ ကလေးငယ်တစ်ယောက်



ဖြစ်နေ၏။ သူ အလွန်အံ့ဩသွားသည်။

မီးရောင်အောက်တွင် ကလေးငယ်၏မျက်နှာမှာ ဝကစ်၍ ချစ်ဖို့ကောင်းလှ၏။ သူ၏ခေါင်းပေါ်တွင်ရှိသော ဆံပင်တို့ကို ကျစ်ဆံမြီးကျစ်ထား၏။ ဝဝကစ်ကစ်နှင့်ကလေးသည် ကျစ်ဆံမြီးကလေးနှင့် ဖြစ်နေပါသည်။

သူ၏ကိုယ်တွင် အကျီအနီရောင်ဝတ်ထား၏။ ကျောက်ဝူ ဒေါသထွက်ဟန်ဖြင့် သူ့ကိုကြည့်သည်။

“အချိန်မတော် တစ်ယောက်တည်း လမ်းမှာလျှောက်နေတာ ငါ့ရဲ့မြင်း မင်းကိုနင်းမှာ မကြောက်ဘူးလား”

ကလေးငယ်က ပြောသည်။

“မကြောက်ဘူး”

ကျောက်ဝူက အံ့ဩသွားလေ၏။

“မင်း တကယ်ပြောတာလား”

ကလေးက ဟန်ကျပန်ကျ ပြောလေ၏။

“တကယ်ပြောတာပါ၊ ဒါပေမဲ့ ကျွန်တော်တစ်ခုတော့ စိုးရိမ်မိတယ်၊ အဲ့ဒါကို ပြောပြရင်ဖြစ်မလား”

ကျောက်ဝူသည် ကလေးငယ်ကို စိတ်ဝင်စားသွားသည်။

“ဖြစ်တာပေါ့ကွာ ... ပြောပြပါဦး”

ကလေးငယ်က ...

"ကျွန်တော် မကြောက်ဘူးဆိုတာ ညာပြောတာပါ၊ အစ်ကို့မြင်းက ခြေလွန်ပြီး နင်းသတ်မိမှာကို ကျွန်တော် စိုးရိမ်ပါတယ်"

ကျောက်ဝူက မပြုံးမိအောင် ထိန်းလိုက်ရ၏။

"မှောင်ထဲမှာ မင်းတစ်ယောက်တည်း အပြင်ထွက်လာတာ မင်းမိဘတွေက စိုးရိမ်မှာပေါ့၊ ဘာဖြစ်လို့ ထွက်လာရတာလဲကွာ၊ မိုးတွေကလည်း ရွာနေတယ်"

ကလေးငယ်က ...

"ကျွန်တော့်မှာ အဖေလည်းမရှိဘူး၊ အမေလည်း မရှိဘူး"

ကျောက်ဝူက ပြောလိုက်သည်။

"ဘာဖြစ်ဖြစ် မင်းအိမ်ပြန်ဖို့ကောင်းတယ်ကွာ၊ လမ်းပေါ်မှာဆိုတော့ အန္တရာယ်ရှိတာပေါ့"

ကလေးငယ်က ...

"ကျွန်တော် အခုမှ အိမ်ကထွက်လာတာဗျ"

"ဟင် ... ငါက မင်းလျှောက်သွားနေတာလို့ထင်တာ၊ မင်းက အခုမှ အိမ်ကထွက်လာတာလား"

"ဟုတ်တယ်ဗျ"

"မင်းက အလုပ်မဟုတ်တာကို လုပ်တာပဲ၊ ကလေးဆိုတာ အိမ်မှာနေရတာကွ၊ အပြင်လျှောက်မထွက်ရဘူး၊ မင်းက ဒီလို ဟိုဟို ဒီဒီလျှောက်ပြီး ဘာလုပ်တာလဲ"



"အစ်ကိုကြီးကို ထွက်ရှာတာလေ၊ ကျွန်တော်ထွက်လာတာ အခုတော့ အကျိုးရှိသွားပြီပေါ့"

"ငါ့ကို လိုက်ရှာတယ် ... ဟုတ်လား"

"ဟုတ်ပါတယ်၊ အခုပဲ အစ်ကိုကြီးကို တွေ့ပြီမဟုတ်လား၊ ကျွန်တော် ထွက်မရှာရင် အစ်ကိုကြီးကို ဘယ်တွေ့မလဲ"

"ငါ ဘယ်သူလဲဆိုတာ မင်းသိလို့လား"

ကလေးက ...

"သိတာပေါ့ ... အစ်ကိုကြီးဟာ ကျောက်ဝူမဟုတ်လား"

ကျောက်ဝူက အံ့သြသွားမိသည်။ ကလေးက စကားဆက်၍ ...

"ကျွန်တော်ဘယ်သူလဲဆိုတာ အစ်ကိုကြီးဆီမှာမဟုတ်ဘူး"

ကျောက်ဝူက ကလေးအား အမှန်ပင် မတွေ့ဖူးပါ။

"မင်းက ဘယ်သူတုံး ... ငါ့ကို ပြောစမ်းပါကွာ၊ ငါသိချင်ပါတယ်"

ကလေးငယ်က ရယ်လေ၏။

"ကလေးငယ်တလေးပါ"

ကျောက်ဝူက လေသံမာမာနှင့် မေးလေ၏။

"မင်းနာမည်ကိုမေးနေတာ၊ မင်း ကလေးဖြစ်တာကို ငါသိတာပေါ့"

ကလေးငယ်က ...

"ကျွန်တော့်မှာ မိဘမှမရှိဘဲ နာမည်ဘယ်သူက ပေးမလဲ"

ကျောက်ဂူ သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းအိမ်မှာ ဘယ်သူတွေရှိသေးတုံး"

ကလေးက ...

"ကျွန်တော့်ဆရာ၊ ပြီးတော့ ညည့်သည်တစ်ယောက်"

ကျောက်ဂူက မေးလိုက်သည်။

"မင်းဆရာက ဘယ်သူတုံး"

ကလေးငယ်က ...

"သူ့နာမည်ပြောလည်း အစ်ကိုကြီး သိမှာမဟုတ်ပါဘူး၊ အစ်ကိုကြီးမေးနေတာ အဝိုပေါ့ဗျာ"

ကျောက်ဂူက မေးလိုက်သည်။

"သူက ဘာကိစ္စနဲ့ ငါ့ကိုလာရှာနိုင်းတာတုံး"

ကလေးငယ်က ပြန်မေးသည်။

"သူရှာခိုင်းတယ်လို့ ဘယ်သူကပြောလို့တုံး၊ ကျွန်တော် မပြောမိပါဘူး"

ကျောက်ဂူက ပြုံးလိုက်၏။

"ဒါဖြင့် ညည့်သည်က လာရှာခိုင်းလို့လား"

ကလေးငယ်က ပြုံးလိုက်သည်။



"ခင်ဗျား ဉာဏ်ကောင်းသားပဲ ... မဆိုးပါဘူး"

ကျောက်ဂူက မေးလိုက်သည်။

"အဲ့ဒီညည့်သည်ရဲ့အမည်က စုခုံမဟုတ်လား"

ကလေးသည် ရယ်မောလိုက်သည်။

"အစ်ကိုကြီး သိပ်ဉာဏ်ကောင်းတာပဲ၊ ဆက်ကြိုးစားရင် ကျွန်တော့်ကိုမီလာနိုင်တယ်၊ တကယ်ပြောတာဗျ"

ကျောက်ဂူက မချိပြုံးပြုံး၏။ ကလေးက ပြန်မေးသည်။

"အစ်ကိုကြီး လိုက်မှာလား"

ကျောက်ဂူသည် မလိုက်၍မဖြစ်ပါ။ သူ့မြင်းမှာ ဦးတည်ရာမရှိဘဲ မောင်းနေသည်မှာ အတော်ကြာနေပြီ။

"အိမ်က ဘယ်မှာတုံး"

ကလေးသည် ခပ်လှမ်းလှမ်းမှာရှိသော တောအုပ်ကို လက်ညှိုးထိုးပြသည်။

"ဟိုတောအုပ်ထဲမှာလေ"

မိုးဖွဲသည် တဖွဲဖွဲကျနေဆဲဖြစ်၏။

မိုးဖွဲတို့၏နောက်တွင် အပင်တို့နှင့် တောအုပ်တစ်ခုကို တွေ့မြင်ရမည်ဖြစ်၏။

ကျောက်ဂူသည် ထိုတောအုပ်အနီးရောက်မှ မီးရောင်ကို မြင်ရ၏။ မီးရောင်သည် အတော်လင်းသည်။ မိုးပေါက်များကို ခွင်း

၍မြင်ရသည်။

မီးရောင်ရှိလျှင် အိမ်ရှိမည်ဖြစ်၏။ သူကြည့်လိုက်သောအခါ အိမ်ကလေးတစ်လုံးကို တွေ့လိုက်သောအခါ ဤမျှသေးသော အိမ်ထဲသို့ စုခုံက ဘာလာလုပ်နေသနည်း။

စုခုံ၏အတွေးကို ကျောက်ဂူမသိနိုင်ချေ။

ကျောက်ဂူက မနေနိုင်ဘဲ မေးလိုက်သည်။ သူ ဤကဲ့သို့သာ မေးရပေမည်။

"ကလေး ... မင်းဆရာက ဒီအိမ်ကို ဒီမှာလာဆောက်ရလား"

ကလေးက ...

"အိမ်ဟုတ်လား၊ အိမ်ကို ကျွန်တော်မတွေ့မိပါလား"

ကျောက်ဂူက မီးရောင်ဖြာနေသော အိမ်ကို လက်ညှိုးထိုးပြ၏။

"ဟိုမှာလေ ... မင်း မတွေ့ဘူးလား"

ကလေးငယ်က ခေါင်းခါယမ်းပြီး သက်ပြင်းချလိုက်၏။

"အစ်ကိုကြီးကို ဉာဏ်ကောင်းပါတယ်လို့ ပြောနေမှ ဘယ်နယ် ဉာဏ်တုံးသွားပြန်သလဲမသိဘူး၊ အစ်ကိုကြီး ကိုယ့်မှတ်ဉာဏ်ကို ပြန်ဂရုစိုက်စမ်းပါ"

ကျောက်ဂူက ...



"မင်းက ဘာကိုဆိုလိုတာလဲ"

ကလေးငယ်က ...

"ကြည့်လေ ... ရထားလုံးတစ်စင်းကို အိမ်ကလေးဖြစ်အောင် ပြောတာ အစ်ကိုကြီး ဉာဏ်မကောင်းလို့ပေါ့"

ကျောက်ဂူက ကြောင်အမ်းအမ်း ဖြစ်သွား၏။

ယခုမှ သူမြင်တွေ့သည့်အိမ်ကလေးအောက်တွင် လှည်းဘီးလေးဘီးရှိနေသည်ကို မြင်တွေ့လိုက်ရလေ၏။

အကယ်၍ ထိုအိမ်လေးသည် အိမ်ဟုဆိုပါက သေးငယ်သောအိမ်မျှသာဖြစ်၏။ သေးငယ်သောအိမ်လည်းမဟုတ်ပါ။

သို့သော် ရထားလုံးဖြစ်နေသောကြောင့် အလွန်ကျယ်ဝန်းသော ရထားလုံးတစ်စင်းဖြစ်နေသည် မဟုတ်လော။

ကျောက်ဂူသည် ဤမျှကြီးမားသော ရထားလုံးကို တစ်ကြိမ်မှ မမြင်ခဲ့ဖူးပါ။

ကလေးငယ်က လှည့်၍မေးလိုက်၏။

"အစ်ကိုကြီး ရထားလုံးပေါ်မှာ နေထိုင်ခဲ့ဖူးသလား"

ကျောက်ဂူက ခေါင်းယမ်းလိုက်၏။

ကလေးငယ်က ...

"ဒါကြောင့် အိမ်ထဲမှာနေရတာထက် ရထားလုံးပေါ်မှာနေရတာ ပိုပြီးစိတ်ဝင်စားစရာ ကောင်းတယ်ဆိုတာ မသိတာကိုး"

ကျောက်ဂူက မေးလိုက်လေ၏။

"ဘာတွေ စိတ်ဝင်စားစရာ ကောင်းတာလဲ၊ ငါ့ကို ပြောပြစမ်းပါဦးကွာ ... ငါသိချင်ပါတယ်"

ကလေးငယ်က ...

"အိမ်က ဟိုသွားဒီသွား သွားလို့ရသလား ... မှန်မှန်ဖြေနော်"

ကျောက်ဂူက ...

"ဘယ်ရပါ့မလဲကွာ၊ အိမ်ဆိုတာ မြေကြီးပေါ်မှာ ခိုင်ခိုင်မြဲမြဲရှိနေတတ်တာပဲ"

ကလေးငယ်က ...

"ရထားလုံးကတော့ ရတယ်၊ ကနေ့ တောင်ပိုင်းကိုရောက်ရင် မနက်ဖြန် မြောက်ပိုင်းကိုရောက်နိုင်တယ်၊ ဘယ်နေရာမှ အတည်မရှိဘူး ... လှုပ်ရှားနေတာပဲ"

သူ စကားဆက်လိုက်၏။

"အို ... ကိုယ်ရောက်ချင်တဲ့နေရာကိုရောက်ပါစေ၊ ရောက်တဲ့နေရာတိုင်းမှာ အိမ်အဆင်သင့်ရှိနေသလိုပဲ မဟုတ်လား၊ ရွှေ့လျားနေတဲ့အိမ်လို့ခေါ်ရင် မရနိုင်ဘူးလားဗျာ"

ကျောက်ဂူက မေးလိုက်၏။

"မင်းတို့က တစ်ချိန်လုံး ရထားလုံးပေါ်မှာပဲ နေထိုင်ခဲ့တယ်



... ဟုတ်လား၊ ငါ မသိလို့မေးတာပါ"

ကလေးငယ်က အဖြေမပေးမီ ရထားလုံးထဲ၌ စုခုံ၏အသံကြားလိုက်ရ၏။

"ကျောက်ဂူလားဟေ့"

"ဟုတ်ပါတယ်"

"တက်ခဲ့လေ"

ရထားလုံးသည် အလွန်ကျယ်ဝန်းလှပေ၏။ ရထားလုံး၏ အလယ်တည့်တည့်မှာ အနီရောင်ကတ္တီပါဖြင့် ကာရံထား၏။

ကတ္တီပါ၏ နောက်ဘက်တွင် ပိုင်ရှင်၏အိပ်ခန်းဖြစ်ရမည်ဟု ကျောက်ဂူ ခန့်မှန်းမိ၏။

ကတ္တီပါ၏ရှေ့တွင် ကွပ်ပျစ်တစ်လုံး၊ စားပွဲတစ်လုံး၊ ထိုင်ခုံတစ်လုံး ရှိလေ၏။ စားပွဲပေါ်၌ တန်ဖိုးရှိလှသော ရှေးဟောင်းကြွေသည်များ ခင်းကျင်းထားသည်။

ရထားလုံး၏နံရံပေါ်တွင် ကဗျာဆရာအကျော်အမော်တို့၏ ကဗျာများ ရေးသားထား၏။

ပြီးလျှင် လေးထောင့်စားပွဲတစ်လုံးရှိ၏။ စားပွဲပေါ်၌ စစ်တုရင်ခုံတစ်ခုရှိလေ၏။

ရထားလုံးတစ်ခုထဲတွင် ယင်းကဲ့သို့ နေရာချထားနိုင်ခြင်းမှာ ပညာသားပါလှ၏။

ကွပ်ပျစ်ပေါ်၌ လူတစ်ယောက် ခွေခွေလေးထိုင်နေ၏။ အသက်လေးဆယ်ကျော်ခန့်ရှိသော လူတစ်ဦး ဖြစ်၏။

သူ၏ကိုယ်ပေါ်တွင် အဖိုးတန်လှပြီး ကျော်ကြားသော အပ်ချုပ်ဆရာတို့က ချုပ်ထားသော အဝတ်အစားကို ဝတ်ဆင်ထား၏။

အလွန်ခန့်ညားး၏။ ရုပ်ရည်ခန့်ညားချောမောပြီး မျက်နှာပေါ်တွင် ပြုံးယောင်သမ်းနေ၏။ သို့သော် သူ၏ကျောတွင် သံမဏိတိုင်ဖြင့် ပြုလုပ်ထားသော ထောက်စင်တစ်ခု တပ်ထားသည်ကို မြင်သောအခါ ကျောက်ဝူက တစ်မျိုးခံစားရ၏။

ထိုလူသည် ယခုကဲ့သို့နေနိုင်ခြင်းမှာ သံမဏိစင်က ထောက်ထားခြင်းကြောင့်ဖြစ်၏။

ကျောက်ဝူ မကြည့်ရက်ပါ။

စုခုံသည် ကုလားထိုင်တစ်လုံးတွင် ထိုင်နေသည်။

"ကျောက်ဝူ ... မင်းလာမယ်လို့ ငါမျှော်လင့်နေတာ၊ မျှော်လင့်တဲ့အတိုင်း မင်းရောက်လာတာပဲ"

ကျောက်ဝူက ပါးစပ်ပိတ်ထားလိုက်သည်။

စုခုံက ...

"အမှန်တော့ ငါကိုယ်တိုင် လာကြိုမလို့ပဲ ... ဒါပေမဲ့"

စကားမဆုံးမီ ကျောက်ဝူက ကြားဖြတ်ပြောလိုက်၏။

"အဘက မိုးမိမှာကိုစိုးရိမ်လို့ မဟုတ်လား"



စုခုံက အံ့အားသင့်သွားရလေသည်။

"မင်း ဘယ်လိုလုပ်သိလိုက်တုံး"

ကျောက်ဝူက ပြုံးလိုက်သည်။

"ဒါတွေမကဘူး ... အဘမှာ စစ်တုရင်ထိုးရမှာကို ကြောက်တတ်တယ်မဟုတ်လား"

စုခုံက ပါးစပ်ဗိတ်သွားလေတော့၏။ အမှန်ပင် သူသည် စစ်တုရင်ထိုးရမှာကို ကြောက်ရွံ့ပေသည်။

✱ ✱ ✱

## အခန်း (၂၃)
## ရထားလုံးပိုင်ရှင်

အပြင်ဘက်၌ မိုးတဖွဲဖွဲရွာနေ၏။

ရထားလုံးထဲမှ ထွက်မည်ဆိုလျှင်တော့ စိုစိုစွတ်စွတ်ရှိနေသည်မှာ သေချာလှ၏။

ယခု ... ကျောက်ဂူသည် ရထားလုံးထဲတွင် ရှိနေ၏။

ရထားလုံးထဲတွင် နွေး နွေးထွေးထွေးရှိလှပေသည်။

ရထားလုံးမှာ သာမန်ရထားလုံးမျိုး မဟုတ်ပေ။ အသေအချာပြုပြင်ထားသည့် ရထားလုံးမျိုးသာဖြစ်၏။

ကျောက်ဂူသည် ရထားလုံးပိုင်ရှင်ကို မကြည့်ရက်ပါ။

မည်သို့ကြည့် ရက်ပါမည်လဲ။ သံမဏိထောက်စင်ထောင်ပြီးထိုင်နေရသောကြောင့် ဖြစ်သည်။

လူတစ်ယောက်၏ကျောတွင် ယင်းကဲ့သို့ ထောက်စင်တစ်ခုတပ်ဆင်ထားသည်မှာ မည်မျှဒုက္ခဆင်းရဲဖြစ်မည်ကို ခန့်မှန်းနိုင်သည်။



ဒုက္ခကြီးလှပါပေသည်ဟု ကျောက်ဂူက တွေးနေပေသည်။

ပိုင်ရှင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

စုခုံအားပြောသလို ကျောက်ဂူအားပြောသလိုမျိုး ပြောလေ၏။

"ဒီထောက်စင်ကို ငါလည်း မလိုချင်ဘူး။ ဒါပေမဲ့ ဒီအထုပ်အပိုးကို ပစ်ပယ်လို့မှမရဘဲ၊ ဝဋ်ပဲလေ ... ဘဝဆိုတာ ရတာမလို၊ လိုတာမရပဲ"

ကျောက်ဂူက ...

"ရှင်းပြပါဦးဗျာ ... ကျုပ် ကြားချင်ပါတယ်၊ ဆရာကြီးတို့စကားဟာ အလကားတော့ မဖြစ်နိုင်ပါဘူး"

ပိုင်ရှင်က ...

"ငါ့ရဲ့အလယ်ကျောရိုးတစ်ခုလုံး အရိုးတွေကြေမွသွားလို့ ဒီထောက်စင်နဲ့ ထောက်ရတယ်၊ ဒီထောက်စင်ကိုမှ မထောက်ထားရင် ငါဟာ မြေကြီးမှာ ပုံလျက်နေရမှာ၊ ဒီတော့ ဒီထောက်စင်ကို မလိုချင်ပေမယ့် ငါချစ်နေရတာပေါ့ကွာ"

ကျောက်ဂူက ...

"ကျုပ် စိတ်မကောင်းပါဘူးဗျာ၊ ကျုပ်ပါးစပ်က ပြောတဲ့စကား မဟုတ်ပါဘူး ... ရင်ထဲက စကားပါ"

ပိုင်ရှင်က ပြုံးလေ၏။

"ငါသိပါတယ်၊ ငါ့ကိုမြင်တာနဲ့ စိတ်ကောင်းရှိတဲ့လူတိုင်း စိတ်မကောင်းဖြစ်ကြတာပဲ၊ ဒါပေမဲ့ ငါကိုယ်တိုင် ငါ့ကိုယ်ကိုယ် အံ့သြနေတယ်"

ကျောက်ဝူက ထိုစကားကို အံ့သြသွားသည်။ ဒီပုဂ္ဂိုလ်သည် ဒီထောက်စင်နှင့် အသားကျနေပေပြီ။

"ဘာကိုအံ့သြတာလဲ"

"လူတွေရဲ့ရပ်တည်မှုကို ကြည့်စမ်း ... ဆင်းရဲတဲ့လူလည်း ဆင်းရဲတဲ့အလျောက် ရပ်တည်နိုင်တယ်၊ ချမ်းသာတဲ့လူလည်း ချမ်းသာတဲ့လူအလျောက် ရပ်တည်နိုင်တယ်၊ ခြေထောက်တစ်ဖက်မရှိတဲ့လူလည်း ချိုင်းထောက်တစ်ဖက်နဲ့ ရပ်တည်နိုင်တယ်၊ ခြေထောက်နှစ်ဖက်မရှိတဲ့လူလည်း ချိုင်းထောက်နှစ်ခုနဲ့ ရပ်တည်နိုင်တယ်၊ ငါ့ဘဝဟာလည်း ဒီထောက်စင်နဲ့ ရပ်တည်ခဲ့တယ်၊ အခုအထိ အသက်ရှင်သန်နေတာ အံ့သြစရာမကောင်းဘူးလား၊ ငါတော့ ကိုယ့်ကိုယ်ကိုယ် ဒီအထိအသက်ရှင်နေတာကို အံ့သြမိတယ်"

သူ၏ကျောပြင်တစ်ခုလုံး အေးစိမ့်သွား၏။

ရထားလုံးပိုင်ရှင်သည် ဤမျှဒုက္ခခံရသည့်တိုင် ပြုံးရွှင်နိုင်သည်ကို အံ့သြ၏။

သူသည် လူသားတို့၏ခံနိုင်ရည်ကို အတော်အံ့သြသွား၏။ လက်တစ်ဖက်ပြတ်သူ၊ လက်နှစ်ဖက်ပြတ်သူ၊ ခြေတစ်ဖက်



ပြတ်သူ၊ ခြေနှစ်ဖက်ပြတ်သူအားလုံးသည် ကိုယ့်ဘဝချို့ယွင်းမှုကို စိတ်ပျက်အားငယ်မနေကြချေ။ ခြေတုလက်တုများကပ်ဆင်ပြီး ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်ကြလေ၏။

ဤရထားလုံးပိုင်ရှင်သည် အာဂစွမ်းအားရှင်ပါတကား။

"ငါ အခုလို ဒီဒုက္ခကြီးနဲ့ အသက်ရှင်နိုင်လို့ မင်း ငါ့ကို ချီးကျူးမှာ"

ကျောက်ဝူက လေးစားစွာ ပြောလိုက်၏။

"ဟုတ်ကဲ့ ... ချီးကျူးပါတယ်ခင်ဗျ"

ပိုင်ရှင်က ...

"မင်း စကားတစ်ခုကို ကြားဖူးမှာပေါ့"

"ဘာစကားများပါလဲ"

"အားလုံးပြည့်စုံသည့်အရာသည်မရှိ ... ဆိုတဲ့ စကားပါပဲ"

"ဟုတ်ကဲ့ ... ကြားဖူးပါတယ် ခင်ဗျာ"

ပိုင်ရှင်က ...

"အမှန်ပြောရမယ်ဆိုရင် လူတိုင်းလူတိုင်းမှာ ဒုက္ခတစ်မျိုးမျိုးတော့ အမြဲတမ်း ကြုံကြိုက်နေရမှာပဲ၊ ကိုယ့်ဒုက္ခကိုယ် မမြင်တွေ့ကြလို့သာပါဗျာ"

ကျောက်ဝူက ထိုလူအား စိုက်ကြည့်လိုက်သည်။ ပိုင်ရှင်က ဆက်ပြောလေ၏။

"မင်းလည်း ဒီအတိုင်းပါပဲလေ"

ကျောက်ဂူစိတ်ထဲတွင် စိတ်ဆိုးသလိုဖြစ်သွား၏။

ကိုယ် ဒုက္ခဖြစ်နေခြင်းကို စိတ်မပျက်သည်ကိုတော့ သူက ချီးကျူးပါသည်။ လူတိုင်းကို တစ်ခုမဟုတ်တစ်ခု လိုနေသည်ဟု ပြောခြင်းကိုတော့ သူ မကျေနပ်ပါ။

"ကျုပ်က ဘာဖြစ်နေလို့လဲ"

ပိုင်ရှင်က ...

"မင်းလည်း ရောဂါသည်တစ်ယောက်ပါ၊ မင်းရဲ့ကျောပေါ်မှာလည်း ငါလိုမမြင်ရတဲ့ ထောက်စင်တစ်ခုရှိနေလို့ လဲကျမသွားတာကွ"

ကျောက်ဂူသည် ပိုင်ရှင်၏စကားကို နားမလည်သဖြင့် အံ့ဩစွာကြည့်မိလေ၏။

ရထားလုံးပိုင်ရှင်သည် သူ နားမလည်သည့် စကားများကိုလည်း ပြောကြားတတ်လေသည်တကား။

ရထားလုံးပိုင်ရှင်က ...

"မင်းကိုယ်ပေါ်မှာ ဆွေမျိုးထဲက တစ်ယောက်ယောက် ကွယ်လွန်တဲ့အထိမ်းအမှတ် အကျႌဝတ်ဆင်ထားတယ်၊ ဒါကြောင့် ဒီရက်ထဲမှာ မင်းမှာ အလွန်ရင်းနှီးတဲ့ သားချင်းတစ်ယောက် ကွယ်လွန်သွားတာဖြစ်ရမယ်၊ ငါ့ကို ဗေဒင်ဆရာလို့တော့ မမှတ်နဲ့ပေါ့ကွာ"



ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ဗျ"

ပိုင်ရှင်က ...

"မင်းရဲ့မျက်နှာဟာ ဖြူဖွေးပြီး သွေးရောင်မရှိဘူး၊ မျက်လုံးကျတော့ နီရဲနေတယ်၊ ဒါဟာ ဘာကိုပြသလဲဆိုရင် မင်းဟာ အလွန်ဝမ်းနည်းကြေကွဲနေရုံမက လက်စားချေလိုစိတ် ပြင်းထန်နေတာကိုပြနေတယ်၊ မင်းကို ငါပြောထားပါတယ် ... ငါ့ကို ဗေဒင်ဆရာ မမှတ်ပါနဲ့လို့"

သူက စကားဆက်လိုက်သည်။

"ဝမ်းနည်းခြင်းနဲ့ လက်စားချေချင်တဲ့စိတ်တွေဟာ ရောဂါတစ်မျိုးပေါ့၊ ဒါကြောင့် မင်းရဲ့ရောဂါဟာ တော်တော်လေး ဆိုးဝါးနေပါတယ်"

ရထားလုံးပိုင်ရှင်၏စကားမှာ သွေးထွက်အောင်မှန်နေပါသည်။ သူသည် တစ်ခွန်းမျှ ပြန်မပြောနိုင်ပါ။ သူသည် လက်သီးကျစ်ကျစ်နစ်ဖက်ဆုပ်ထားမိလေ၏။ ပိုင်ရှင်က ဆက်၍ပြောနေပြန်သည်။ သူပြောသည့်စကားများ အားလုံးမှန်သည်။

"အဲဒီလက်စားချေမယ့်စိတ်ဟာ မင်းရဲ့တစ်ကိုယ်လုံးကို ထောက်ထားတဲ့ ထောက်စင်တစ်ခုပါပဲ၊ ဒီစိတ်ထားမရှိခဲ့ရင်တော့ မင်းဟာ စိတ်ဓာတ်ကျပြီး ဘဝကိုအရှုံးပေးသွားမှာပဲ၊ မင်းဟာ ဒီလောက

ထဲက ထွက်သွားမယ့်သေလူပဲ"

ကျောက်ဂူသည် ရထားလုံးပိုင်ရှင်အပေါ် အထင်မသေးဝံ့တော့ပါ။ လွန်စွာ လေးစားသွားပါသည်။

ရထားလုံးပိုင်ရှင်ပြောလိုက်သော စကားများသည် တစ်မျိုးကြီးဖြစ်သည်ဟု ခံစားနေမိသော်လည်း သူ၏စိတ်ထဲမှာ အဘိဓမ္မာဆန်လှသည်ကို နားလည်သိရှိလာလေသည်။

ထို့ကြောင့် သူသည် ထိုလူအပေါ် လွန်စွာစိတ်ဝင်စားလာလေတော့သည်။

ဤလူသည် စုခုံနှင့် အပေါင်းအသင်းဖြစ်နေသည်။

ထို့ကြောင့် စုခုံဘက်သို့လှည့်၍ မေးလိုက်သည်။

"ဘဘ ... ဒီပုဂ္ဂိုလ်ဟာ ဘယ်လိုလူစားလဲ ခင်ဗျာ"

စုခုံက ပြုံးလိုက်၏။

စုခုံ၏အပြုံးမှာ ... ငါ့မှာပြောစရာတွေ အများကြီးရှိနေတယ်၊ အဲဒါတွေကိုလည်း မင်းနားထောင်ဖို့လိုတယ် ... ဟု ပြောမည့်အပြုံးမျိုး ဖြစ်လေ၏။

ကျောက်ဂူသည် မျှော်လင့်ချက်ကြီးစွာဖြင့် စုခုံအား ကြည့်လိုက်မိတော့သည်။

✵ ✵ ✵



အခန်း၊ (၂၄)

အံ့ဖွယ်အစွမ်း၊

စုခုံက ရထားလုံးပိုင်ရှင်အကြောင်း စတင်ပြောကြားလေတော့၏။

"သူကတော့ လူထူးလူဆန်းတစ်ယောက်ပါကွာ၊ အားလုံးကို အထူးအဆန်းပြောနိုင်,လုပ်နိုင်ပါတယ်"

ကျောက်ဂူက ...

"သူ့ကို ဘာကြောင့် လူထူးဆန်းလို့ခေါ်ရသလဲ၊ တခြားနာမည်ပေးလို့ မရဘူးလားခင်ဗျာ"

စုခုံက ရှင်းပြလေ၏။

"မင်း သူ့ဘဝကိုသိရင် ဒီထက်အံ့သြမယ်"

သူက ဆက်၍ရှင်းပြလေ၏။

"သူ့ရဲ့ဘဝတစ်သက်တာလုံးမှာ ပြားစေ့တစ်စေ့မျှတောင် မရှာခဲ့ဖူးဘူး၊ ဒါပေမဲ့ သူ့ရဲ့ဘဝဟာ မြို့စားနယ်စားတို့လို ကြွယ်ဝချမ်းသာတဲ့ စည်းစိမ်ဥစ္စာကို ခံစားနေရတယ်"

ကျောက်ဂူသည် ခေါင်းညိတ်မိပါ၏။

သူသည် ထိုလူ၏ကိုယ်ပေါ်တွင် ဝတ်စားဆင်ယင်ပုံ၊ ခန့်ညားထည်ဝါသောရထားလုံး၊ ရထားလုံးထဲတွင်ထားရှိသော ရှေးဟောင်းကြွေပန်းအိမ်များ၊ အကျော်အမော်များ၏ကဗျာများ စသည်တို့မှာ တန်ဖိုးများစွာရှိသည်ကို သူက ရထားလုံးပေါ်သို့ ရောက်ရှိလာသည်နှင့် တွေ့မြင်ခဲ့ပြီဖြစ်၏။

ထို့အပြင် ထိုရောမ,ရထားလုံးကိုဆွဲရသော မြင်းရှစ်ကောင်သည် အကောင်းဆုံးသောမြင်းများဖြစ်သည်။

အကြောင်းမှာ ...

အမြှောင်းမြှောင်းထပြီး အရပ်မြင့်သည့် မြင်းကြီးများဖြစ်ကြ၏။

ထိုမြင်းတစ်ကောင်၏တန်ဖိုးမှာ အနည်းဆုံး ငွေရှစ်ရာတန်မည်ဟု ခန့်မှန်းမိသည်။

ငွေရှစ်ရာဆိုသည်မှာ ဆင်းရဲသားတစ်ယောက် ဆယ်နှစ်မျှထိုင်စားနိုင်သည့်ပမာဏဖြစ်ပါသည်။

ဤသည် သူက မြင်တွေ့နိုင်သောအရာမျှသာ ဖြစ်သည်။

သူ မမြင်တွေ့သောပစ္စည်းများ၊ အရာများစွာ ရှိလိမ့်ဦးမည်ဟု ထင်မိသည်။

သူထိုင်နိုင်အောင် ထောက်စင်တစ်ခုပြုလုပ်ရမည်။



တန်ဖိုးကိုလည်း သူတွက်ချက်သည်။

ဤထောက်စင်မျိုးကို တော်ရုံတန်ရုံပညာရှင်များ ပြုလုပ်နိုင်မည်မဟုတ်ပါ။

ငွေကြေးအလွန်ကုန်ကျမည်သာဖြစ်ပါသည်။

စုခုံက ရှင်းပြသည်။

"သူကိုယ်တိုင် ရထားလုံးမှာ နေထိုင်ပေမယ့် အနည်းဆုံးလူသုံးဆယ်တို့ကို ရထားလုံးနဲ့ ခြေလှမ်းငါးရာတစ်ဝိုက်မှာ စောင့်ကြပ်ဖို့ထားသေးတယ်၊ မင်း ဒီကိုဝင်လာနိုင်တာ သူ ခွင့်ပြုထားလို့ပါ"

သူက နားထောင်ရင် ပခုံးတစ်ချက်တွန့်သွားသည်။ စုခုံက စကားဆက်လိုက်သည်။

"သူ့အတွက် အစားအစာချက်ပြုတ်ဖို့ စားဖိုမှူးလေးယောက် ရှိတယ်၊ အဲဒီစားဖိုမှူးလေးယောက်ဟာ နန်းတွင်းစားဖိုမှူးလောက် တော်တဲ့လူတွေပဲ"

သူက နားထောင်ရင်း အံ့သြ၍မကုန်အောင် ဖြစ်ခဲ့ရ၏။ အံ့သြကုန်နိုင်ဖွယ်ဖြစ်ပြီးရင်း ဖြစ်နေရသည်။

သူတောင်မှ ရထားလုံးပိုင်ရှင်၏ခွင့်ပြုချက်အရ ဤရထားလုံးပေါ် ရောက်နေရသည်တဲ့။

စုခုံက ဆက်၍ရှင်းပြပြန်သည်။

"ပြီးတော့ မြင်းထိန်းသမားလေးယောက်ရှိတယ်၊ ဒီမြင်း

ထိန်းသမားတွေဟာလည်း စစ်သူကြီးဆီက ရလာတဲ့မြင်းထိန်းသမားကောင်းတွေဖြစ်ကြပါတယ်၊ မင်း ဒီလို မြင်းထိန်းသမားတစ်ယောက်ရအောင်ရှာဖို့ မလွယ်ပါဘူး"

ရထားလုံးပိုင်ရှင်က ...

"လေးယောက်မဟုတ်ဘူး ... ခြောက်ယောက်ပါ"

သူက ကြွားလို၍ ပြောလိုက်ခြင်းမဟုတ်ပါ၊ မှားနေသည်ကိုပြင်ပေးလိုက်ခြင်း ဖြစ်သည်။

စုခုံအား အမှားမပြောစေချင်ပါ၊ အားလုံးတိတိကျကျ ဖြစ်စေချင်ပါသည်။

"ဒီရထားလုံးဟာ အလွန်လေးလံပါတယ်၊ လှည်းဘီးများလည်း အထူးကြံ့ခိုင်အောင် ပြုလုပ်ထားတဲ့လှည်းဘီးများ ဖြစ်ပါတယ်"

"ရထားလုံးကိုဆွဲတဲ့ မြင်းရှစ်ကောင်တို့ဟာလည်း အလွန်သန်မာထွားကျိုင်းတဲ့ မြင်းများဖြစ်ပါတယ်၊ ဒါတောင်မှ လီပေါင်းငါးရာလောက် သွားမိတဲ့အခါမှာ မြင်းများကို လဲပေးရပါတယ်"

ကျောက်ဝူ မျက်မှောင်ကြုတ်သွားရသည်။ ဤသည်မှာ မလွယ်ပါ။

သူက ပြောလိုက်မိသည်။

"ဒါဖြင့် သူက ဒီလိုမြင်းမျိုးကို အကောင်ငါးဆယ်လောက်



မွေးထားမှာပေါ့နော်"

စုခုံ ခေါင်းခါယမ်းလိုက်သည်။

"ဘယ်ကမလဲ ... သူ့မှာ အကောင်ရှစ်ဆယ်လောက် ရှိတယ်"

ကျောက်ဝူ ပါးစပ်အဟောင်းသားဖြစ်သွား၏။ သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။ သူ့မှာ အံ့သြပြီးရင်းအံ့သြနေရသဖြင့် သည့်ထက် မအံ့သြနိုင်အောင် ဖြစ်နေရသည်။

စုခုံက ...

"ဒါကြောင့် သူ့ရဲ့ တစ်လအသုံးစရိတ်ဟာ အနည်းဆုံး ငွေငါးထောင်ရှိတယ်"

ကျောက်ဝူက မေးလေ၏။

"သူက တစ်ပြားတစ်ချပ်မှ မရှာဘူးဆို၊ ဒီငွေတွေ ဘယ်က ရလာတာလဲ၊ သူ့မှာ တိုက်တာလယ်ယာတွေ အများကြီးရှိနေတယ်နဲ့တူတယ်၊ သူ့ချမ်းသာမှုက အံ့သြစရာဖြစ်မယ်လို့ ကျွန်တော် ထင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် မအံ့သြတော့ပါဘူး ခင်ဗျာ"

စုခုံက ခေါင်းခါယမ်းလိုက်သည်။

"သူ့မှာ အိမ်တစ်လုံးမှလည်း မရှိဘူး၊ လယ်တစ်ကွက်မှလည်း မရှိပါဘူး၊ သူ့မှာ ဘာဆိုဘာမှမရှိပါဘူး"

ကျောက်ဝူမှာ သူ့စိတ်ထဲ ခံစားနေရသော လက်စားချေလို

ခြင်းဝေဒနာကိုပင် မေ့လျော့သွားသည်။

အံ့ဩစရာများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေသည် မဟုတ်ပါလား။

"ဒါဖြင့် အပေါ်ဆိုင်တွေ၊ တည်းခိုခန်းတွေ၊ ဈေးဆိုင်တွေ အများကြီးရှိနေတာနဲ့တူတယ်"

ရထားလုံးပိုင်ရှင်က ခေါင်းခါယမ်းလိုက်သည်။

"မင်း ဘာတွေပြောနေတာလဲ၊ ဒါတွေ မရှိပါဘူး၊ ငါ့မှာ အရောင်းအဝယ်လုပ်ဖို့လည်း ဝါသနာမပါဘူးကွ"

စုခုံက ရှင်းပြရသည်။

"သူဟာ ရောဂါသည်တစ်ယောက်ပါ ... ယင်ကောင်တစ်ကောင်တောင်မှ သေအောင်မသတ်နိုင်ပါဘူး"

ကျောက်ဝူက ခေါင်းညိတ်လိုက်သည်။

"ဒါကိုတော့ ကျွန်တော် မငြင်းပါဘူး၊ အမြင်အရကို ဒီလို အခြေအနေပဲဆိုတာ ပေါ်လွင်နေပါတယ်"

စုခုံက သူ့လက်ကို ဝှေ့ယမ်းပြလေ၏။

"သူဟာ ပဠလက်ဆရာလိုပါပဲ"

ကျောက်ဝူက ပါးစပ်အဟောင်းသားဖြင့် ငေးနေသည်။ စုခုံက ဆက်ရှင်းပြသည်။

"ဒါပေမဲ့ သူ့ကို စော်ကားတဲ့လူဆိုရင် နောက်တစ်နေ့မှာ



အကြောင်းမဲ့ သေဆုံးသွားတာကို တွေ့ရလိမ့်မယ်"

ရထားလုံးပိုင်ရှင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရောဂါသည်တစ်ယောက်ကို မတရား နိုင်ထက်စီးနင်းလုပ်ခဲ့ရင် မိုးနတ်မင်းက ကြည့်မနေပါဘူး၊ စော်ကားတဲ့လူဟာ မိုးနတ်မင်းရဲ့အဆုံးအမကို ခံရမှာပဲ"

စုခုံ ပြုံးလိုက်သည်။

"ဒီလူတွေကို ဆုံးမလိုက်တာ မိုးနတ်မင်းမှ ဟုတ်ရဲ့လား၊ သူ့ကိုယ်သူ ဆုံးမတာလည်း ဖြစ်နိုင်တယ်လို့ ငါတော့ ယူဆတယ်၊ ဘာကြောင့်လဲဆိုတော့ သူလုပ်နိုင်တာ အများကြီးဖြစ်နေလို့ပါပဲ"

သူက ပြုံး၍စကားဆက်လိုက်၏။

"ဒီပိုင်ရှင်ရဲ့ လူသုံးဆယ်ရှိတဲ့အထဲက ဆယ်ယောက်ကတော့ သိုင်းလောကမှာ ထိပ်တန်းသိုင်းသမားများ ဖြစ်ကြတယ်"

သူသည် ပုံပြင်တစ်ပုဒ် နားထောင်ရသည့်အလား တွေဝေစွာ ခံစားမိလာသည်။ စုခုံက နောက်ဆုံး နိဂုံးချုပ်လိုက်လေ၏။

"ကဲ ... သူဟာ ဘယ်လိုလူစားလဲဆိုတာ စဉ်းစားသာကြည့်ပေတော့၊ မင်း သူ့ကို မိုးနတ်မင်းကြီးနဲ့တော့ မနှိုင်းနဲ့နော် ... ဟိုက တန်ခိုးရှင်ပါ"

ကျောက်ဝူက ခေါင်းခါလိုက်သည်။ စုခုံက မချိပြုံး ပြုံးလိုက်လေ၏။

"အမှန်အတိုင်း ပြောရမယ်ဆိုရင် သူ့အကြောင်း ငါလည်း ဘာမှမသိပါဘူး၊ သူနဲ့ငါနဲ့ နှစ်ပေါင်းအတန်ကြာ ရင်းရင်းနှီးနှီး ပေါင်းသင်းခဲ့ပေမယ့် သူ့နာမည်ကို ငါ အခုထိ မသိသေးပါဘူး၊ ဒါဆိုရင် မင်းအနေနဲ့ သူ ဘယ်လိုလူစားဆိုတာ ပိုသိနိုင်ပါတယ်"

သူက စကားဆက်လိုက်သည်။

"ဒါပေမဲ့ သူ ဒီအနီးအနားမှာ ရှိနေတယ်ဆိုတာ သိလိုက်တာနဲ့ ငါ့မှာ အလုပ်ဘယ်လောက်များများ ဘယ်လောက်ပဲ အရေးကြီးပါစေ သူ့ဆီကိုတော့ ရောက်အောင်လာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို မိုးနတ်မင်းရဲ့ တမန်တော်လောက် ငါက ထင်လို့ပါ"

ပိုင်ရှင်က ပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်ကို တွေ့ချင်လို့လာတာတော့ ဟုတ်ပါပြီ"

သူက ကျောက်ဝူအားကြည့်ပြီး စကားဆက်လိုက်သည်။

"ဒီလူငယ်ကတော့ ငါ့ဆီမှာလာပြီး အချိန်ကုန်နေ စိတ်ပျက်နေပြီနဲ့တူတယ်"

ကျောက်ဝူက ပျာပျာသလဲ ပြောလိုက်လေ၏။

"အဲဒီလိုတော့ မပြောပါနဲ့ခင်ဗျာ ... ကျွန်တော် လူကြီးမင်းကို စတွေ့တွေ့ချင်းမှာ ကျွန်တော်ဆက်ဆံခဲ့တဲ့ အသုံးအနှုန်းကို လူကြီးမင်း သတိထားမိမှာပေါ့ခင်ဗျာ ... 'ကျုပ်' ဆိုတာနဲ့ 'ခင်ဗျား' ဆိုတဲ့ အသုံးအနှုန်းတွေကိုပေါ့၊ နောက်တော့ တဖြည်းဖြည်းနဲ့ 'ကျွန်



တော်' နဲ့ 'လူကြီးမင်း' ဆိုတဲ့ အသုံးအနှုန်းကို ပြောင်းလဲဖြစ်သွားပါတယ်"

ရထားလုံးပိုင်ရှင်သည် ပြုံးပြီး ခေါင်းညိတ်လေ၏။

သူ သတိထားမိကြောင်း ခေါင်းညိတ်ကြောင်း ဖြစ်ပါလိမ့်မည်။

"အဘစုခုံက လူကြီးမင်းရဲ့အကြောင်း တစ်ရစ်ပြီးတစ်ရစ် ပြောပြတဲ့အခါမှာ ကျွန်တော်လည်း တစ်ရစ်ပြီးတစ်ရစ် အံ့သြရပါတော့တယ်"

ကျောက်ဝူသည် သူ့စိတ်ရင်းအတိုင်း ပြောနေခြင်းဖြစ်ပါသည်။ ကျောက်ဝူက ...

"ကျွန်တော့်မှာ အံ့သြလွန်းလို့ ပါးစပ်အဟောင်းသား ဖြစ်ရတာ အကြိမ်ကြိမ်ပါပဲ၊ မေးရိုးတောင် ခိုင်သွားပြီလို့ ထင်ရပါတယ်"

ရထားလုံးပိုင်ရှင်က ချီးကျူးလိုက်သည်။

"မင်း စကားပြောတတ်တယ်"

ကျောက်ဝူက ...

"ဘယ်လိုပြောတတ်မလဲ ခင်ဗျာ၊ လူကြီးမင်းရဲ့အကြောင်းတွေကသာ ကျွန်တော့်ကို ငေးမောစေတာပါ၊ အဘစုခုံပြောတဲ့ မိုးနတ်မင်းရဲ့တမန်တော်လို ပုဂ္ဂိုလ်မျိုးကြီးနဲ့ ကျွန်တော် တွေ့ခွင့်ရတာဟာ ကျွန်တော့်ကံထူးလို့ပါပဲ ခင်ဗျာ"

သူက ရိုးသားစွာ စကားဆက်လိုက်သည်။

"ဒါပေမဲ့ ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စရှိနေလို့ သွားခွင့်ပြုပါဦး"

ရထားလုံးပိုင်ရှင်က ပြုံးလိုက်၏။

"မင်းက သွားခွင့်ပြုဖို့ ခွင့်တောင်းတယ်၊ မင်းနဲ့ငါနဲ့ ဘာမှ မသက်ဆိုင်တဲ့အတွက် မင်းကို ငါကလည်း ခွင့်ပြုသင့်တာပေါ့၊ ဒါပေမဲ့ ..."

ရထားလုံးပိုင်ရှင်၏စကားမှာ ထိုနေရာတွင် ရပ်ဆိုင်းသွား၏။ သူက ကျောက်ဝူအား ကြင်နာသောလေသံဖြင့် ဆက်ပြော၏။

"မင်း စိတ်ရှည်သလား၊ စိတ်တိုသလားဆိုတာ အခုအချိန်နဲ့ စမ်းသပ်ဖို့ လိုအပ်တယ်လို့ ထင်ပါတယ်၊ တကယ်လို့များ မင်းဟာ စိတ်ရှည်ရှည်နဲ့ ဒီည ဒီမှာဆက်နေမယ်ဆိုရင် မင်းအတွက် စိတ်ဝင်စားစရာကိစ္စကလေးတွေကို မင်းတွေ့ရမယ်လို့ ငါထင်တယ်၊ ငါက ဗေဒင်ဆရာမဟုတ်ဘူးနော်၊ မုချတွေ့ရလိမ့်မယ်လို့လည်း ငါ မပြောဘူး၊ မင်း စိတ်မဝင်စားရင်တော့ မင်းလိုရာကို ဆက်သွားနိုင်ပါတယ်"

ကျောက်ဝူ တွေဝေသွားသည်။ သို့သော် ... ရထားလုံးပိုင်ရှင်မှာ သူ စတွေ့ကတည်းက သူ့ကို တစ်ခုပြီး တစ်ခု အံ့ဩစေခဲ့သည်။ ထို့ကြောင့် ပိုင်ရှင်၏စကားကို သူက စိတ်ဝင်စားသည်။

ရထားလုံးပိုင်ရှင်က စကားဆက်လေ၏။



ထိုစကားကြောင့် ကျောက်ဝူသည် ဤည ဤနေရာ၌ ဆက်နေရန် ဒုံးဒုံးချဆုံးဖြတ်လိုက်တော့၏။

"ငါ့လို ဒုက္ခိတတစ်ယောက်ဟာ ညီ့သည်ကို အလွန်လို လားတယ်၊ ညီ့သည်ကိုလည်း ကောင်းကောင်းမွန်မွန် ညီ့ခံချင်တယ်၊ ဒါကြောင့် မင်းဆက်နေမယ်ဆိုရင် အကျိုးရှိမယ်လို့ ငါပြောရဲပါတယ်"

ကျောက်ဝူသည် ရထားလုံးပိုင်ရှင်ကို ဦးညွတ်ဂါရဝပြုလိုက်လေ၏။

✵ ✵ ✵

## အခန်း (၂၅)
## မြင်ကွင်းကိုပြောင်းလဲခြင်း

ယနေ့ည ...။

ယနေ့ည၌ မည်ကဲ့သို့သော လူသားများ ရောက်ရှိလာမည်နည်း။

ယနေ့ည မည်သို့ဖြစ်ပျက်လာမည်ကို သူ မသိပါချေ။

အလွန့်အလွန်အံ့သြဖွယ်ရာများ မြင်ရတော့မည်ဟုတော့ သိနေသည်။

သူသည် ယနေ့အဖို့ ဒဏ္ဍာရီပုံပြင်ထဲသို့ ရောက်နေသည့်အလား ခံစားရသည်။

ပြန်စဉ်းစားကြည့်သောအခါ ...

ဤရထားလုံးထဲ စရောက်ကတည်းက သူသည် ဒဏ္ဍာရီထဲသို့ ရောက်ရှိသွားခြင်းဖြစ်လေ၏။

အလွန်ကျယ်ဝန်းခန့်ညားလှသော ရထားလုံးတစ်စင်းထဲ၌ အလွန်ထူးဆန်းပြီး ဒဏ္ဍာရီတဖြစ်နေသော ပိုင်ရှင်တစ်ယောက် စသည်တို့နှင့် ကြုံတွေ့နေသဖြင့် ဤအကြောင်းအရာများကို သူက မေ့နိုင်မည်မဟုတ်ပါ။

ထို့ပြင် ...

ထိုရထားလုံးပိုင်ရှင်၏ အံ့ဖွယ်အစွမ်းများကိုလည်း သူ့ဘဘစုခံက ပြောပြခဲ့ပါသည်။

သို့သော် ...

ရထားလုံးပိုင်ရှင်က သူသည် ဗေဒင်ဆရာတစ်ယောက်မဟုတ်ပါဟု ဆိုခဲ့လေ၏။

ယနေ့ညမှာ သူက မည်ကဲ့သို့ ထူးဆန်းသည့်လူများ၊ ထူးဆန်းသည့်ကိစ္စများ ကြုံတွေ့ရဦးမည်ကို စောင့်စား၍ နေလေတော့သည်။

ယခု ...

ကြားသိရသည့်အဖြစ်အပျက်များမှာ ဆန်းကြယ်လွန်းလှသဖြင့် သူ့ဘဝတစ်သက်တာ၌ မှတ်တမ်းတင်ခဲ့ရလေ၏။

ယခင် ... သူကြုံတွေ့ရသည့် မည်းတူဘွားဘွား၊ သူမ၏သား၊ အဆိပ်သူတော်ကောင်းနှင့် သက်ခြေကင်းသမားတို့သည် ဘာမျှ မဟုတ်တော့ချေ။ အသေးအမွှား ကလေးကစားစရာကဲ့သို့ ဖြစ်သွားသည်။

ကွပ်ပျစ်ရှည်၏နောက်ကျောတွင် သေးငယ်သော ရွှေရောင်

ခေါင်းလောင်းတစ်လုံး ချိတ်ထားသည်။

ပိုင်ရှင်သည် စားပွဲပေါ်မှ ဘုကလေးတစ်ချောင်းကိုကောက်ယူပြီး ရွှေခေါင်းလောင်းကို တစ်ချက်ခေါက်လိုက်သည်။

ထို့နောက် ...

သူက ကျောက်ဝူအား ရှင်းပြသည်။

"ခေါင်းလောင်းခေါက်တယ်ဆိုတာ ကျုပ်က လူခေါ်လိုက်တာ ဖြစ်တယ်၊ ခေါင်းလောင်းသံတစ်ချက်ဆိုရင် ဘုရင်ရဲ့အိမ်တော်ထိန်း ဝူချင်ကို ခေါ်တာပဲ"

ခေါင်းလောင်းသံဆုံးသွားသည်နှင့် တစ်ပြိုင်နက် ရထားလုံး၏ တံခါးပေါက်ဝတွင် လူတစ်ယောက် ဘွားခနဲပေါ်လာသည်။

ထိုလူသည် အဘယ်ကြောင့် ယခုကဲ့သို့ လျင်မြန်စွာ ပေါ်လာသည်ကို ကျောက်ဝူက အလွန်အံ့သြစွာ ကြည့်နေ၏။

ဤအနီးအနား၌ လူတစ်ယောက်မျှ မရှိသည်ကို ကျောက်ဝူသိထား၏။

ထိုလူမှာ ...

လူသန်ကြီးတစ်ယောက်ဖြစ်သည်။

အလွန်အရပ် ရှည်သည်။

အရပ်သာရှည်သည်ဟု မပြောနိုင်ပါ။ အလုံးလည်း ရှိပါသည်။ အလုံးအရပ်ရှိသော လူတစ်ယောက်ဖြစ်ပါ၏။ သူ၏အရပ်မှာ



ကိုးပေရှိသည်။

အပေါ်အင်္ကျီ ကို ဗလာထားပြီး အနီရောင်ဘောင်းဘီတိုတစ်ထည်သာ ဝတ်ဆင်ထားသည်။ အဆင်အပြင်မှာလည်း ထူးခြားနေသည်။

သူ၏ဦးခေါင်းပေါ်တွင် ဆံကေသာ တစ်ဆုပ်စာမျှသာ ထောင်၍ကျစ်ထားသည်ကို တွေ့ရလေ၏။

ကျန်ရှိသောနေရာမှာ ခေါင်းတုံးတုံးထားသည်။

သူ၏ မျက်လုံးအစုံသည် ကြက်ဥအရွယ်ပမာ ပြူးကျယ်နေ၏။

ထိုလူ၏ အလုံးအရပ်၊ အဝတ်အစား ဆင်ယင်ထုံးဖွဲ့မှုနှင့် မျက်လုံးအနေအထားများကို တွေ့သူတိုင်း နှစ်ခါပြန်မက လှည့်ကြည့်ရမည့်သူဖြစ်နေလေ၏။

ထိုလူထူးလူဆန်းကြီးအကြောင်းမှာ ဤမျှနှင့် မပြီးသေးပါ။ ကျောက်ဝူသည် ဆက်လက်မြင်တွေ့နေရသည်။

ကြီးမားသော နှာခေါင်း၊ ကျယ်လှသောပါးစပ်၊ နားနှစ်ဖက်မှာလည်း ရွှေနားကွင်းတစ်ကွင်းစီ ပန်ထားသေးသည်။

သူ၏လက်မောင်းနှစ်ဖက်နှင့် ရင်ဘတ်တို့မှာ သံမဏိအစိုင်အခဲများပမာ ကြွက်သားများ အဖုအထစ်ဖြင့် ဖောင်းနေ၏။

မည်သည့်နပမ်းသမားနှင့်ယှဉ်ယှဉ် သူက သာမည် ဖြစ်ပါ

သည်။

သူသည် လက်ချည်းဗလာသက်သက်မဟုတ်ပါ။ သူ၏ခါးတွင် ဓားကောက်တစ်လက် ချိတ်ထားသည်။

သူ့အား မြင်တွေ့လိုက်သည်နှင့် တောရိုင်းတိရစ္ဆာန်တစ်ကောင်ပမာ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

ထိုလူသန်ကြီးသည် ရထားလုံးရှင်ရှေ့တွင် ဒူးထောက်အရိုအသေပြုလိုက်ပြီး ပိုင်ရှင်၏ခြေထောက်မှာ ဝတ်ဆင်ထားသော ဖိနပ်ကို ဖုန်သုတ်ပေးလိုက်၏။

ပိုင်ရှင်က လူသန်ကြီးအား မျက်နှာထားတည်ကြည်စွာဖြင့် ကြည့်လိုက်သည်။

"သန်းခေါင်ယံအချိန် ရောက်ပြီလား"

လူသန်ကြီးက ထရပ်လိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ရောက်ပါပြီသခင်"

သူ၏အသံသည် တစ်မျိုးဖြစ်နေသည်ကို သူက သတိပြုမိလိုက်သည်။

လူသာမန်တို့၏အသံမျိုးမဟုတ်ပေ။ တစ်နည်းတစ်ဖုံ ဆန်းကြယ်နေသည်။

ပိုင်ရှင်က မေးလိုက်၏။ တိုတိုနှင့်လိုရင်းပင် ...။

"အားလုံး အသင့်ရှိပြီလား"



လူသန်ကြီးက ပြန်ပြောသည်။

"အသင့်ရှိနေပါပြီသခင်"

"ကောင်းပြီ ... အားလုံးစနိုင်ပြီလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့သခင်"

လူသန်ကြီးသည် ထပ်မံဒူးထောက်၍ အရိုအသေပြုလိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

သူ အရိုအသေပြုပုံမှာ အချိုးကျ၊ ခေါက်ရိုးကျိုးလှကြောင်း သူ စတင်အရိုအသေပေးစဉ်ကပင် ကျောက်ဝူ တွေ့ရှိခဲ့ရလေ၏။

ပိုင်ရှင်က ကျောက်ဝူအား ကြည့်လိုက်သောအခါ ကျောက်ဝူက အံ့သြစွာဖြင့် ကြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

ရထားလုံးပိုင်ရှင်က အသာအယာ ပြုံးလေ၏။ သူက ရှင်းပြလိုက်သည်။

"မင်းက သူ့ကိုတွေ့ပြီး အံ့သြနေမယ်လို့ထင်တယ်၊ သူ့အရပ်က သိပ်ရှည်တာကိုး"

ပိုင်ရှင်က ဆက်ပြောပြလေ၏။

"သူ့အဖေဟာ ဖိုစူလူမျိုးပါ၊ သူကတော့ စစ်သူကြီးတစ်ယောက်ဆီမှာ စစ်မှုထမ်းတယ်၊ တစ်နေ့ သူဟာ ဥပဒေကိုကျူးလွန်မိလို့ သေဒဏ်ပေးခြင်းခံရတယ်၊ သေဒဏ်ဆိုတာ ချိုမြိန်တဲ့အရသာရှိတဲ့အရာမှ မဟုတ်ဘဲကွယ်"

ကျောက်ဝှက မျက်မှောင်ကြုတ်သွားသည်။ သူက ချက်ချင်း မေးမြန်းလိုက်၏။

"သူ့ကို သေဒဏ်ခတ်လိုက်တာ သူ ဘယ်လိုလုပ် လွတ်မြောက်လာတာလဲ၊ တစ်ခုခုတော့ အကြောင်းရှိမယ်"

ရထားလုံးပိုင်ရှင်က ...

"အမှန်တော့ စစ်သူကြီးရဲ့ အမိန့်ကို ဘယ်သူကမှ ပြုပြင်လို့မရဘူး၊ ငါက သူ့ကိုသနားလို့ အလွန်တန်ဖိုးရှိတဲ့ မြင်းတစ်ကောင်နဲ့ သူ့အသက်ကို လဲလိုက်တာလေ"

သူက ဆက်၍ရှင်းပြလိုက်သည်။ ဆက်၍လည်း ရှင်းပြရန် လိုအပ်ပါ၏။

စစ်သူကြီးသည် သူချမှတ်သော ပြစ်ဒဏ်ကို မြင်းတစ်ကောင်နှင့် လဲလိုက်သည်မဟုတ်ပါလော။

"စစ်သူကြီးဟာ မြင်းကောင်းတယ်ဆိုရင် အလွန်မက်မောတယ်၊ ဒါကြောင့် သူ့အသက်ကို ချမ်းသာပေးလိုက်တာ"

ထိုအခါမှ ကျောက်ဝှသည် အကျိုးအကြောင်းကို သိခွင့်ရလေတော့၏။

စုခုံက ပိုင်ရှင်အား ပြောလိုက်လေ၏။ ကျောက်ဝှ ကောင်းဖို့အတွက် ပြောပေးခြင်းဖြစ်သည်။

"သူက ခင်ဗျားနဲ့လာတွေ့တော့ သူ ကံကောင်းတယ်လို့



ခေါ်ရမှာပေါ့၊ ခင်ဗျားလည်း အပါးတော်မြဲတစ်ယောက် ရတယ်၊ သူဟာ ခင်ဗျားစိတ်ကြိုက်မယ့်လူလို့ ကျုပ်ထင်ပါတယ်"

ပိုင်ရှင်က ပြောလေ၏။

"သူက ကျုပ်ရဲ့ အပါးတော်မြဲမဟုတ်ဘူး၊ ခင်ဗျား အထင်မှားနေတာဗျ"

ကျောက်ဝှက ကြားဖြတ်မေးလိုက်သည်။ သူက အကျိုးအကြောင်း ဟုတ်,မဟုတ်ကို သိချင်သည်။

"ဒါဖြင့် ဘာလဲခင်ဗျာ"

ပိုင်ရှင်က ပြတ်သားစွာပြောလေ၏။

သူ့စကားမှာ ပြတ်သားတိကျလှသဖြင့် မည်သူမျှ ထပ်မံမမေးဝံ့အောင် ဖြစ်သွားသည်။

"ကျေးကျွန်"

သူက ဖြည့်စွက်ပြီးပြောသည်။

"သူဟာ ကျုပ်အတွက် အားလုံးအပြည့်ခံပဲ၊ သူ့ကို ဘာမဆိုစေခိုင်းနိုင်တယ်၊ သူ့အသက် စွန့်လွှတ်ရမည့်ကိစ္စမျိုးအထိ ဆိုပါတော့"

ကျောက်ဝှက ပြောလိုက်၏။

"ဒီလိုဆိုရင် လူကြီးမင်းဟာ သူ့ကို ဘာမဆို ပိုင်နေတာပဲ၊ လူကြီးမင်းရဲ့ ပထမစကားအရ လူကြီးမင်းဟာ သူ့အသက်ကိုတောင်

ပိုင်နေတယ်ဆိုပါတော့"

ရထားလုံးပိုင်ရှင်က ခေါင်းညိတ်၏။

"မင်းစကားဟာ အတိအကျပါပဲ"

ထိုအချိန်မှာပင် မှောင်မည်းသော တောအုပ်တစ်ခုလုံးမှာ မီးရောင်များ လင်းထိန်လာသည်။

အံ့ဩစရာကောင်းသည့်အချက်မှာ ...

ရထားလုံး၏ ပတ်ဝန်းကျင်၌ရှိနေသော သစ်ပင်များမှာ ရုတ်တရက် မြေပေါ်သို့ တစ်ပင်ပြီးတစ်ပင် ထူးထူးခြားခြား လဲကျသွားခြင်း ဖြစ်သည်။

ထို့နောက် ...

အလုံးကြီးသောကြိုးများဖြင့် သစ်ပင်များကို ဆွဲယူသွားသည်။

မည်သို့သောယာဉ်ဖြင့် ဆွဲသွားသည်ကိုတော့ မတွေ့ရချေ။

ထိုတောအုပ်တစ်ခုလုံးမှာ တစ်ခဏအချိန်အတွင်း သစ်ပင်တစ်ပင်မှ မရှိတော့ဘဲ မြင်ကွင်းကျယ်မြေပြင်အဖြစ်သို့ ပြောင်းလဲသွားတော့သည်။

ကျောက်ဝူသည် မိမိ၏မျက်လုံးကိုပင် မယုံကြည်နိုင်အောင် အံ့ဩသွားသည်။

သစ်တောအုပ်ကြီးလို မြင်ခဲ့ရပြီး တစ်ခဏချင်း ကွင်းပြင်



ဖြစ်သွားသည်ကို အံ့ဩစဖွယ် သူ တွေ့မြင်နေရသည်။

ရထားလုံးပိုင်ရှင်၏မျက်နှာပေါ်တွင် အလွန်ကျေနပ်သော ဟန်မူရာများ ဖြစ်ပေါ်နေသည်။

ပိုင်ရှင်၏အစီအမံကို သူငယ်သားများက အကောင်အထည် ဖော်ပေးကြခြင်း ဖြစ်ပါသည်။

စုခုံ သက်ပြင်းချလိုက်သည်။

"အင်း ... ခင်ဗျားဟာ တကယ့်လူတွေကို ရွေးထားတာပဲ"

"လူသန်ကြီး ဝူချင်လို လူမျိုး၊ မြင်းတစ်ကောင်မပြောနှင့် ... မြင်းဆယ်ကောင်နဲ့တောင် လဲလို့ရနိုင်သေးတယ်၊ အခု မြင်ကွင်းမျိုးကို ကျုပ်တို့တစ်သက်မှာ မြင်ဖို့ဆိုတာ မလွယ်ပါဘူး၊ ခင်ဗျားက တော့ ဒီလိုမြင်ကွင်းမျိုးကို လွယ်လွယ်လေးလုပ်နိုင်တယ်၊ ကျုပ် ရင်သပ် ရှုမောအံ့ဩပါတယ်ဗျာ"

ရထားလုံးပိုင်ရှင်က ကျေနပ်စွာ ပြုံးလိုက်လေ၏။

* * *

## အခန်း (၂၆)
## ထူးဆန်းသောဈေးသည်များ

တဖွဲဖွဲ ရွာသောမိုးသည် လုံးဝရပ်သွားလေ၏။

မိုးတိတ်သွားသောအချိန် ရထားလုံးတစ်စီး၊ သစ်တော အဖြစ်မှ ကွင်းပြင်အဖြစ် ပြောင်းလဲသွားသောမြင်ကွင်း ...။

ထိုအချိန် ဈေးသည်၏အော်သံတို့ ပေါ်လာတော့သည်။

"အမဲသားကင် မွှေးမွှေးလေးရမယ်"

"ဖက်ထုပ်ကြော်ရမယ်"

ထိုအသံမျိုးမှာ ရပ်ကွက်ကျေးရွာအတွင်း၌ ကြားရတတ်သောအသံမျိုးသာ ဖြစ်ပါ၏။

ယခု ... လူသူမနီးသော တောတစ်ဖြစ်လဲ ကွင်းပြင်၌ ကြားလိုက်ရသဖြင့် ကျော်ဂူ အလွန်အံ့ဩသွားလေ၏။

ထိုအသံနှင့်အတူ ခမောက်ဆောင်းထားသော လူတစ်ယောက်သည် အထမ်းနှင့် မြေကွက်လပ်သို့ လှမ်းဝင်လာ၏။

ထိုသို့သော ဈေးသည်မျိုးသည် ကျနံနန်နယ်၌ အချိန်မရွေး



တွေ့နိုင်၏။ အများပြည်သူနေထိုင်သော ရပ်ကွက်များ၌ တွေ့နိုင်ပါ၏။

သို့သော် ယခုကဲ့သို့ ခေါင်သောနေရာမှာ ထိုဈေးသည်က အဘယ်ကြောင့် ရောက်လာသနည်း။

ဝယ်မည့်သူ လုံးဝမရှိပါ။ မည်သူဝယ်မည်ကို ကျော်ဂူ စဉ်းစား၍ မရပါ။ မည်သူက ဝယ်မည်နည်း။

ထိုလူက အထမ်းကိုချလိုက်သောအခါ ဈေးသည်တစ်ယောက်၏အော်သံကို ကြားလိုက်ရသည်။

ထိုအသံသည်လည်း ကျော်ဂူအတွက် အံ့ဩစရာပင်။

"ပဲနီလေးရမယ် ... သကြားပဲပြားရမယ်"

ထိုစကားနှင့်အတူ ပိန်ပိန်ရှည်ရှည် အဘိုးအိုတစ်ယောက်သည် အထမ်းကလေးထမ်း၍ ရောက်လာပြန်လေတော့သည်။

သူက အံ့ဩနေစဉ် ...

အော်သံနှင့်အတူ ဈေးသည်တို့သည် တစ်ယောက်ပြီးတစ်ယောက် အထမ်းကိုယ်စီဖြင့် ရောက်လာကြလေ၏။

ဈေးသည်များ၏ရောင်းကုန်များမှာ မတူညီကြချေ။ ထိုဈေးသည်တို့သည် စုံလင်လှ၏။ ပစ္စည်းစုံလင်စွာ ရောင်းချလာသူများ ဖြစ်ကြသည်။

ခေါက်ဆွဲသည် ...၊

ကြက်သားသည် ...၊

ပြည်ကြီးငါးရောင်းသောလူ ရှိ၏။

ထို့နောက်လည်း ... ဈေးသည်များမှာ တစ်ဦးပြီးတစ်ဦး ရောက်လာနေကြသည်။

ဈေးသည်တို့သည် မရေတွက်နိုင်အောင် များပြားလှ၏။ ထိုကျယ်ပြန့်သော မြေကွက်လပ်တွင် ယာယီဈေးတစ်ခု ဖြစ်သွားလေတော့၏။ ထိုဈေးသည်များရှိသည်မှာ မှန်၏။

ယခင်က သစ်ပင်များ။ ဝယ်စားမည်ဆိုလျှင်တော့ ဈေးသည်များရောက်လာသည်မှာ မှန်၏။ ယခု ကွင်းပြင်ဖြစ်နေလေပြီ။

ကျောက်ဇူသည် သူတို့ကိုကြည့်၍ ငေးငိုင်သွားမိသည်။ သူ စဉ်းစား၍ အဖြေမထွက်ဘဲ ဖြစ်နေ၏။

ထိုဈေးသည်တို့သည် အဘယ်ကြောင့် ဤနေရာသို့ စုဝေးရောက်ရှိလာ သနည်း။ တစ်ဆင့်ဆက်တွေးလိုက်ပါက ... မည်သူက သူတို့၏အစားအသောက်တို့ကို ဝယ်ယူပါမည်နည်း။

ဤနေရာမှာ လူပေါင်း ၃၀ ကျော်မျှသာ ရှိ၏။ ထိုလူများကိုလည်း ရထားလုံးပိုင်ရှင်က မမြင်အောင် ဝှက်ထားသေးသည်။ ရောက်လာသောဈေးသည်တို့မှာ တစ်ရာမကအောင်ရှိ၏။

သူကြည့်နေစဉ် ထိုဈေးသည်တို့သည် ရောင်းချသော အစားအသောက်တို့ကို စက္ကူဖြင့် ထုပ်၍သော်လည်းကောင်း၊ အရည်ပါ



သော စားစရာတို့ကို ပန်းကန်နှင့်ထည့်၍သော်လည်းကောင်း၊ ရထားလုံးပိုင်ရှင်ဆီကို လာ၍ စားသောက်ပါမည်လား မေးကြသည်။

ရထားလုံးပိုင်ရှင်က မေးသူတိုင်းကို ပြုံးမပြချေ။ အချို့သူများကိုသာ ပြုံးပြ၏။ ပိုင်ရှင်က သူတို့ကို ပြုံးပြလျှင် အပြုံးခံရသူသည် ဆုလာဘ်များ ရရှိသည့်အလား ဝမ်းသာစွာဖြင့် ထွက်သွားကြလေတော့သည်။

ကျောက်ဇူမှာ သူ့ကိုယ်သူ ဒဏ္ဍာရီပုံပြင်ထဲရောက်ရှိနေလေပြီဟု ယုံကြည်ရီတော့သည်။ သူသည် မိမိ၏မျက်လုံးတို့ကိုပင် မယုံကြည်နိုင်ဘဲ ရှိနေလေ၏။

ဤအဖြစ်အပျက်မျိုးကို ပြင်ပ၌ သင်ကိုယ်တိုင် ကြုံတွေ့နိုင်ပါမည်လော။ ထို့နောက် ဈေးသည်တို့သည် မြေကွက်လပ်ပေါ်တွင် ထိုင်ချ၍စားသောက်ကြလေ၏။

သူတို့၏အရောင်းဈေးကွက်ကို ကျောက်ဇူ သဘောပေါက်သွားလေ၏။ သူတို့ပစ္စည်းများကို ဝယ်စားမည့်သူမရှိလည်း သူတို့မပူကြပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကုန်ဖလှယ်သည့်စနစ်ကို သုံးမည့်သူများ ဖြစ်နေပါလေ၏။ သူတို့သည် တစ်ယောက်၏အစားအစာကို တစ်ယောက်က ယူစား၍ အစားအသောက်ချင်း ဖလှယ်ကြသည်။ သူ့ပစ္စည်းကိုယူ၍ ကိုယ့်ပစ္စည်းကိုပေးကြသည်။ သူတို့ကို ကြည့်ရသည်မှာ အလွန်ပျော်နေပုံရလေ၏။

ကျောက်ဝှသည် တဖြည်းဖြည်း အတွေးပေါက်သွားမိလေ၏။ တွေးလေ စဉ်းစားလေလေ ပို၍ဆင်ခြင်လာမိသည်။

သူက ကြည့်၍ သံသယဖြစ်လာ၏။ ထိုလူတို့သည် ဈေးသည်အမှန်မှ ဟုတ်ပါစ။ ဤကား သူ့အတွေးပင်တည်း။ သူတွေးသည့်အတွေးမှာ မှန်ကန်နိုင်ပါ၏။

အကြောင်းမှာ သူသည် ဈေးသည်များထဲမှာ နေကြာစေ့လှော်ရောင်းသောဈေးသည်ကို မြင်မိခြင်းကြောင့်ဖြစ်သည်။ အဘယ်ကြောင့် နေကြာစေ့လှော်ရောင်းသည့်အဘွားအိုကို သူ ဂရုစိုက်ကြည့်မိရသနည်း။ ထိုဈေးသည်မှာ အဘွားအိုတစ်ယောက်ဖြစ်၏။ သူမင်္ဂလာဆောင်သောနေ့၌ သူနှင့်အကြွေးများရှင်းခဲ့သော မည်းတူဘွားဘွားပင်ဖြစ်နေလေသည်တကား။

မည်းတူဘွားဘွားသည် သိုင်းလောက၌ ထိပ်တန်းအဆင့်ရှိပေ၏။ ဘဘစုခံက ရထားလုံးပိုင်ရှင်လက်အောက်တွင် ထိပ်တန်းသိုင်းသမားများစွာ ရှိနေသည်ဟု ပြောကြားခဲ့သည်။ အဘစုခံသည် ဤရထားလုံးပိုင်ရှင်၏အကြောင်းကို သူမသိပါ။ နာမည်ပင် မသိပါဟု ပြောဆိုခဲ့သော်လည်း အကြောင်းအရာများစွာကိုတော့ သိထားပါသည်။ ထို့ကြောင့် ဘဘစုခံက ပြောစကားများကိုလည်း သူထည့်သွင်းစဉ်းစားရသည်။

ကျောက်ဝှသည် စားပွဲပေါ်မှာ စုံလင်စွာချထားသော အစားအစာတို့ကို အားရစွာစားသည်။ အစားအသောက်များသည် မည်ကာမတ္တစားစရာများ မဟုတ်ပါ။ အရသာရှိသော စားသောက်ဖွယ်ရာများဖြစ်ပါသည်။ ပိုင်ရှင်က သူ့ကိုကြည့်၍ ပြုံးသည်။



"မင်းကို သဘောကျသွားပြီ၊ လူတစ်ယောက်ဟာ မဟုတ်တာလုပ်ခဲ့ရင် သူက အစားအသောက်မှာ ကောင်းကောင်းစားနိုင်တဲ့သဘောရှိတယ်"

သူပြောသောစကားတို့သည် ထူးဆန်းသည်ဟု ထင်ရသော်လည်း မှန်သည့်သဘောရှိ၏။ ကျောက်ဝှ၏စိတ်ထဲတွင် တစ်မျိုးခံစားလိုက်ရသော်လည်း ထိုစကားကိုလက်ခံ၏။ ပိုင်ရှင်သည် ကျောက်ဝှက ဈေးသည်များကို လှေလာနေကြောင်းတွေ့သည်။ သူက

"ကဲ … ဒီလူတွေကိုကြည့်ပြီး မင်း စိတ်ဝင်စားသလား"

သူ ကျောက်ဝှကိုကြည့်ပြီး မေးခြင်းဖြစ်သည်ကို ကျောက်ဝှသိသည်။ ထို့ကြောင့် ကျောက်ဝှက …

"စိတ်ဝင်စားဖို့ ဘာမှမရှိပါဘူး၊ အချင်းချင်း အစားအသောက် ဖလှယ်တာကို စိတ်ဝင်စားစရာကောင်းတယ်လို့ မဆိုနိုင်ဘူး။ စိတ်ဝင်စားစရာကောင်းတယ်ဆိုတာက တစ်မျိုးလေ၊ အားလုံးလူစိမ်းတွေက လူမရှိတဲ့နေရာမှာ လာရောင်းတယ်ဆိုရင်တော့ တစ်မျိုးပေါ့"

ပိုင်ရှင်က ပြုံးလိုက်၏။

"မင်း စိတ်မဝင်စားဘူးဆိုပါတော့၊ ဒါပေမဲ့ မင်း တွေ့လာမှာပါ"

ကျောက်ဂူသည် စိတ်ဝင်စားဖွယ်ကောင်းသော အရာတစ်ခုမျှ မတွေ့ရပါ။ သူသည် ဈေးတန်းမှ လူများကိုကြည့်နေသည်။

ထိုစဉ် ဈေးသည်အားလုံးက ပိုင်ရှင်ကိုလာ၍ နှုတ်ဆက်ကြ၏။ နှုတ်ဆက်သံတို့ ပျောက်သွားသော်လည်း ဈေးသည်တို့သည် ပါရှိလာသော သူတို့၏အထမ်းတို့ကို သယ်သွားခြင်းမပြုဘဲ ထားခဲ့သည်ကိုတွေ့ရ၏။ ထိုဈေးသည်မျိုးကို သင်တွေ့ဖူးပါသလား။ မည်သည့်ဈေးသည်မျှ ကိုယ့်ပစ္စည်းကို မထားခဲ့ပါ။ သူတို့ မေ့လျော့သွား၍လော ...။ ကျောက်ဂူ မနေနိုင်၍မေး၏။

"သူတို့ပစ္စည်းတွေ ဘာကြောင့် ထားပစ်ခဲ့ရတာလဲ"

ပိုင်ရှင်က ...

"ဒါဟာ သူတို့ ငါ့ကို လက်ဆောင်ပေးဖို့ယူလာတာ၊ ဘာလို့ ပြန်ယူသွားရမှာလဲ၊ ဈေးရောင်းတယ်ဆိုတာ ဟန်ပြပဲ၊ ဘယ်မှာဝယ်သူရှိလို့လဲ"

ကျောက်ဂူက ...

"တော်တော်ထူးဆန်းတာပဲ၊ လူကြီးမင်းဟာ ဘယ်လောက်ချမ်းသာသလဲဆိုတာ ကျွန်တော် မပြောနဲ့ ဘဘစုခုံတောင် ခန့်မှန်းနိုင်မှာ မဟုတ်ဘူး၊ သူတို့က လူကြီးမင်းကို ဘာကြောင့်လက်ဆောင်ပေးရသလဲ"



ရထားလုံးပိုင်ရှင်က ...

"ငါ့ရဲ့တပည့် သုံးဆယ်နဲ့ မြင်းအကောင် ရှစ်ရာကို ကျွေးဖို့လာပေးတာ၊ သူတို့လက်ဆောင်လာပေးတာဟာ များတယ်လို့ မဆိုနိုင်ပါဘူး"

ကျောက်ဂူက ...

"မြင်းစာတွေလည်း မတွေ့ပါလား"

ရထားလုံးပိုင်ရှင်က ရယ်ပြီးပြောသည်။

"ပါပါတယ်၊ မင်း သူတို့ကို ဘယ်တွေ့မလဲ၊ သူတို့က ဒီလူတွေရဲ့နောက်မှာပါ"

ထိုအချိန်မှာပင် အပြင်ဘက်မှ လူတစ်ယောက်၏အသံထွက်ပေါ်လာ၏။ ထိုအသံမှာ မိုးခြိမ်းသည့်ပမာ ဝန်းကျင်တစ်ခုလုံးကို ဟိန်းသွားသည်။

"မင်း ဒီမှာရှိမယ်ဆိုတာ ငါသိတယ်၊ ငါ့ကို ရှောင်လို့ ဘယ်ရမတုံး"

ရထားလုံးအတွင်း တုန်သွားလေ၏။

✸ ✸ ✸

## အခန်း (၂၇)
## လောင်းကစားခြင်း

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

ရယ်မောသံတစ်သံကို စတင်ကြားလာ၏။ ရယ်သံမှာ ပထမ၌ သိပ်မပီပြင်ပါ။ နောက်၌ တဖြည်းဖြည်း ကျယ်လောင်လာသည်။ ရယ်သံနီးလာသည့်သဘောပေတည်း။

ရယ်သံမှာ အလွန်ကျယ်လောင်လှသဖြင့် မည်သည့်လူမျိုး ရယ်သည်ဖြစ်မည်ကို ကျောက်ဂူ သိချင်သည်။ သို့သော် ရယ်သံသာ ကြားနေရသည်။ လူကိုတော့ မမြင်ရသေးပေ။ တဖြည်းဖြည်း ရယ်သံ ကျယ်လောင်လာသောအခါမှ လူကိုလည်း မြင်လာရသည်။

ရယ်မောသံဆုံးသွားသောအခါ လူတစ်ယောက်သည် ရထားလုံးရှေ့သို့ရောက်ရှိလာသည်။ ထိုလူကို မြင်ရသောအခါ ကျောက်ဂူ လွန်စွာအံ့ဩသွား၏။ အဘယ်ကြောင့်ဆိုသော် ထိုလူမှာ လူပျင်းကြီးဖြစ်သောကြောင့်တည်း။



ထိုလူ၏အရပ်မှာ လူသန်ကြီးလူပင်ထက်ပင် ရှည်သည်။ လူပင်ထက် ကိုယ်လုံးကြီးသည်။ လူ့ဘီလူးကြီးတစ်ကောင်ပင်။ သူ၏ လက်တစ်ဖက်တွင် ဆန်တစ်တင်းဆန့်သော ဂုန်နီအိတ်တစ်လုံးပါ၏။ ကျန်လက်တစ်ဖက်မှာလည်း အိတ်တစ်လုံးပါ၏။ ထိုအိတ်များထဲတွင် မည်သည့်ပစ္စည်း ပါလာသည်မသိပါ။

သူသည် ပျံလွှားတစ်ကောင်ပမာ ပေါ့ပါးလျင်မြန်စွာဖြင့် ရောက်ရှိသွားခြင်းဖြစ်သည်။ လူ့ဘီလူးတမျှ ဧရာမကြီးကို ပေါ့ပါးစွာ ပြေးလွှားနိုင်သည့်အဖြစ်မှာ အံ့ဩစရာပင်။

ကျောက်ဂူသည် လူရိပ်တစ်ခုကို ရိပ်ခနဲမြင်တွေ့သည်။ ထိုလူ့ဘီလူးကြီးကို ကြိုတင်မြင်ခဲ့ခြင်း မဟုတ်ပေ။ ယခုမှ ရိပ်ခနဲမြင်ပြီး အခြေအနေမှန်ကို သိရခြင်းဖြစ်ပါသည်။ ထိုလူက အနီးသို့ရောက်ရှိနေပြီ ဖြစ်သည်။

ထိုလူ၏ လျင်မြန်ပုံကို လေနှင့်အတူ ခိုင်းနှိုင်းနိုင်သည်။ ယခုလမှာ လေးလပိုင်း ဖြစ်သည်။ ရာသီဥတုမှာ နွေဦးဖြစ်သည်။ ထို့ကြောင့် ပူအိုက်သောရာသီလည်းဖြစ်၏။

သို့သော် ထိုလူ၏ကိုယ်ပေါ်တွင် သိုးမွေးအထူအကျီဝတ်ထားသည်။ အအေးဒဏ်ကိုကာကွယ်ရန် ဝတ်ထားခြင်းဖြစ်သည်။ ယခုအနေအထားမှာ အေးနေပုံရသည်။ ခြေထောက်မှာလည်း ဂုန်လျှော်ချည်ဖြင့် ယက်ထားသော ဖိနပ်ကိုဝတ်ဆင်ထား၏။

ထိုလူက ရောက်လျှင်ရောက်ချင်း ရထားလုံးပိုင်ရှင်၏နှာခေါင်းကို လက်ညှိုးထိုး၍ ရယ်မောလိုက်သည်။ သူ၏ပုံစံမှာ အောက်တန်းကျသည်။ ပိုင်ရှင်၏ဟန်ပန်မျိုး မဟုတ်ချေ။

"မင်း မဆိုးဘူး၊ မင်း ဒီလိုနေရာမျိုးရောက်လာလိမ့်မယ်လို့ ငါမထင်မိပါဘူး၊ မင်းရဲ့တပည့်တွေကိုလည်း ဈေးသည်အဖြစ် ရုပ်ဖျက်ပြီး လာနိုင်းတာ တော်တော်ကောင်းတဲ့ အကြံပါလား၊ မင်း ဒီလိုလုပ်လိမ့်မယ်လို့ ငါ လုံးဝထင်မထားဘူး။ မင်း တော်တော် တော်တာပဲ"

လူတိုင်းလူတိုင်း အလွန်လေးစားသော ထိုရထားလုံးပိုင်ရှင်ကို ယခု လူက လေးစားသောအသွင်သဏ္ဌာန်လုံးဝမရှိပါ။ မလေးစားသည့်အပြင် သူနှင့်အဆင့်တူသူတစ်ဦးကဲ့သို့ ပြောကြားလေ၏။ ရထားလုံးပိုင်ရှင်က ပျော်ရွှင်စွာ ရယ်လိုက်၏။

"အေး ... ခင်ဗျား ကျုပ်ကိုတွေ့သွားပြီကိုး၊ ခင်ဗျား တော်တယ်ဗျာ၊ ဒီနှစ်ထဲမှာ ခင်ဗျား ကျုပ်ကိုတွေ့အောင်ရှာနိုင်မယ်လို့ ကျုပ် ထင်မထားဘူး"

ထိုလူက ရယ်မောလိုက်၏။

"ငါ့ကို စိဝမ်လို့ နာမည်ပေးထားတာ အကြောင်းမဲ့လားကွာ၊ ငါဟာ ဘာကစား ကစား ရှုံးတတ်တယ်ဆိုတာ မှန်တယ်၊ ငါကလည်း နိုင်အောင် မကစားနိုင်ပဲကိုးကွ၊ ဒါပေမဲ့ ပစ္စည်းတစ်ခုကို တွေ့အောင်



ရှာတဲ့နေရာမှာတော့ ဘယ်သူမှ လိုက်မမီဘူးကွနော်၊ လူဆိုတာလည်း ပစ္စည်းတစ်မျိုးပါပဲ"

ရထားလုံးပိုင်ရှင်က ခေါင်းညိတ်သည်။

'မင်း ဘယ်လိုဘွဲ့ရထားသလဲ"

စိဝမ်က သူငယ်ချင်းပြော ပြန်ပြောသည်။

"မင်းလိုလူက ငါ့ကို ပြန်မေးရသလား ... မင်း သိနေတာပဲ"

"ငါသိပါတယ် ... မင်း ဘွဲ့ဟာ ပြိုင်စံရှားပါပဲ"

"မင်း တော်တော်နောက်တယ်၊ ပြောစရာရှိတာကို ပြောစမ်းပါ"

"မင်းကို သိုင်းလောကက ဘွဲ့တစ်ခုပေးထားတယ် မဟုတ်လား၊ 'သိုင်းလောက ပထမအရှုံးသမား' ဆိုတာ ဘယ်သူ့ကို ပေးထားတဲ့ဘွဲ့လဲ"

စိဝမ် ခေါင်းညိတ်သည်။

"ဒါကို ဝန်ခံတယ်"

ပိုင်ရှင်က

"ခက်တာတစ်ခုက သတ္တဝါတွေဟာ အကျင့်ကိုမဖျောက်နိုင်တာပဲ၊ လူပဲ သတ္တဝါတစ်မျိုးပဲကွ၊ မင်းဟာ လောင်းတိုင်း ရှုံးမှန်းသိနေပေမယ့်လည်း လောင်းနေတာပဲ၊ အကျင့်ကို မစွန့်နိုင်ဘူး၊ ဘာဖြစ်လို့ ဒီနေ့ ကျုပ်ဆီကို လာရတာလဲ"

စီဝမ်က ...

"လူတစ်ဦးဟာ အမြဲတမ်းကံဆိုးမနေဘူး၊ ကံကောင်းတဲ့ အလှည့်လည်းရောက်ဦးမှာပေါ့၊ လူ့ဘဝဟာ ငှက်ခါးပျံသလိုမျိုးလို့ ပြောတဲ့စကားရှိတယ်၊ ငါရှုံးတိုင်း အနိမ့်မှာပျံနေရတယ်၊ တစ်နေ့ အမြင့်မှာမပျံဘူးလို့ မင်းပြောနိုင်မလား"

ရထားလုံးပိုင်ရှင်က ရယ်လိုက်၏။ စီဝမ်က ...

"မင်း အဲဒီလို ကိုယ့်ကိုယ်ကိုယ် ထင်နေသလား၊ နေရာတိုင်းမှာ ချွင်းချက်ဆိုတာ ရှိတယ်၊ ချွင်းချက်အရ မင်းရှုံးနေတာဖြစ်မှာပေါ့"

"ထင်တာမဟုတ်ဘူး၊ ကံကောင်းမယ်ဆိုတာ သေချာတယ်၊ ဒါကို ငါသိတယ်၊ တစ်နေ့မှာ ငါ ကံကောင်းရမယ်၊ ကံမကောင်းဘဲ ငါမနေဘူးကွ"

ပိုင်ရှင်က ...

"မင်း ကျူပ်နဲ့လောင်းကစားဦးမလို့လား"

စီဝမ်က ...

"ဘာဖြစ်လို့ မကစားရမှာလဲ၊ ငါ့မှာ လောင်းကြေးတွေပါတယ်"

"ငါ့အိတ်ထဲက ပစ္စည်းတွေနဲ့ မင်းလူတွေထားခဲ့တဲ့ပစ္စည်းတွေ လောင်းမယ်လေ၊ တန်ဖိုးချင်း ညီကြတာပေါ့"

ကျောက်ဝူ အံ့အားသင့်သွားပြန်သည်။



စီဝမ်သည် ပြောပြောဆိုဆို သူ့ပစ္စည်းများကို သွန်ချလိုက်သည်။ စီဝမ်၏အိတ်ထဲမှ သွန်ထုတ်လိုက်သောပစ္စည်းသည် သောင်းပြောင်းထွေလာဖြစ်နေသော်လည်း တစ်ခုချင်း တန်ဖိုးရှိနေသည်ကို တွေ့ရှိရ၏။ တချို့မှာ တန်ဖိုးဖြတ်မရသောပစ္စည်းများဖြစ်သည်။

မီးရောင်အောက်တွင် သူသွန်ထားသောပစ္စည်းတို့မှာ ရွှေရောင်တဖျပ်ဖျပ် တောက်ပနေ၏။ ပစ္စည်းများမှာ ဖယောင်းတိုင်ခွက်၊ အမွှေးတိုင်ခွက်၊ ဘုရားရုပ်တု၊ ငွေထည်ပစ္စည်းအမျိုးမျိုးတို့ ဖြစ်ကြသော မိန်းမအသုံးအဆောင်၊ ရွှေသား၊ ရွှေချောင်း၊ ရွှေကြိုး၊ ရွှေတုံး၊ သောက်ရေခွက်၊ ပန်းအိုးနှင့် ရွှေထွေးခံတို့ ဖြစ်ကြသည်။

ဤတန်ဖိုးများကို တွက်ချက်လျှင် နည်းသည့်တန်ဖိုးမဟုတ်ကြောင်း သိနိုင်၏။ ကျောက်ဝူက မစဉ်းစားတတ်အောင် ခေါင်းကုတ်မိ၏။ ဈေးသည်များ၏ပစ္စည်းများမှာ သူ့ပစ္စည်းများနှင့် တန်ဖိုးမညီမျှပေ။ ဤမျှ တန်ဖိုးရှိသည့်ပစ္စည်းတို့ကို ဈေးထမ်းများနှင့် အလောင်းအစားပြုရန်မှာ ရူးသွပ်နေသောလူသာ လုပ်မည့်အလုပ်ဖြစ်သည်။

စီဝမ်ကိုကြည့်ရသည်မှာလည်း လူကောင်းတစ်ဦး၏အပြောအဆို၊ အနေအထိုင်မျိုးပင်။ သူသည် ရူးသောလူ ဖြစ်နေမည်လော။ သူရူးသောလူဖြစ်၊မဖြစ် မသေချာပါ။ သို့သော် ရထားလုံးပိုင်ရှင်က ပြတ်သားစွာ ငြင်းပယ်၏။

"ကျုပ် မလောင်းဘူး"

ထိုအခါ စီဝမ် မင်ကျမနပ်ဖြစ်သွားလေတော့၏။

"မင်း ဘယ်လိုဖြစ်တာလဲ ...ငါက မင်းကို ပင်ပန်းတကြီး ရှာပြီးလိုက်လာရတယ်၊ ဒီကျတော့ မင်းက စိတ်တစ်မျိုးပြောင်းနေပြီ၊ ဘာဖြစ်လို့ မလောင်းတာလဲ ... ငါ့ကို ပြောစမ်းပါဦး"

ရထားလုံးပိုင်ရှင်က ပြောလိုက်သည်။

"မင်း စဉ်းစားကြည့်ပါဦး ... ဒီပစ္စည်းလေးလောက်နဲ့ ကျုပ်ဆီ လာတယ်ဆိုတော့ ကျုပ်ကို စော်ကားသလိုမျိုး ဖြစ်နေတာပေါ့၊ မင်းပစ္စည်း မင်းပြန်ကြည့်စမ်းပါဦး ... မနည်းဘူးလားလို့"

ထိုအခါ ကျောက်ဂူမှာ နဖူးကိုရိုက်မိတော့သည်။

"သြော် ...ငါက ငြင်းမလို့လားများမှတ်တယ်၊ သူက နည်းနေလို့ မကစားချင်တာကိုး"

ကျောက်ဂူက မစဉ်းစားတတ်အောင် ဖြစ်ခဲ့သည်။ ကျောက်ဂူ စဉ်းစားနေစဉ် စီဝမ်၏တောင်းပန်သံကို ကြားလိုက်ရ၏။

"မင်း ... ဒါတော့ ဖျော့ဖျော့ပေါ့ပေါ့ စဉ်းစားပါကွာ၊ ငါ့ပစ္စည်းတွေဟာ မင်းနဲ့လောင်းဖို့ လိုနေပါသေးတယ်၊ ဒါပေမဲ့ မင်းနဲ့ မလောင်းလို့ မဖြစ်ဘူး၊ ငါ့ကို သနားသဖြင့် လောင်းခွင့်ပေးပါကွာ"

ရထားလုံးပိုင်ရှင်က ခပ်တင်းတင်းပြန်မေးလိုက်၏။

"မင်း ဘာတွေလာပြောနေတာလဲ"



စီဝမ်က ...

"မင်းဟာ ငါ့ရဲ့ပြိုင်ဘက်ကြီးပါကွာ၊ ဒီလိုပြိုင်ဘက်ကို မင်းမို့ ရက်ရက်စက်စက် ငြင်းပယ်ရက်တယ်၊ မင်းနဲ့ငါ ပြိုင်ခဲ့တာ ဘယ်နှစ်နှစ်ရှိပါပြီကွာ၊ ဒီတစ်ခါပြိုင်ရင် မင်းကို ငါနိုင်နိုင်ပါတယ်၊ ပြိုင်ဖို့ အခွင့်အရေးပေးပါကွာ"

ရထားလုံးပိုင်ရှင်က ခပ်မာမာပြောလေ၏။

"မင်းရဲ့ လောင်းကြေးတွေက နည်းနေတယ်၊ ဒီတော့ ငါ မစဉ်းစားလို့မဖြစ်ဘူး၊ ငါ စဉ်းစားရဦးမယ်"

သူသည် အတန်ကြာစဉ်းစားပြီးမှ ခေါင်းညိတ်လေ၏။

"ကောင်းပြီ၊ ဒီတစ်ခါ မင်းကို နောက်ဆုံးအခွင့်အရေးပေးလိုက်မယ်၊ ဒါ နောက်ဆုံးပဲနော်၊ နောက်တစ်ခါတော့ မရဘူး"

သူ၏စကား ကြားလိုက်ရသောအခါ စီဝမ်က ထခုန်၏။ သူက အော်လိုက်သည်။

"ဒါဖြင့် အန်စာတုံး အမြန်ဆုံးယူခဲ့"

သူတို့ကစားနည်းကား အန်စာပစ်ခြင်းပေတည်း။

✷ ✷ ✷

## အခန်း (၂၈)
## အဆုံးအဖြတ်အန်စာပွဲ

အန်စာတုံး အသင့်ရှိနေပြီဖြစ်၏။

ရထားလုံးပိုင်ရှင်သည် နတ်မျက်စိရထားသည့်အလား အရာရာကို ကြိုတင်သိနေ၏။ စိဝမ် သေချာရောက်လာမည်ဟု ပိုင်ရှင်က ကြိုသိထားနေသည့်အလား ကြိုတင်ပြင်ဆင်ထား၏။ သူ၏ ငယ်သားတို့က ချက်ချင်းပင် အန်စာတုံးနှင့် ပန်းကန်လုံးကို လာရောက်ချပေးသည်။

အန်စာတုံးသည် အလွန်တန်ဖိုးရှိသော ကျောက်ဖြူဖြင့် ထွင်းလုပ်ထား၏။ သာမန်အားဖြင့် ကြည့်လျှင်တော့ တန်ဖိုးမရှိသည့် အန်စာတုံးဖြစ်သည်။ အသေအချာကြည့်လျှင် အလွန်တရာ တန်ဖိုးကြီးမားသော အန်စာဖြစ်နေသည်ကို တွေ့ရမည်။ ပန်းကန်လုံးမှာလည်း ရွှေဖြင့်ပြုလုပ်ထားသည်။ အောက်ခံရွှေပန်းကန်မှာလည်း ရွှေပင်။

စိဝမ်၏မျက်လုံးအစုံတွင် ဝင်းလက်တောက်ပလာသည်။



လောင်းကစားသမား၏လောဘတို့သည် သူ့မျက်လုံးတွင် တဝင်းဝင်း တောက်ပလာလေ၏။ သူ၏တစ်ကိုယ်လုံး ခွန်အားတို့ပြည့်ဖြိုးလာသည်ဟု ထင်မိသည်။ စိဝမ်က ပြောလိုက်၏။

"ဒီအန်စာတုံးကိုမြင်လိုက်တာနဲ့ ငါ စိတ်ပျော်သွားပြီ"

ရထားလုံးပိုင်ရှင်က ...

"ဘယ်သူအရင်လဲ ... မင်း ပစ်မလား၊ ကျုပ် ပစ်ရမလား"

စိဝမ်က ...

"ငါ"

"မင်းဟာက ငါငါနဲ့ ကျုပ်ကိုများ တစ်လှည့်တလေ အလှည့်ပေးပါဦး"

"မင်းက အိမ်ရှင်လေ၊ ငါက ဧည့်သည်လေ၊ မင်းက ငါ့ကို အခွင့်အရေးပေးရမှာပေါ့"

"တို့နှစ်ယောက်ကစားတာ ဒိုင်နဲ့ထိုးသား ခွဲဦးမလား"

စိဝမ်က ခေါင်းခါလိုက်၏။

"ခွဲဖို့မလိုဘူး၊ နှစ်ယောက်စလုံး အခွင့်အရေးတူတူ ကစားကြမယ်၊ ဒိုင်ဆိုရင်လည်း နှစ်ယောက်စလုံးဒိုင်ပေါ့၊ ထိုးသားဆိုရင်လည်း နှစ်ယောက်စလုံး ထိုးသားပေါ့ မကောင်းဘူးလား"

ရထားလုံးပိုင်ရှင်က ခေါင်းညိတ်၏။

"ကောင်းတယ်၊ ကျုပ်သဘောတူတယ်"

"ကဲ … မင်းအရင်ပစ်ပေတော့ ငါကြည့်မယ်၊ မင်း …၄၊ ၅၊ ၆ ရောက်အောင် ပစ်ရင်တောင် ငါလိုက်ပြမယ်"

စီဝမ်က ရယ်လေ၏။

"မင်းက တော်တော်လေကျယ်တာပဲ"

သူသည် အရပ်သုံးစကားဖြင့် သုံးနှုန်းပြောကြားသည်။

"ကောင်းပြီ … ၄ ၅ ၆ ရောက်အောင် ပစ်ပြမယ်၊ လိုက်နိုင်ရင် လိုက်ပေါ့၊ မင်းစွမ်းသလားဆိုတာ သိရတာပေါ့"

သူသည် အန်စာတုံးကို ပန်းကန်ထဲမှ ဆုပ်ယူလိုက်သည်။ သူသည် တရိုတသေ အန်စာတုံးကို ထုတ်ယူခြင်းဖြစ်သည်။ ထို့နောက် လက်ညှိုး၊ လက်ခလယ်နှင့် လက်သူကြွယ်၏အလယ်အဆစ်နှင့် ပန်းကန်ကို ခေါက်လိုက်၏။ ပန်းကန်အဖျားနှင့် အန်စာထိသွားသည်။

'ခြွမ်း .. ခြွမ်း .. ခြွမ်း'

သူက သုံးချက်တိတိ ခေါက်လိုက်ပြီးနောက် လက်ကိုမြှောက်၍ ပန်းကန်လုံးထဲသို့ အန်စာပစ်ချလိုက်လေတော့သည်။ စီဝမ်သည် အန်စာပစ်လောင်းကစားသမားတစ်ဦးသာတည်း။ အဘယ်ကြောင့် ဤသို့ပြောရသည်ဟူမူ အန်စာပစ်ရာတွင် မပစ်ဖူးသူနှင့် ပစ်ဖူးသူ ကွာ၏။ သူ့ပုံဟန်မှာ ပစ်ဖူးသူ၏ဟန်ပန်ပေတည်း။

'ဝွမ်း'



သူက အန်စာတုံးပစ်ကျွမ်းကျင်၏။ ပစ်ဟန်လည်း လှပ၏။ ကြည့်ရှုနေသည့် ကျောက်ဂူနှင့်စုခုံသည်ပင်လျှင် သူ့ကို ချီးကျူးမိကြသည်။ အဖြူရောင်အန်စာတုံးသည် ပန်းကန်ထဲတွင် ချာချာလည်နေ၏။ တစ်ပတ်ပြီးတစ်ပတ် လည်နေသည်။ ထို့နောက် အလည်နှေးသွားပြီး အန်စာရပ်သွားတော့မည်ဖြစ်ပါသည်။ အတန်ကြာသောအခါ ပထမအန်စာက ရပ်တန့်သွား၏။

"လေးပွင့်"

စီဝမ်က အော်လိုက်၏။ ရထားလုံးပိုင်ရှင်ကတော့ တည်ငြိမ်သည်။ ဘာမှအသံမထွက်ပေ။ ထို့နောက် ဒုတိယအလုံး ရပ်တန့်သွားပြန်သည်။

"ခြောက်ပွင့်"

ဖြစ်သည်။ စီဝမ်က အော်လိုက်၏။ သူ့အော်သံက ဟိန်းထွက်နေသည်။ စီဝမ် ဘူကျနေပေပြီ။ ဘူဆိုသည်မှာ လောင်းကစားသမားများအတွက် မကောင်းသောရလဒ်ဖြစ်သည်။ သို့သော် အန်စာတစ်တုံး ကျန်နေသေး၏။ နောက်ဆုံးအလုံးက ရပ်တန့်သွား၏။ စီဝမ်သည် ပြုံး၍အော်လိုက်သည်။

"ငါးပွင့်"

ငါးပွင့်မှာ အလယ်အလတ်ဖြစ်သည်။ ရှုံးလည်း ရှုံးနိုင်သည်။ နိုင်လည်း နိုင်နိုင်သည်။ လောင်းကစားသမားများအတွက်တော့

မဆိုးလှသောဂဏန်းဖြစ်သည်။ သူအလိုရှိသော လေးငါးခြောက် အပွင့်ကို ရနိုင်ခဲ့သည် မဟုတ်ပါလော။ ယခုကျသွားသည့် အန်စာတုံးမှာ လေး ခြောက် ငါးပင် ဖြစ်ပါ၏။

ထိုအပွင့်များသည် အန်စာကစားနည်းတွင် ရခဲသော အပွင့်များဖြစ်၏။ ပွင့်တူသုံးလုံးကိုသာ လေးငါးခြောက်အပွင့်က ကြောက်သည်။ ပွင့်တူသုံးလုံးကျရန်ဆိုသည်မှာလည်း ခက်ခဲလှ၏။

စိဝမ်သည် အန်စာလောင်းကစားဟန် အပြည့်ပါသည်။ ရထားလုံးပိုင်ရှင်ကတော့ လောင်းကစားသမားဟန်မရှိပါ။ သူသည် လောင်းကစား မကစားတတ်သည့်ပုံစံမျိုးရှိသော်လည်း လောင်းကစားပညာရပ်များကို ကျွမ်းကျင်ကြောင်း ကျောက်ဖူရိပ်မိလေ၏။

"ငါ မပြောဘူးလား ... ငါ ကံကောင်းပါပြီလို့၊ အမြဲတမ်းအရှုံးသမားဆိုတာ မရှိဘူးကွ၊ ငှက်ခါးပျံသလိုမျိုးပဲရှိတာပါ၊ ငါ အမြဲတမ်း အောက်ကမနေပါဘူး"

ပိုင်ရှင်က ...

"မင်း ဒီလိုချည်းပြောတာပဲ၊ ငါနဲ့ လောင်းကစားလာတာ ဆယ်နှစ်ရှိနေပြီ၊ မင်းချည်းရှုံးတာ မဟုတ်လား၊ မင်း ... အပြောမကြီးနဲ့၊ ငါရှုံးမယ်လို့ မင်းယူဆရင် မှားမှာပဲ"

စိဝမ်က ရယ်လိုက်လေ၏။

"စကားမများနဲ့ မင်းအလှည့်၊ မင်း အန်စာကို ကိုင်ပေတော့"



ရထားလုံးပိုင်ရှင်က ကျောက်ဖူဘက်လှည့်၍မေးလေ၏။

"မင်း အန်စာကစားတတ်သလား"

ကျောက်ဖူက ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ကစားတတ်ပါတယ်၊ ဒီနည်းဟာ လောင်းကစားနည်းတွေထဲမှာ အလွယ်ဆုံးနည်းပါပဲ"

"ကျွန်တော် ကစားလည်း ကစားဖူးပါတယ်၊ အန်စာကိုတော့ ဟန်တရတ်တိုင်း ကစားတတ်မယ်လို့ ထင်တာပဲ"

ရထားလုံးပိုင်ရှင်က စိဝမ်အားကြည့်ရင်း မေးလိုက်၏။

"မင်းကို ငါ တစ်ခုခွင့်တောင်းချင်တယ်"

စိဝမ်က မျက်တောင်ပင့်၍ကြည့်လေ၏။

"ဘာလဲ မကစားချင်တော့ဘူးလား"

ရထားလုံးပိုင်ရှင်က ရယ်လေ၏။

"ဟား ဟား ဟား ... မင်း ဘယ်လိုပြောလိုက်တာလဲ"

"မင်း ဘာကို အခွင့်တောင်းမှာလဲ"

"ငါ့ကိုယ်စား သူ့ဝင်ကစားလို့ ရမလားလို့ မင်းကိုခွင့်တောင်းချင်တာပါ"

စိဝမ် အလွန်ဝမ်းသာသွားလေ၏။ အဘယ်ကြောင့်ဆိုသော် ပိုင်ရှင်နှင့်သူသည် ဆယ်နှစ်လုံးလုံး အန်စာကစားခဲ့ပြီး သူ အမြဲတမ်းရှုံးခဲ့သည် မဟုတ်ပါလော။ ယခု ဤလူငယ်ကိုတော့ သူ

နိုင်နိုင်သည်။ ဤလူငယ်သည် ရထားလုံးပိုင်ရှင်လောက် ကံမကောင်းနိုင်ပေ။

"ရတယ်လေ ... ငါ ခွင့်ပြုပါတယ်၊ မင်းရှုံးရင် သူ ကစားလို့ ဆိုပြီး မငြင်းရဘူး"

"သူအနိုင်ရရင်လည်း မင်း မငြင်းရဘူး"

စိဝမ်က ရယ်လိုက်သည်။

"သူ ငါ့ကိုနိုင်မယ်ဆိုရင် သူလိုတာကိုပြော၊ ငါ အကုန်လုပ်ပေးမယ်၊ ငါ့အကြောင်းလည်း မင်းသိပါတယ်၊ ငါမလုပ်နိုင်တာ ဒီလောကမှာ နည်းနည်းလေးပဲ ရှိတယ်ကွ"

ပိုင်ရှင်က ...

"မင်း တကယ်ပြောတာလား"

စိဝမ်က ...

"မင်းက ငါ့ကို ဘယ်လိုကစားသမားမျိုးထင်လို့လဲ၊ ငါက အန်စာပစ်နေပေမယ့် ဘယ်တော့မှ ကတိမတည်တဲ့ကောင် မဟုတ်ဘူးကွ"

ပိုင်ရှင်က ကျောက်ဝူဘက်သို့ လှည့်လိုက်၏။ သူသည် လက်ဟန်ဖြင့် ပြသည်။ အန်စာကိုလည်း လက်ညှိုးထိုးသည်။

"ကဲ ... မင်းပစ်ပေတော့"

ကျောက်ဝူသည် ပန်းကန်ထဲမှ အန်စာကို ဆုပ်ယူလိုက်၏။



အန်စာသည် သူ့လက်ထဲ၌ စီးစီးပိုင်ပိုင်ရှိနေသည်။ သူသည် စိဝမ်ကဲ့သို့ ပန်းကန်အနားသို့ သုံးချက်တိတိ ခေါက်၏။ ထို့နောက် အန်စာကို ပစ်ချလိုက်သည်။ သူသည် ကစားဖူးသူဖြစ်၍ ပစ်ဟန်မဆိုးလှပါ။ အန်စာတို့သည် ပန်းကန်ထဲ၌ မရပ်မနား လှည့်နေသည်။

ကျောက်ဝူသည် အန်စာပစ်ကျွမ်းကျင်၏။ စိဝမ်က အန်စာလှည့်ပတ်နေပုံကိုကြည့်ပြီး အံ့သြနေ၏။ အန်စာတုံးများသည် တစ်လုံးကိုတစ်လုံး ခုန်ကျော်ပြီး ပြေးနေ၏။ တော်ရုံကစားသမားသည် ဤသို့မဖြစ်နိုင်ပေ။ ပိုင်ရှင်က ရယ်လိုက်လေ၏။

"ဟား ... ဟား ... ဟား"

ပိုင်ရှင်က ဆက်အော်သည်။

"စိဝမ် ... ဒီတစ်ခါ မင်းရှုံးပြန်ပြီကွ"

အန်စာတုံးသည် ရှေ့ဆင့်နောက်ဆင့် ရပ်တန့်သွားသည်။

"ခြောက်သုံးလုံး"

ဤအပွင့်သည် အန်စာတုံးထဲမှာ အကြီးဆုံးပွင့်ဖြစ်သည်။ စိဝမ်၏မျက်နှာတစ်ခုလုံး နီရဲသွား၏။

"ငါ မကျေနပ်ဘူး"

သူက အသံကျယ်လောင်စွာ အော်ရင်း နောက်သို့လှန်၍ ကျွမ်းတစ်ပတ်လိုက်သည်။ သူ့လှုပ်ရှားပုံမှာ လွန်စွာလျှင်မြန်လှ၏။ သူ၏ခန္ဓာကိုယ်သည် လေဟုန်စီးသည့်အလား လျင်မြန်ပျောက်ကွယ်

သွားလေ၏။ အကယ်၍သာ ရထားလုံးရှေ့တွင် စုပုံနေသော
ထည်ပစ္စည်းများသာမရှိခဲ့လျှင် စိဝမ်ရောက်လာသည်ကိုပင် ယုံကြည်
နိုင်မည် မဟုတ်ပါ။

* * *



## အခန်း (၂၉)

### ပထမလူ

စုခုံသည် သူတို့လောင်းကစားနေသည်ကို ပြုံး၍ ငြိမ်သက်စွာကြည့်နေ၏။ စုခုံသည် အတွေ့အကြုံများသူဖြစ်၏။ သူ့အတွေ့အကြုံများသည် ရထားလုံးပိုင်ရှင်ထက် နည်းမည်မဟုတ်ပါ။ လုပ်ပိုင်ခွင့်များကတော့ ရထားလုံးပိုင်ရှင်က သာပါသည်။ စိဝမ်ပျောက်ကွယ်သွားတော့မှ သူက အသံထွက်လာ၏။

"သူဟာ ကျုပ်ရဲ့အသိကို နှိုးဆွပေးလိုက်တာပဲဗျ။ သူ့ကိုတွေ့လိုက်တော့မှ တစ်ချိန်တုန်းက လူမိုက်ကြီးဆယ်ယောက်အကြောင်း ပြန်ပြီး သတိရလာတယ်"

စုခုံက စကားဆက်သည်။

"ကျုပ် ဒီဆယ်ယောက်အကြောင်းပြောတာက သိုင်းလောကမှာ ဒီဆယ်ယောက်ဟာ အတော်ကျော်ကြားခဲ့တာပဲ၊ ခင်ဗျားကတော့ ဒီအကြောင်းတွေ သိပြီးဖြစ်မှာပါ၊ ကျုပ်ရည်ရွယ်တာကတော့ ကျောက်ဝူသိစေချင်လို့ပါ"

ပိုင်ရှင်က ခေါင်းညိတ်၏။

"ဟုတ်တယ်"

စုခုံက ပြုံး၍ပြောလိုက်သည်။

"လူမိုက်ကြီးဆယ်ယောက်ထဲမှာ လောင်းကစားသမား စီဝမ်လည်း ပါတာပေါ့၊ တခြားလူမိုက်ကြီးတွေထက် သူက ပိုထူးတာက သူ့ခန္ဓာကိုယ်ကြီးမားတာပါပဲ"

ပိုင်ရှင်က ခေါင်းညိတ်၏။

"ဟုတ်တယ်"

စုခုံက ဆက်ပြောသည်။

"ကျုပ်မှတ်မိသလောက် ပြောရမယ်ဆိုရင် ... လူမိုက်ကြီး သွေးလက်တုစက်, အစားကြီး လိကျင်, မိန်းမလျှာ ကုချောင်း, အလျော်အစားမရှိ ကျေမိ, အပြုံးထဲက ဓားဟာဟ ..."

သူသည် သူမှတ်မိသလောက် ရေရွတ်နေသည်။ စုခုံက အနည်းငယ်စဉ်းစားပြီး ...

"ဒါတင်မဟုတ်သေးဘူး ... အမြွာညီအစ်ကိုနှစ်ယောက်လည်း ရှိသေးတယ်၊ ဘယ်သူတဲ့ ... နေဦး ... ခုနကပဲ စဉ်းစားမိပါတယ်၊ ငါးကလေးနဲ့ ဟာဝူကြွက်ဆိုတဲ့ ညီအစ်ကိုပဲ၊ သူတို့ဟာ သူတို့ခေတ်အခါက လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ပုဂ္ဂိုလ်တွေပေါ့"

စုခုံက ဆက်ပြောသည်။ သူသည် ပြောနိုင်လောက်တာ



လည်း သက်တမ်းရှည်ကြာခဲ့၏။

"အဲဒီခေတ်က သိုင်းသမားတွေဟာ လူမိုက်ကြီး ဆယ်ယောက်ပေါ့ဆိုလိုက်တာနဲ့ မီးကိုရေနဲ့ သတ်လိုက်သလို ငြိမ်ကျသွားတာပဲ"

စုခုံက ရထားလုံးပိုင်ရှင်အား ကြည့်၍ပြောလိုက်၏။ သူက ရထားလုံးပိုင်ရှင်အား မဏ္ဍပ်တိုင်ထားပြီး တိုင်တည်လိုက်သလိုမျိုး ပြောနေသည်။

"ဒါပေမဲ့ စီဝမ်ဆိုတာကို မကြားခဲ့ရဘူး၊ အခုမှ ကြားခဲ့တယ်"

ပိုင်ရှင်က ပြုံးလိုက်၏။

"ခင်ဗျား ဘယ်သိပ့်မလဲ"

စုခုံက ပြန်မေးလိုက်လေ၏။

"ဘာဖြစ်လို့လဲဗျ ... ကျုပ်သိရမှာပေါ့၊ လူမိုက်ကြီးဆယ်ယောက်အပါအဝင်ဖြစ်မယ်ဆိုရင်ပေါ့"

ရထားလုံးပိုင်ရှင်က ပြော၏။

"ခင်ဗျားက လောင်းကစားသမားမှ မဟုတ်ဘဲ၊ ခင်ဗျားက သိက္ခာနဲ့သမာဓိနဲ့နေတာဆိုတော့ ဒီဗရုတ်သုတ်ခသိုင်းလောကသားတွေအကြောင်း ဘယ်သိပ့်ါမလဲ"

"ခင်ဗျားပြောတာက ကျုပ်ကိုချီးမြှောက်သလိုဖြစ်နေတယ်၊

အရက်သမားဇာချမ်းရဲ့ကျော်ကြားမှုကိုလည်း ကျွပ်သိပါတယ်"

ခင်ဗျားက သိပ်ကျော်ကြားတဲ့တစ်ယောက်နှစ်ယောက် လောက်ကိုသာ သိတာပါ ... စီဝမ်ကို မသိနိုင်ပါဘူး၊ စီဝမ်က သိုင်း ပညာတော်ပေမယ့် သောင်းကစားဘက်ကို ဝိုစိတ်သန်တယ်ဗျ"

"ဟုတ်လား ... ဒီလောက် သောင်းကစားဝါသနာပါတော့ သူ တော်တော်ချမ်းသာမှာပေါ့"

ရထားလုံးပိုင်ရှင်က ခေါင်းညိတ်ဝန်ခံလေ၏။

"ချမ်းသာတာပေါ့ဗျာ"

သူက ကျောက်ဝူအားလှည့်၍ ပြောလေ၏။

"မင်း တစ်ခုကို သိမှာပေါ့"

"ဘာများလဲခင်ဗျာ"

"မင်းဟာ တစ်ချက်တည်းနဲ့ ခြောက်သုံးလုံးကို ပစ်နိုင်တဲ့ အတွက် သူက မင်းကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး၊ ဒီလိုခြောက် သုံးလုံးပွင့်ကျဖို့က ခက်တယ်ကွ"

ကျောက်ဝူ ခေါင်းညိတ်သည်။

"မှန်ပါတယ်၊ သူ မေ့မှာမဟုတ်တော့ပါဘူး၊ သောင်းကစား သမားတွေဟာ သိပ်အမှတ်ကြီးကြပါတယ်"

ရထားလုံးပိုင်ရှင်က ...

"အဲဒီအတွက် မင်းကံကောင်းပါတယ်"



"ဘာဖြစ်လို့ ကံကောင်းရမှာလဲဗျာ"

ရထားလုံးပိုင်ရှင်က ရယ်၍ပြောလေ၏။

"ငါ့ကိုပစ်ပေးလို့ အနိုင်ရတဲ့အတွက် မင်းကို ငါဆုချရမှာပေါ့"

ကျောက်ဝူက မငြင်းပါ။ သူချမည့်ဆုသည် သူ့ဘဝအတွက် အကျိုးရှိမည်ဟု သူယုံကြည်သည်။ သူ ယခု ဘာကြောင့် ခရီးထွက် လာသည်ကို သူသိရှိပုံရသည်။ ဘာဘစုခံလည်း ရှိနေပါသည်။ ပိုင်ရှင် က ...

"ဟောဒီအထမ်းထဲမှာ ထမ်းပိုးတွေ အများကြီးရှိတယ်၊ ကြိုက်တဲ့ ထမ်းပိုးသုံးချောင်းကို သွားရွေးယူသွားနိုင်ပါတယ်၊ ငါက မင်းနဲ့အသင့်လျော်ဆုံးပစ္စည်းကို ပေးတာ"

ကျောက်ဝူက ခေါင်းညိတ်၏။ ထို့အပြင် သူ တစ်ချက်စဉ်း စားမိသည်။ ဤရထားလုံးပိုင်ရှင်နှင့်အဆင်ပြေသွားခြင်းမှာ သူ့အ တွက် ကံကောင်းခြင်းပင်။ အဆင်မပြေ ရန်သူဖြစ်မိလျှင် တစ်သက် လုံး အေးချမ်းလိမ့်မည် မဟုတ်ပါ။

သူသည် ရထားလုံးပေါ်မှဆင်း၏။ ပစ္စည်းများပုံထားသည့် နေရာသို့ သွားသည်။ ထို့နောက် ထမ်းပိုးတစ်ချောင်း ကောက်ကိုင် လိုက်၏။ သူ မျက်လုံးပြူးသွားသည်။ ထမ်းပိုးကို ပေါ့ပေါ့ဆဆကိုင်၍ မဖြစ်ပါ။ အလွန်လေးလံနေသည်ကို တွေ့ရသဖြင့် အံ့သြသွားသည်။ သူသည် စိတ်ကြိုက်ထမ်းပိုးသုံးချောင်းကို ရွေးလိုက်သည်။

သူက ထမ်းပိုးသုံးချောင်းကိုရွေးယူပြီး ရထားလုံးရှိရာသို့ သယ်ဆောင်လာ၏။ ထမ်းပိုးများသည် သူ့ပစ္စည်းများဖြစ်သွားလေပြီ။ ရထားလုံးပိုင်ရှင်က သူ့အား ယူခွင့်ပြုပြီးပြီ မဟုတ်ပါလော။

သို့သော် ကျောက်ဝူစဉ်းစားနေသည်။ ဤထမ်းပိုးများသည် လေးလံလှသည်မဟုတ်ပါလော။ ကျောက်ဝူက ရထားလုံးပိုင်ရှင်အား မေးလိုက်၏။

"ကျွန်တော် မသိလို့မေးပါရစေ"

"မေးပါ"

"ဒီထမ်းပိုးတွေဟာ ရွှေနဲ့လုပ်ထားတာတွေပဲဖြစ်မယ်လို့ ထင်တယ် ... ထင်တာထက် လေးနေတယ်ဗျ"

"ဟုတ်တယ် ... ရွှေမှအရည်အသွေးပြည့်တဲ့ရွှေပါ"

ကျောက်ဝူ အံ့သြသွားလေ၏။ သူ မျက်မှောင်ကုတ်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် အချက်တစ်ချက်တွေးမိလိုက်သောကြောင့်တည်း။ ထမ်းပိုးအားလုံး ရွှေဖြင့်လုပ်ထားခြင်းဖြစ်လျှင် အခြားသောပစ္စည်းတို့မှာလည်း ရွှေဖြင့် ပြုလုပ်ထားခြင်းဖြစ်ရမည်ဟု နားလည်လိုက်သည်။ ထိုအတွေးကိုတွေးမိသောအခါ ကျောက်ဝူသည် ပါးစပ်ဟောင်းလောင်းဖြစ်သွားလေတော့၏။ သူက ရေရွတ်လိုက်လေ၏။

"ဒီလူတွေ ရူးများရူးနေကြသလား မသိဘူး ... ထမ်းပိုးကို



ရွှေနဲ့ လုပ်တယ်လို့၊ အရူးတွေပဲ"

ရထားလုံးပိုင်ရှင်က ခေါင်းခါလိုက်သည်။

"သူတို့မရူးပါဘူး"

ကျောက်ဝူ မျက်မှောင်ကုတ်ပြီး စဉ်းစားသည်။ သို့သော် ... မစဉ်းစားတတ်တော့ပေ။ သူက ခေါင်းကိုခါယမ်းရင်း ...

"တော်တော်ထူးတဲ့လူတွေပဲ၊ ကျွန်တော်တော့ သူတို့ရဲ့လုပ်ရပ်ကို မစဉ်းစားတွတ်တော့ဘူးဗျာ"

ရထားလုံးပိုင်ရှင်က ပြုံး၍ပြောလိုက်သည်။

"မင်း စဉ်းစားတတ်ရင် လွယ်ပါတယ်ကွ၊ ငါ့မှာ လူသုံးဆယ်နဲ့ မြင်းအကောင်ရှစ်ရာကို ကျွေးမွေးရမယ့်အတွက် အသုံးစရိတ်အလွန်ကြီးတယ်၊ ဒါကြောင့် နှစ်စဉ်နှစ်တိုင်း ဒီအချိန်မှာ ငါ မပူမပင်သုံးရအောင်လို့ လာပို့ကြတာပါ၊ ငါ့ကို ကူညီကြတာဆိုပါတော့"

ထိုအခါမှ ကျောက်ဝူက နားလည်သွားလေတော့သည်။ ဈေးတန်း၌ ဈေးလာရောင်းသူများ ဈေးသည်အစစ်မဟုတ်သည်ကို ကျောက်ဝူ သိပါသည်။ သူတို့၏လုပ်ရပ်မှာ အတော်ထူးဆန်းပါသည်။ ဈေးသည် အစစ်များဆိုလျှင် ဤမျှတန်ဖိုးရှိသောငွေကို တစ်နှစ်အတွင်း ရှာနိုင်ကြမည်မဟုတ်ပါ။ ထိုပစ္စည်းများမှာ ရွှေချည်းဖြစ်နေပါသည်။ ရထားလုံးပိုင်ရှင်က ကျောက်ဝူတွေးတောနေသည်ကို ရိပ်မိ၏။

"ဒီလူတွေဟာ တစ်ချိန်တုန်းက ငါ့ရဲ့အဖွဲ့သားတွေပါ၊ အခုမှပဲ လုပ်ငန်းပြောင်းကုန်ကြတာ၊ ငါ့တပည့်တွေဆိုပါတော့၊ အားလုံးဟာ ကိုယ့်အတွက် အသက်စွန့်ကြတယ်၊ အခုလူအားလုံးဟာ အသက်နဲ့ရင်းရတဲ့ အရေးအခင်းတွေအားလုံးမှာ အသက်မသေဘဲ ကျန်ရစ်ခဲ့တဲ့လူတွေပေါ့"

ကျောက်ဝူ သဘောပေါက်သွားလေတော့၏။ ရထားလုံးပိုင်ရှင်က မေးလိုက်၏။

"မည်းတူဘွားဘွားကို မင်းသိလား"

ကျောက်ဝူက ခေါင်းညိတ်၏။

"သိပါတယ်ခင်ဗျာ"

"မင်းမဆိုးပါဘူး ... သိုင်းလောကထဲ ဝင်ဆန့်သားပဲ"

ကျောက်ဝူ ငြိမ်နေ၏။

"သူ ဘာလုပ်သလဲဆိုတာ မင်းသိလား"

"မသိပါဘူး"

"ဒါတော့ မဝင်ဆန့်ပြန်ဘူး"

ကျောက်ဝူ ငြိမ်နေလေ၏။ ရထားလုံးပိုင်ရှင်က ...

"တချို့သိုင်းလောကသားတွေအကြောင်း သိထားတာ မမှားပါဘူး၊ တစ်ချိန်မှာ ကိုယ့်အတွက် အကျိုးရှိပါတယ်၊ မင်းမသိချင်ဘူးလား"



"ကျွန်တော် သိုင်းလောကသားဖြစ်တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ မသိချင်ဘူး"

ရထားလုံးပိုင်ရှင်က အံ့သြပြီး မေးလေ၏။

"ဘာကြောင့် မသိချင်ရတာလဲ"

ကျောက်ဝူက ရှင်းပြလေ၏။ သူရှင်းပြချက်ကလည်း မှန်ပါသည်။ သူ့အကြောင်းနှင့်သူဖြစ်၍ မှားသည်ဟု မဆိုသာပါလေ။

"လူတိုင်းလူတိုင်းမှာ ကိုယ့်ရဲ့လျှို့ဝှက်ချက်ကလေး နည်းနည်းတော့ရှိကြမှာပဲ၊ ကျွန်တော်က သူ့လျှို့ဝှက်ချက်ကို မသိချင်ပါဘူး၊ ကျွန်တော့်လျှို့ဝှက်ချက်လည်း မသိစေချင်ဘူးလေ"

ပိုင်ရှင်က ပြုံးလိုက်၏။

"ဟုတ်တယ်၊ သူတို့ဟာ ကိုယ့်လုပ်ငန်းကို ဘယ်သူကိုမှမသိစေချင်လို့ တစ်နှစ်တစ်ကြိမ် ငါ့ဆီကို လာတဲ့အခါမှာ အခုလိုပုံစံအမျိုးမျိုးနဲ့ လာကြတာပါ၊ သူတို့အကျိုးအတွက် ငါ့ကို ပံ့ပိုးပေးကြတဲ့သဘောပါပဲ"

ကျောက်ဝူက ...

"ကျွန်တော် နားလည်ပါတယ်"

ပိုင်ရှင်က ရှင်းပြသည်။ သူ့လုပ်ငန်းနှင့် ပတ်သက်သည်များကိုလည်း သိစေချင်ပုံရသည်။

"ငါတို့ တစ်နှစ်တစ်ကြိမ် စုဝေးတဲ့နေရာကို လျှို့ဝှက်ထား

ပါတယ်၊ ပြီးတော့ အချိန်ကိုလည်း လိုအပ်သလို ပြောင်းလဲတတ်ပါတယ်၊ ဒီလို ဘာဖြစ်လို့လုပ်ရသလဲဆိုတော့ သိုင်းလောကအကြောင်း သိတယ် မဟုတ်လား၊ ငါကတော့ ဘယ်သိုင်းလောကသားကိုမှ အထင်မသေးဘူး"

ကျောက်ဝူက ပြောလိုက်၏။

"ဒါပေမဲ့ စိဝမ်ကတော့ လူကြီးမင်းကိုရှာနိုင်တာပဲ မဟုတ်လားဗျာ"

ပိုင်ရှင်က တဟားဟား အော်ရယ်လေတော့၏။ သို့သော် ထောက်စင်က ထောက်ပေးထားရသဖြင့် ရယ်ချင်သလောက် မရယ်နိုင်ပါ။

"ဟုတ်တယ် .. သူက လောင်းကစားရှုံးတဲ့နေရာမှာ ပထမ၊ တွေ့ချင်တဲ့လူကိုလည်း တွေ့အောင်ရှာတဲ့နေရာမှာလည်း ပထမ၊ သူ့ကို စံတင်ရမယ့်နေရာမှာ ငါစံတင်ထားပါတယ်"

ကျောက်ဝူက တစ်ခွန်းဖြည့်စွက်လိုက်လေ၏။

"သူဟာ စိတ်ဓာတ်ကျပြီး ထွက်ပြေးတတ်တဲ့လူတွေထဲမှာလည်း ပထမပါပဲဗျာ"

ရထားလုံးပိုင်ရှင်သည် တဟားဟားအော်ရယ်ပြန်လေ၏။ သို့သော် တကယ်တမ်းတော့ ဝီဝီသသ မရယ်နိုင်ပါချေ။

✵ ✵ ✵



## အခန်း (၃၀)

## သူလာချေပြီ

ကျောက်ဝူသည် သူရွေးယူလာသော ထမ်းပိုးသုံးချောင်းကို လက်ဖြင့် ဆကြည့်လိုက်၏။ ရွှေဖြင့်ပြုလုပ်ထားကြောင်း အတိအကျ သိရသဖြင့် အချိန်မည်မျှရှိမည်ကို ဆကြည့်ခြင်းဖြစ်ပါသည်။ ရထားလုံးပိုင်ရှင်က ပြုံး၍ ပြောလိုက်သည်။

"မင်းကို ငါ အပိုင်ပေးလိုက်တာ၊ မင်းယူသွားနိုင်ပါတယ်"

ကျောက်ဝူက လှည့်ပြောလေ၏။

"ကျွန်တော် သိချင်လို့ ဆကြည့်တာပါ၊ ယူသွားပြီး ဒီထမ်းပိုးပိသေတာကို မခံလိုပါဘူး"

ပိုင်ရှင်က ပြုံးလိုက်၏။

"မင်းက ဒီရွှေထမ်းပိုးသုံးချောင်းကို မမက်သလိုပဲ၊ ဒီထမ်းပိုးသုံးချောင်းနဲ့ ပတ်သက်ပြီး ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ"

ကျောက်ဝူက စဉ်းစားနေသည်။ အတန်ကြာမှပြောသည်။

"ကျွန်တော် ဒါတွေယူသွားလို့ မဖြစ်ပါဘူးဗျာ၊ လူကြီးမင်း

က ပေးထားတဲ့ပစ္စည်းတွေဖြစ်တော့ ကျွန်တော် ဂုဏ်ယူပြီး သိမ်းဆည်းရမယ့်ပစ္စည်းတွေ၊ ခုလောလောဆယ်ဆယ်မှာတော့ ..."

"မင်း ဘယ်လိုလုပ်မယ် စိတ်ကူးထားသလဲ"

"လူကြီးမင်းဆီမှာပဲ အပ်ထားချင်ပါတယ်"

ရထားလုံးပိုင်ရှင်မှာ မျက်မှောင်ကုတ်သွားသည်။

"ငါ့ကိုအပ်တာတော့ဟုတ်ပြီ၊ ငါ့ကို တွေ့အောင်ရှာနိုင်လို့လား။ ငါ့ကိုရှာနိုင်တယ်ဆိုရင်တော့ မင်းအစွမ်းဟာ အံ့မခန်းပဲပေါ့၊ ငါ့ကို ရှာနိုင်ပါ့မလား"

"ရှာနိုင်ပါတယ်"

ရထားလုံးပိုင်ရှင်၏မျက်နှာ၌ အံ့ဩသည့်အမူအရာမျိုး ပေါ်လာသည်။

"မင်းစွတ်မပြောနဲ့၊ ငါ့ကိုရှာနိုင်တာ စီဝမ်တစ်ယောက်ပဲ ရှိတယ်"

ကျောက်ဝူ ငြိမ်နေလိုက်၏။ ရထားလုံးပိုင်ရှင်က သက်ပြင်းချပြီး ပြောလိုက်သည်။

"မင်းကတော့ ငါ့ကို မတွေ့တွေ့အောင်ရှာမှာပဲ၊ ဒါကလည်း မင်းတွေ့အောင်မရှာနိုင်ဘူးဆိုတာ သိနေတယ်၊ ဒီတော့ ..."

ပိုင်ရှင်သည် ချိတ်ထားသော ခေါင်းလောင်းကို ဖြုတ်၍ သူ့ကို ပစ်ပေးသည်။



"အဲဒီရွှေခေါင်းလောင်းလေးကိုယူထား"

ကျောက်ဝူသည် ဖမ်းလိုက်၏။ သို့သော် ရထားလုံးပိုင်ရှင်ကိုတော့ မေးခွန်းထုတ်လိုက်ပါသည်။

"ဘာလုပ်ဖို့တုံး ...ပြောပါခင်ဗျာ"

ရထားလုံးပိုင်ရှင်က ရယ်လိုက်၏။ သူက ကျောက်ဝူကို နှစ်ခြိုက်နေပုံရသည်။

"မင်း ငါ့ကိုတွေ့ချင်ရင် ဒီခေါင်းလောင်းကို ခုနစ်ကြိမ်တိတိခေါက်လိုက်၊ ခေါက်လိုက်သံ ခုနစ်ကြိမ်ထွက်ဖို့လိုတယ်"

ကျောက်ဝူက မေးလိုက်၏။

"ဟုတ်ပါပြီ၊ အသံခုနစ်ချက်ထွက်လာတော့ ဘာလုပ်ရမှာလဲ၊ ဘာဖြစ်မှာလဲ"

ပိုင်ရှင်က ဖြေသည်။

"အသံခုနစ်ချက်ထွက်ဖို့တော့ လိုတာပေါ့နော်၊ အဲ့ဒီအခါမှာ လူတစ်ယောက် မင်းဆီကိုရောက်လာလိမ့်မယ်၊ သူက မင်းကို ငါ့ဆီခေါ်လာလိမ့်မယ်၊ လမ်းပြဆက်သွယ်ရေးလူလို့ မင်းခေါ်ချင်ရင် ခေါ်နိုင်တယ်"

ကျောက်ဝူသည် ရွှေခေါင်းလောင်းကို အတွင်းအိတ်ထဲတွင် သေချာစွာ သိမ်းလိုက်၏။ ထိုအချိန် အဝေးမှ အုန်းမောင်းခေါက်သံထွက်လာသည်ကို ကြားရ၏။ ထိုအုန်းမောင်းခေါက်သံကို သူသိသည်

ဟုထင်သည်။

'တောက် .. တောက်'

ညအခါတွင် အုန်းမောင်းခေါက်လေ့ရှိသည်။ ညဥ့်နက်သန်းခေါင်ယံ၌ အုန်းမောင်းခေါက်သံ ထွက်လာခြင်းမှာ ထူးဆန်းသောကိစ္စမဟုတ်ပါ။ သို့သော် ကျောက်ဂူသည် အုန်းမောင်းခေါက်သံ နှစ်ချက်တိတိကို ကြားရသောအခါ အံ့ဩသွား၏။ ယခုအချိန်မှာ အုန်းမောင်းခေါက်သံသုံးချက်ကျော်လွန်ပြီး အုန်းမောင်းခေါက်သံလေးချက်ခေါက်ဖို့ နီးလာချိန်ဖြစ်ပါသည်။ သူသည် ပိုင်ရှင်အား မေးလိုက်၏။ သူကြားလိုက်ရသည်ကို သံသယရှိ၍ မေးလိုက်ခြင်းဖြစ်ပါသည်။

"အုန်းမောင်းခေါက်သံ နှစ်ချက်ဟုတ်ပါသလား"

ရထားလုံးပိုင်ရှင်က မဖြေပါ။ မီးအားလုံး ရုတ်တရက်ငြိမ်းသွား၏။ ဝန်းကျင်တစ်ခုလုံး မှောင်အတိကျသွား၏။ ရထားလုံးပိုင်ရှင်သည် မှောင်အတိကျခြင်းကို အလိုရှိဟန်တူပါသည်။

သို့သော် ရှေ့သို့ထွက်သောမီးရောင်တစ်ခုပေါ်လာပါသည်။ ရထားလုံးမှ ဖြာထွက်လာသော မီးရောင်အောက်တွင် လူတစ်စုတရွေ့ရွေ့လျှောက်လာသည်ကို မြင်လိုက်၏။

ထိုလူတို့သည် သေတ္တာတစ်လုံးထမ်းလာသည်ကို တွေ့၏။ သို့သော် ထိုသေတ္တာသည် သေတ္တာနှင့်မတူဘဲ ခေါင်းတစ်လုံးနှင့်တူနေသည်ကို တွေ့လိုက်ရသည်။ ပိုင်ရှင်သည် သက်ပြင်းချပြီး တစ်



ကိုယ်တည်း ရေရွတ်လိုက်၏။

"သူ့ကို ရောက်မလာဘူးလို့ ထင်နေတာ၊ နောက်ဆုံးတော့ သူလည်း ရောက်လာပြီကိုး"

ကျောက်ဂူက မေးလိုက်လေ၏။

"သူဆိုတာ ဘယ်သူတုံး"

ပိုင်ရှင်က တစ်လုံးချင်းဖြေသည်။ သူ့ဖြေပုံမှာ ထူးခြားသည်ဟု ထင်၏။

"လူ ... သေ ... အ ... လောင်း"

လူသေဆိုသည်ကတော့ နိမိတ်မကောင်းသည့် အ,မင်္ဂလာနာမည်ပင်။ သူက ဒီနာမည်ယူထားသည်။ လူသေအလောင်းသည် များသောအားဖြင့် ခေါင်းထဲတွင်ရှိနေရမည်သာဖြစ်၏။ ထိုလူများထမ်းလာသောသေတ္တာသည် သေတ္တာမဟုတ်ဘဲ ခေါင်းတစ်လုံးဖြစ်၏။ အနက်ရောင်အင်္ကျီဆင်တူဝတ်ပြီး အရပ်ရှည်၍ ပိန်ပိန်ပါးပါးရှိသော လူရှစ်ဦးသည် ခေါင်းကိုထမ်း၍ တဖြည်းဖြည်းရောက်ရှိလာ၏။

ခေါင်းကိုထမ်းလာသည်မှာ စီးချက်ဝါးချက်ကျပြီး ယိမ်းထိုးလာခြင်း ဖြစ်သည်။ ခေါင်းပေါ်၌ လူတစ်ဦးထိုင်၍ လိုက်ပါလာ၏။ သူ၏တစ်ကိုယ်လုံးမှာ ဆွတ်ဆွတ်ဖြူဖွေးသောအင်္ကျီ ဝတ်ထား၏။ ထိုလူမှာ ဆယ်နှစ်ကျော်ခန့်သာရှိသေးသော ကလေးငယ်တစ်ဦးဖြစ်နေ၏။ ထိုကလေးငယ် မည်သူနည်း။

သူတို့သည် မီးရောင်အနီးသို့ရောက်ရှိလာတော့မှ ကျောက်ဂူက ထိုကလေးငယ်အား ကောင်းစွာမှတ်မိလိုက်၏။ ထိုကလေးငယ်ပျောက်သွားသည်ကို မိမိသတိမပြုမိခဲ့ပေ။ မိမိအား ဤနေရာသို့ခေါ်ဆောင်လာသော ကလေးငယ်ပင်ဖြစ်၏။

သို့သော် ထိုစဉ်က ပုံစံနှင့် မဟုတ်တော့ပေ။ သို့သော် ယခုကလေးငယ်မှာ အဝတ်အစားလဲထားသည်။ သူ သဘောမပေါက်။ ကျောက်ဂူ သဘောမပေါက်ပါ။ ဤကလေးငယ်သည် အဘယ်ကြောင့် ခေါင်းပေါ်၌ ထိုင်၍လိုက်ပါလာသနည်း။ ကျောက်ဂူက မစဉ်းစားတတ်လောက်အောင် ဖြစ်မိ၏။ သူသည် ရှေ့မြင်ကွင်းကို လွန်စွာစိတ်ဝင်စားနေသဖြင့် ရှေ့သို့သာ ကြည့်နေမိသည်။ ထိုအချိန်တွင် လူတစ်ယောက်က သူ၏အင်္ကျီစကို ဆွဲနေ၏။

"ကြည့်စမ်းပါဦး ... ခေါင်းပေါ်မှာပါလာတဲ့ကလေးက ကျွန်တော်နဲ့တူသလားဗျာ၊ အစ်ကိုကြီး ကျွန်တော့်ရုပ်ကို သေသေချာ ချာကြည့်ပါဦး"

ကျောက်ဂူသည် သူ၏အင်္ကျီစကို ဆွဲ၍မေးသောလူအား ငုံ့ကြည့်လိုက်၏။ ဤရထားလုံးထဲ၌ သူ၊ ဘဘစုခံနှင့် ရထားလုံးပိုင်ရှင်တို့သာ ရှိကြပါသည်။ အဘယ်ကြောင့် လူတစ်ယောက်ပိုနေသနည်းဟု စဉ်းစားမိသည်။

သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေ၏။



အလွန်လည်း အံ့သြသွားသည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏အင်္ကျီစကို ဆွဲ၍မေးသူမှာ မိမိအား ဤနေရာသို့လမ်းပြခေါ်ဆောင်လာသော ကလေးငယ်ပင် ဖြစ်နေသောကြောင့်တည်း။

သူ၏ကိုယ်ပေါ်တွင် နဂိုအတိုင်း အနီရောင်အင်္ကျီဝတ်ဆင်ထားသည်။ ခေါင်းပေါ်မှ ကလေးငယ်က အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသည်။ ထိုကလေးငယ်နှစ်ယောက်မှာ ခွဲမရနိုင်လောက်အောင် ရုပ်ချင်းဆင်နေလေသတည်း။ ကျောက်ဂူ ဦးနှောက်ခြောက်သွားလေ၏။ ထိုစဉ် ...

'တောက် .. တောက် .. တောက်'

အုန်းမောင်းခေါက်သံသုံးချက် ကြားလိုက်ရ၏။ ယခုအချိန်သည် မိုးလင်းလုပြီဖြစ်၍ အုန်းမောင်းခေါက်သံလေးချက်ဖြစ်ရမည်။ ယခုတော့ သုံးချက်သာ။ ကျောက်ဂူသည် အုန်းမောင်းခေါက်သောလူကို အသေအချာမြင်ရန် လှမ်းကြည့်သည်။ ထို့ကြောင့် အသေအချာပင် မြင်လိုက်ရသည်။

ထိုလူသည် အစိမ်းရောင်အင်္ကျီ၊ အဖြူရောင်ဘောင်းဘီ၊ ဂုန်နီကြိုးဖြင့် ယက်ထားသော ဖိနပ်ဝတ်ဆင်ထား၏။ အဆင်အပြင်ကတော့ ဘာမျှမထူးခြားပါ။ ရိုးရိုးသားသား ဆင်းရဲသားတစ်ယောက်ဝတ်ပုံမျိုးသာ ဖြစ်ပါသည်။ သူ၏မျက်နှာတစ်ခုလုံး သွေးရောင်မရှိဖြူဖပ်ဖြူရော် ဖြစ်နေ၏။ လူတစ်ယောက်၏မျက်နှာ၌ သွေးရောင်

မရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေလျှင် မည်သူနှင့်တူပါသနည်း။

သူ၏လက်ထဲတွင် လက်တံဘုကလေးတစ်ခု ကိုင်ထား၏။ ဘုကလေးက တီးခတ်ရန်ဖြစ်ပုံရသည့် မောင်းကလေးတစ်လုံးလည်း ရှိ၏။ ထိုမောင်းကလေးကို တီးခတ်မည်ဖြစ်သည်။ ဝါးလုံးတို တစ်လုံး ရှိပြီး အဖြူရောင်တောင်ဝှေးတစ်ချောင်းကိုလည်း တွေ့မြင်ရ၏။

ထိုလူသေအလောင်းနှင့် တူသူကား မည်သူနည်း။

အသက်ခြေကင်းသမား လိစန်ပင် မဟုတ်ပါလား။

အသက်ခြေကင်းသမား လိစန် ရောက်လာပေပြီ။

လိစန်က ကျောက်ဂူအားမမြင်ပါ။ မည်သူ့ကိုမှ မမြင်မတွေ့ပါ။ သူသည် မျက်မမြင်တစ်ယောက်မဟုတ်ပါလော။ သူသည် အုန်းမောင်းကိုသာ အာရုံစိုက်နေပုံရသည်။ အခြားမည်သူ့ကိုမျှ ဂရုပြုပုံမရပါ။ သူသည် အုန်းမောင်းခေါက်သံသုံးချက်တိတိကို ခေါက်လိုက်လျှင် လူတစ်ယောက်၏အသက် ဆုံးရှုံးသွားမည်ဖြစ်၏။ စောစောက သူခေါက်လိုက်သော အုန်းမောင်းခေါက်သံသုံးချက်သည် လေထဲ၌ လွင့်ပျံ့သွားပြီး ဖြစ်ပါ၏။

ယခု သူသည် အုန်းမောင်းသုံးချက်တိတိ ခေါက်လိုက်၏။ မည်သူ၏အသက် ဆုံးရှုံးလိမ့်မည်နည်း။

✵ ✵ ✵



## အခန်း (၃၁)
## လူသေနှင့်စကားပြောခြင်း

အဖြူရောင်အင်္ကျီဝတ်ဆင်ထားသော ကလေးငယ်သည် ငြိမ်သက်စွာဖြင့် ခေါင်းပေါ်၌ ထိုင်နေ၏။ သူထိုင်နေပုံမှာ ငြိမ်သက်လှသဖြင့် ဘုန်းကြီးတစ်ပါး တရားထိုင်နေသည်ဟု ထင်မှတ်ရသည်။ သို့သော် သူ့အင်္ကျီက အဖြူရောင်ဖြစ်နေသည်။

အနီရောင်အင်္ကျီဝတ်ဆင်ထားသော ကလေးငယ်က သူ့အား ကြည့်၍ ပြုံးနေ၏။ အဘယ်ကြောင့် ပြုံးနေသည်ကို ကျောက်ဂူ မသိပါပေ။ လူတစ်ယောက်ပြုံး၍ကြည့်လျှင် ကိုယ့်ကိုသိသူဖြစ်လိမ့်မည်ဟု ယူဆရန်အကြောင်းရှိသည်။

သို့သော် ဤကလေးငယ်ကိုတော့ သူ မသိပေ။

ဤကလေးငယ်နှင့် ဆင်တူသော ကလေးတစ်ဦးကိုတော့ သူသိခဲ့သည်။ အဖြူရောင်အင်္ကျီနှင့်ကလေးငယ်က သူ့အား မကြည့်တော့ချေ။ ခပ်တည်တည် ထိုင်လာပြန်သည်။ အနီရောင်ဝတ်ဆင်ထားသော ကလေးငယ်က သူ့အား ပြောင်လှောင်ပြုံးနေပြန်သည်။

ထိုကလေးနှစ်ယောက်သည် ရုပ်ချင်းဆင်သော်လည်း အမူအကျင့်မတူဘဲ ရှိနေကြသည်။ ကျောက်ဝှက အနီရောင်အကျႌနှင့်ကလေးငယ်အား မေးလိုက်သည်။ မေးရပေမည်။ သူတို့မှာ အမြွာညီအစ်ကို ဖြစ်နိုင်သည်။ ဖြစ်ခဲ့လျှင် သိရပေလိမ့်မည်။

"မင်း သူ့ကိုသိလို့လား"

အနီရောင်အကျႌနှင့်ကလေးက လက်ညှိုးထိုးပြပြီး ပြန်မေးလေ၏။

"ဟိုချာတိတ်ကိုလား"

"အေး ...ဟုတ်တယ်"

"သိတာပေါ့ဗျာ"

ကျောက်ဝှ ဝမ်းသာသွား၏။ ခေါင်းပေါ်မှ လူငယ်အကြောင်း သူ သိရတော့မည်မဟုတ်ပါလား။ ကျောက်ဝှက သူသိချင်စိတ်ကို အနီရောင်ကလေးငယ် မရိပ်မိစေရန် ခပ်အေးအေးမေးလိုက်၏။

"သူနဲ့မင်း ညီအစ်ကိုလား၊ ဒါမှမဟုတ် အမြွာညီအစ်ကိုလား၊ ဒါမှမဟုတ် သူငယ်ချင်းလား"

အနီရောင်အကျႌနှင့်ကလေးက ...

"အစ်ကိုကြီးမေးတာ တစ်ခုမှမဟုတ်ဘူးဗျ"

ကျောက်ဝှ အံ့ဩသွားလေ၏။ သူ့အထင် အနည်းငယ်တော့မှန်လိမ့်မည်ဟု ထင်သည်။



"ဒါဖြင့် ဘယ်လိုတော်တာ"

"ဘယ်လိုမှမတော်ပါဘူး၊ သူက ကျွန်တော့်ရန်သူတော်ပဲ"

"မင်းတို့ဟာ ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ဘယ်တုန်းက ရန်သူဖြစ်သွားခဲ့တာလဲ၊ ဘယ်သူက ကျူးလွန်တာလဲ၊ ဘယ်သူက ခံလိုက်ရတာလဲ"

အနီရောင်အကျႌနှင့်ကလေးက ...

"အစ်ကိုကြီး ဘယ်လိုမေးနေတာလဲ၊ မေးပုံက မှားနေပြီဗျ၊ သူနဲ့ကျွန်တော်ဟာ မွေးဖွားကတည်းက ရန်သူပဲဗျ"

ကျောက်ဝှက ...

"ဒါဖြင့် ခေါင်းထဲမှာက ဘယ်သူလဲ"

အနီရောင်အကျႌနှင့်ကလေးက ...

"အစ်ကိုကြီးဟာ လည်သလိုလိုနဲ့ အတော်အ,သေးတာကိုး၊ ကျွန်တော်ကလည်း အစ်ကိုကြီးကို ဉာဏ်ကောင်းတယ်လို့ ထင်ထားတာ၊ အခုတော့ မှားနေပြီကိုး"

ကျောက်ဝှ မျက်မှောင်ကြုတ်သွား၏။

"မင်းဥစ္စာက မဟုတ်သေးပါဘူး၊ ဒါလေးမေးတာနဲ့ ငါဟာ အများကြီးစွဲချက်တင်ခံလိုက်ရသလိုပဲ"

အနီရောင်အကျႌနှင့် ကလေးကပဲ ပြုံးပြုံးလိုက်၏။

"အစ်ကိုကြီးမှာ အတွေးအခေါ်မရှိတာ အမှန်ပဲကွယ်"

"မင်း ငါ့ကိုစော်ကားပြန်ပြီ"

"မစော်ကားပါဘူး၊ ခေါင်းထဲမှာ ဘယ်လိုလူမျိုးက ဝင်အိပ်မှာလဲ၊ ထားရင်လည်း ဘယ်လိုလူမျိုးကို ထားမှာလဲ၊ လူသေကိုပဲထားမှာပေါ့ဗျာ၊ ခေါင်းထဲမှာ ရှိနေတာက လူသေပေါ့ဗျာ၊ ဘယ်သူဖြစ်ရမှာတုံး"

ကျောက်ဂူ အနည်းငယ်သာပြောရသေးသည်။ ကလေးငယ်က မိုးမွှန်အောင်ပြောသွားလေ၏။

ထိုစဉ် ခေါင်းကိုထမ်းလာသူများ သည် ခေါင်းကို ရထားလုံးရှေ့တွင် ချထားလိုက်၏။ ခေါင်းတစ်ခုလုံးသည် မီးရောင်အောက်တွင် ဝင်းလက်နေ၏။ ဝင်းလက်သောခေါင်းတစ်လုံးသာ ဖြစ်ပါသည်။ အနက်ရောင်ခေါင်း မဟုတ်ပါ။

အဘယ်ကြောင့် ခေါင်းသည် ဝင်းလက်နေပါသနည်း။ မီးရောင်က ခေါင်းကို ဝင်းလက်နေအောင် ပို့ဆောင်ထားသည်။

ကျောက်ဂူသည် ခေါင်းအကြောင်း စဉ်းစားနေ၏။ လူသေထည့်သောခေါင်း။ လူသေထည့်သောခေါင်းမှာ မင်္ဂလာမရှိသော်လည်း တရုတ်တို့သည် သေခြင်းတရားကို လက်ခံကြပါသည်။ မသေမီကပင် မိမိအတွက် ခေါင်းကိုဝယ်တတ်ကြပါသည်။ ယခုလည်း ကြိုတင်ဝယ်ထားသည့်ခေါင်းပေလော။ ထိုခေါင်းတစ်လုံးမှာ ရွှေဖြင့်ပြု



လုပ်ထားခြင်းကြောင့် ကျောက်ဂူတွေးနေခြင်းဖြစ်ပါသည်။

ထို့ကြောင့်လည်း ခေါင်းထမ်းလာသူရှစ်ဦးမှာ တစ်ကိုယ်လုံး ချွေးများစိုနေ၏။ သူတို့သည် အဘယ်ကြောင့် လူသေအလောင်းကို ရွှေဖြင့်ပြုလုပ်ထားသော ခေါင်းထဲမှာထည့်ပြီး ဤနေရာသို့ ထမ်းလာရပါသနည်း။ အထဲ၌ လူသေအလောင်း တကယ်ကောရှိနေပါသလော။

အခြေအနေက ယခုအခါ လုံးဝမထူးခြားသေးသော်လည်း မကြာမီအချိန်၌ ထူးခြားစွာပြောင်းလဲသွားမည်ကို ကျောက်ဂူ သိနေသည်။

ထိုစဉ် အဖြူရောင်ဝတ်ဆင်ထားသော ကလေးသည် ခေါင်း၏အဖုံးပေါ်တွင်ထိုင်လျက်ကပင် ရုတ်တရက် လီစန်အား လက်ယပ်ခေါ်လိုက်လေ၏။ သူ့အပြုအမူမှာ ထူးခြား၏။ မျက်မမြင်တစ်ယောက်အား ထိုသို့ခေါ်ငင်၍ ရပါမည်လော။

လီစန်သည် သူ့အား လက်ယပ်ခေါ်နေသည်ကို မြင်တွေ့ရသောအခါ ကလေးအနီးသို့ လျှောက်သွားလေ၏။ မျက်မမြင်တစ်ယောက်ဟု အများထင်ထားသူက ထိုကလေးငယ်အနီးသို့ အံ့သြစဖွယ် လျှောက်သွားသည်ကို အားလုံးမြင်တွေ့လိုက်ရ၏။ အနီးသို့ရောက်သောအခါ ကလေးငယ်အား ခါးကိုင်း၍ အရိုအသေပြုလိုက်လေ၏။

ထိုအခါ အဖြူရောင်နှင့်ကလေးငယ်သည် ထိုင်ရာမှ ထရပ်လိုက်သည်။ ထို့နောက် လိစန်၏ပခုံးပေါ်သို့တက်၍ ရပ်လိုက်၏။

တောအော်သံ၊ တောင်ပြိုသံ ဖြစ်လာပြီဆိုလျှင် ဆင်များ၊ ကျားများကို မကြောက်သည့်သတ္တဝါများ ရှိတတ်ကြသည်။ သို့သော် တောခွေးများ အုပ်စုနှင့်ပြို့ဆင်းလာသည်ကိုတော့ မည်သည့်သတ္တဝါမဆို ကြောက်ကြသည်။ တောခွေးအုပ်စုကို ခွေးဆိုပြီး အထင်မသေးကြချေ။ ရှောင်ကြသည်။ မရှောင်သောသတ္တဝါသည် အရိုးနှင့်အသားတခြားစီဖြစ်သွားတတ်သည်။

ယခု သိုင်းလောကတွင်လည်း သက်ခြေကင်းသမားလိစန်လာပြီဆိုလျှင် တောခွေးအုပ်ကိုကြောက်ကြသလို ကြောက်ကြ၏။ သိုင်းလောကရှိ သိုင်းသမားများသည် သက်ခြေကင်းသမားကိုရှောင်တိမ်းကြ၏။ သက်ခြေကင်းသမားလိစန်သည် ထိုကလေးက သူ၏ပခုံးပေါ်သို့ တက်နင်းထားသည်ကို မကျေနပ်သည့်လက္ခဏာ မတွေ့ရပါ။

ထိုသို့ဆိုပါက သူ ကျေနပ်လက်ခံသည်ပေါ့။ ထိုသို့ လူနှစ်ယောက် တစ်ယောက်က ထမ်းလျက်လာခြင်းမှာ ကြောက်မက်ဖွယ်ရာအတိပင်။ အနီရောင်နှင့်ကလေးက သူ့အား အသံတိုးတိုးဖြင့်ပြောသည်။

"အစ်ကိုကြီး ... သူဟာ မွေးဖွားကတည်းက ခြေဖဝါးမှာ



မြေမှုန့်တစ်စိမှ မထိတွေ့ခဲ့ဖူးဆိုတာ ယုံသလား"

ကျောက်ဝူ ပြန်မေးလိုက်၏။ အလွန့်အလွန်ထူးဆန်းသောမြင်ကွင်းဖြစ်သော်လည်း ကျောက်ဝူက မထူးဆန်းဟန်ဆောင်လိုက်ပါသည်။

"ယုံပါတယ်"

အနီရောင်နှင့်ကလေး သက်ပြင်းချလိုက်၏။ သူက ညည်းညူလိုက်သည်။ သူက ...

"ကျွန်တော့်ခြေထောက်ကတော့ ရွှံ့တို့ မြေတို့ သဲမှုန့်တို့ ပြည့်နေတာပဲ၊ မသန့်ရှင်းဘူးလေ ... သဲရွှံ့မြေဆိုတာက အညစ်အကြေးတွေပဲ မဟုတ်လား"

ကျောက်ဝူက ပြုံး၍ပြောလိုက်သည်။ တကယ်ကြောက်သလားဆိုတော့ သူ မကြောက်ပါ။ ထူးဆန်းနေသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

"ငါကတော့ ခြေထောက်ရွှံ့ပေတဲ့ကလေးကို ပိုချစ်တယ်၊ ငါ ငယ်ငယ်တုန်းကဆိုရင် ခြေထောက်မပြောနဲ့ ... မျက်နှာတစ်ခုလုံး ပေနေတတ်ပါတယ်"

အနီရောင်နှင့်ကလေးက သူ၏လက်ကို ဆွဲထားလိုက်၏။

"ကျွန်တော်လည်း အစ်ကိုကြီးကိုချစ်ပါတယ်၊ တစ်ခါတလေ အစ်ကိုကြီးဟာ နုံနုံအအဖြစ်နေတာကို ကျွန်တော် တွေ့ရတယ်၊ .

ဒါပေမဲ့ ကျွန်တော် မမုန်းပါဘူး”

ကျောက်ရုပ် ပြုံးပြရန် ပါးစပ်ဟလိုက်ရာ ... သို့သော် မပြုံးဖိဘဲ ပါးစပ်ပိတ်ထားလိုက်မိတော့၏။ အဘယ်ကြောင့်နည်း။ ပြုံးချင်လျှင် ပြုံးလိုက်ရမည်သာဖြစ်၏။ သို့သော် သူ မပြုံးနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ခေါင်းအဖုံးကို ဖွင့်နေပြီဖြစ်သောကြောင့်တည်း။

ခေါင်းထဲတွင် လူတစ်ယောက်က ဆန့်ဆန့်ကြီးလဲလျောင်းနေ၏။ မည်သူသေနေသနည်း။ သို့မဟုတ် မည်သူအိပ်နေသနည်း။

သူ၏ လက်နှစ်ဖက်သည် ရင်ဝပေါ်၌ ယှက်ထား၏။ ဖြူဖွေးသောအဝတ်အစားပေါ်တွင် ဖုန်တစ်စက်မှမရှိပါ။ မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိပါ။ လူသေအလောင်းကောင်တစ်ခုပင်။ သို့သော် သွေးရောင်မရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေလျှင် လူသေဟု မပြောနိုင်ပါ။ သက်ခြေကင်းသမား လိစန်ကိုကြည့်ပါ။ သူသည် မျက်လုံးကန်းနေပြီး မျက်နှာတစ်ခုလုံး သွေးမရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ သူသည် လှုပ်ရှားသွားလာနေ၏။ မည်သူကမျှ သူ့အား လူသေတစ်ယောက်ဟု မပြောကြပါ။ သက်ခြေကင်းသမားဆိုပြီး ကြောက်လန့်နေကြသေးသည်။

တစ်ကိုယ်လုံးကို ခြုံကြည့်မည်ဆိုလျှင် ထိုလူမှာ နှစ်များစွာ သေဆုံးပြီးဖြစ်သော ဖုတ်ကောင်နှင့် တူနေ၏။ ဤတစ်ချက်ကို ကျောက်ရုပ် နားလည်နိုင်ပြန်ပေ။ ထိုလူများသည် အဘယ်ကြောင့်



ခေါင်းအဖုံးကို ဖွင့်ပြရပါသနည်း။ အထဲကဖုတ်ကောင်နှင့်တူသော လူသေကို ထုတ်ပြကြပါသနည်း။

သူတို့သည် ရထားလုံးပိုင်ရှင်ကို မြင်တွေ့နိုင်ရန် ခေါင်းကို ထမ်းလာသည်လော။ ဤအခေါင်းနှင့်အလောင်းကို ရထားလုံးပိုင်ရှင်အား ပြသလိုခြင်းဖြစ်သလော။ သို့မဟုတ် လူသေကောင်က ရထားလုံးပိုင်ရှင်အားတွေ့လို၍ ထမ်းခေါ်လာရခြင်း ဖြစ်သည်လော။

ရထားလုံးပိုင်ရှင်သည် လူသေအလောင်းကို သေချာစွာ ကြည့်လေ၏။ လူသေအလောင်းသည် ၎င်းအားပြန်မကြည့်ဘဲ မျက်လုံးပိတ်ထားသည်။ လူသေဆိုသည်မှာ မျက်လုံးမှိတ်ထားမည်ပေ့ါ။ မျက်လုံးမမှိတ်ဘဲသေလျှင်လည်း အနီးအပါးလူများက မျက်လုံးမှိတ်ပေးတတ်ကြသည်။ ရထားလုံးပိုင်ရှင်က လူသေကိုကြည့်ပြီး သက်ပြင်းချလိုက်လေ၏။ သူက ဖြည်းညင်းစွာမေးလေ၏။

“တစ်နှစ်ဆိုတဲ့အချိန် ကုန်သွားပြန်ပါပြီ၊ ခင်ဗျား နေလို့ကောင်းရဲ့လားဗျာ၊ ကျုပ် နှုတ်ဆက်လိုက်ပါတယ်”

ကျောက်ရုပ် အံ့သြရပြန်လေ၏။ ပိုင်ရှင်က လူသေအား နှုတ်ဆက်နေ၏။ ၎င်း၏နှုတ်ဆက်သံကို လူသေကြားနိုင်ပါ၍လား။ တကယ်အံ့သြစဖွယ်ဖြစ်ရပ်ကို တွေ့နေရပါလေပြီ။

✵ ✵ ✵

## အခန်း (၃၂)
## လူသေ၏လျှင်မြန်မှု

ထူးဆန်းလှသော မြင်ကွင်းပါတည်း။

သိုင်းလောကသား မဟုတ်လျှင် ထပြေးနိုင်လောက်သည်။ လူသေက ရထားလုံးပိုင်ရှင် ၏စကားကို ကြားနိုင်ရုံမက တုံ့ပြန်၍ပင် ပြောဆိုနိုင်သေး၏။

"မကောင်းပါဘူးကွာ"

ကျောက်ဝူပါမက စုခုံပင် အံ့သြ၍မဆုံးနိုင်အောင် ဖြစ်သွား ရလေ၏။ ရထားလုံးပိုင်ရှင်သည် လူသေနှင့် စကားပြောနိုင်သူလော။ လူသေက ပြန်မေးလိုက်၏။

"မင်းကော"

ပိုင်ရှင်က ...

"မကောင်းလှပါဘူးကွာ၊ ငါကတော့ သိတဲ့အတိုင်း သေရွာ တစ်ဝက်နင်းနေတဲ့လူပဲ"

ပိုင်ရှင်သည် ထောက်စင်နှင့်နေရသည်ကို ရည်ရွယ်ပြီး ပြော



လိုက်၏။ ထိုအခါ လူသေက သက်ပြင်းရှည်ကြီးချပြီး စကားပြော သည်။ သူပြောသောစကားမှာ လူအားလုံးကို အံ့အားသင့်စေသည့် စကားများဖြစ်သည်။

"ရှောင်လို ... မင်းကြောင့် ငါ ဒုက္ခရောက်ခဲ့သလို ငါ့ကြောင့် လည်း မင်း ဒုက္ခရောက်ခဲ့ရတာပဲ မဟုတ်လား၊ အပြန်အလှန်ဆို တော့ မဟာန်လှပါဘူး" .

ယခုကျမှ ကျောက်ဝူသည် ရထားလုံးပိုင်ရှင်၏အမည်ကို သိလိုက်၏။ စုခုံသည် ရထားလုံးပိုင်ရှင်နှင့် ကြာမြင့်စွာကပင် ရင်းနှီး ခင်မင်ခဲ့၏။ သူလည်း ရထားလုံးပိုင်ရှင်၏အမည်ကို မသိချေ။ ပိုင်ရှင် ၏အမည်မှာ ရှောင်လိုဖြစ်၏။ ရှောင်လို၏အမည်ကိုတော့ သိကြရပါ ပြီ။ ထိုလူသေ၏အမည် မည်သူဖြစ်သနည်း။

လူသေ၏အမည်ကို သိဖို့လိုပါသေးသည်။ လူသေ၏အသံ သည် အက်ကွဲသောအသံဖြစ်ရုံမက ကြေကွဲသည့်အသံလည်း ပါနေ ၏။ လူတစ်ဦးသည် အမှန်တကယ် သေဆုံးသွားပါလျှင် မည်သည့် အရာမျှ ခံစားနိုင်မည်မဟုတ်။ သို့သော် လူသေသည် မည်ကဲ့သို့ပင် ကြည့်ကြည့် သက်ရှိလူတစ်ဦးနှင့်မတူဘဲ လူသေနှင့်သာ တူနေပေ သည်။ ယခု လူသေ သည် မည်သို့ကြည့်ကြည့် လူသေနှင့်တူသည်မှာ အမှန်ပင်။ သို့သော် ယခု အသက်ရှင်သန်နေသေးသည်မှာ အဘယ် ကြောင့်နည်း။

အားလုံးသည် လူသေ၏အဖြစ်သနစ်များကို ဓစ်မြစ်လှန် ကြည့်လိုကြ၏။ သို့သော် သိုင်းလောက၌ သိချင်တိုင်းသိခွင့်မရှိပေ။ ထူးခြားဆန်းကြယ်သော သိုင်းပညာက သိချင်သူများကို ဆန့်ကျင်ဘက်ပြုနေလေ၏။ သိုင်းပညာထက်မြက်သူကို လူတိုင်းကြောက်ရွံ့ကြ၏။ ရှောင်လိုသည် သက်ပြင်းချ၍ လူသေအား စိုက်ကြည့်၏။

"ဒီနေရာကို ခင်ဗျားရောက်လာလိမ့်မယ်လို့ ကျုပ် မထင်ခဲ့ဘူးဗျာ"

ရှောင်လို၏အသံသည် ဆွေးမြည့်စွာပြောနေသလိုမျိုးဖြစ်လာသည်။

"ခင်ဗျားရောက်လာရင် မလွယ်တော့ဘူးဆိုတာကို ကျုပ်သိတယ်"

လူသေက ဘာမျှမပြောပေ။ ရှောင်လိုက ဆက်ပြောလေ၏။

"ကျုပ်ကိုမြင်တာနဲ့ ကျုပ်နာမည်ကို ခင်ဗျားထုတ်ဖော်တော့မယ်ဆိုတာကို ကျုပ်သိနေတယ်၊ ကျုပ်နာမည်ကို သိုင်းလောကထဲကလူတွေ မသိကြဘူးဆိုတာ ခင်ဗျားသိပါတယ်၊ ခင်ဗျားက သိအောင်လုပ်မယ့်လူဆိုတာလည်း ကျုပ်သိပါတယ်"

လူသေက ...

"မင်းနာမည်ကို သူများ မသိစေချင်ရင် အခု ဒီမှာ ကြားမိတဲ့လူအားလုံး ငါသတ်ပစ်လိုက်မယ်လေ"

သူက ထိုစကားကို ထမင်းစားရေသောက်ပြောကြလေ၏။ ကျောက်ရုပ်မှာ ဓားကိုတင်းကျပ်စွာဆုပ်ထားမိလေ၏။ ရှောင်လိုက

"ဒီကလူတွေ ဘယ်သူတွေလဲဆိုတာ မင်းသိလို့လား ... မသိဘဲနဲ့ အရမ်းမပြောပါနဲ့"

လူသေက အသေကောင်အသံနှင့် ပြောနေ၏။ အသေကောင်အသံဆိုသည်မှာ အသံအနိမ့်အမြင့်မရှိသောအသံဖြစ်သည်။

"ဘယ်သူပဲဖြစ်ဖြစ် ငါ နားမလည်ဘူး"

သူ စကားပြောနေသော်လည်း မျက်လုံးများကို မဖွင့်ပါ။ သူ၏ဟန်မူရာမှာ လောကမှာ ရှိရှိသမျှ လူအားလုံးကို အထင်မကြီးဟန်ရှိသည်။ အထင်မကြီးဆိုမှတော့ အထင်သေးနေပြီပေါ့။ ကျောက်ရုပ် ရယ်မောလိုက်လေတော့၏။

"ဟား ... ဟား ... ဟား"

သူ၏ရယ်မောသံမှာ စူးရှလှသည်။ အဘယ်ကြောင့် ရယ်သည်ကို ဤပတ်ဝန်းကျင်မှ လူအားလုံး မသိကြပါ။ ထို့ကြောင့် အားလုံး အံ့သြတကြီး ဝိုင်းကြည့်ကြသည်။ ရထားလုံးပိုင်ရှင်ရှောင်လိုက မည်သည့်စကားမျှမပြောပါ။ သို့သော် လူသေက မေးလေ၏။

"မင်း ဘယ်သူ့ကို ရယ်တာလဲ ... ပြန်ပြောစမ်း"

လူသေအသံ။ အနိမ့်အမြင့်မရှိသော အသံပင်။ ကျောက်ရ

က အေးစက်စက်ပြန်ပြောလိုက်၏။

"ခင်ဗျားကို"

လူသေက ပြန်မေးသည်။

"ငါ ဘယ်သူလဲဆိုတာ မင်းသိသလား၊ သိလို့ရယ်တာလား၊ မသိဘဲနဲ့ ရယ်နေတာလား"

ကျောက်ဂူက ရယ်သံနှော၍ ပြောလိုက်၏။

"ခင်ဗျားကို ကျုပ်က ဘာကြောင့် ဖြေရှင်းချက် ထုတ်ပြန်နေရမှာလဲ၊ ရယ်တယ်ဆိုတာ အမျိုးမျိုးရှိတာပဲ၊ အကြောင်းမရှိဘဲနဲ့လည်း ရယ်ချင်ရယ်မှာပဲ၊ အကြောင်းရှိလို့ ရယ်တာလည်း ဖြစ်နိုင်တာပဲ၊ ကျုပ်က ရယ်ချင်လို့ ရယ်တာ ဘယ်သူ့ကို ဖြေရှင်းချက် ထုတ်နေရမှာလဲ"

လူသေက တိတိကျကျ မေးလေ၏။

"မင်း ဘာကြောင့် ရယ်ရယ်၊ ငါ ဂရုမစိုက်ဘူး၊ ငါသိချင်တာ ရှိတယ်၊ အဲဒါကိုသာဖြေ"

"ငါပြောနေတာကို မင်းရယ်နေတာလား"

ကျောက်ဂူက ခပ်အေးအေးပင် ပြော၏။ သူ့စကားကလည်း တစ်ခွန်းတည်းပင်။

"ဟုတ်တယ်"

လူသေ၏မျက်လုံးအစုံသည် လျှပ်စီးလက်သည့်အလား



ဝင်းလက်သွား၏။ သေခါနီးဖြစ်နေသော လူတစ်ဦးသည် သူ၏မျက်လုံးအစုံမှာ အဘယ်ကြောင့် ဝင်းလက်တောက်ပနိုင်ပါသနည်း။ နဂိုကတည်းက စူးရှတောက်ပနေမှသာ တောက်ပနိုင်ပါသည်။

လူသေသည် စူးရှသောမျက်စိအစုံဖြင့် ကျောက်ဂူအား စိုက်ကြည့်လိုက်၏။ ကျောက်ဂူလည်း မကြောက်မရွံ့ လူသေကို ပြန်ကြည့်နေ၏။ ထိုအခါ လူသေသည် ရုတ်တရက် ထရပ်လာလေ၏။ သူသည် ဒူးမကွေး လက်မဆန့်ဘဲ ထရပ်လိုက်ခြင်း ဖြစ်၏။ ဤသည်မှာ ပြုနိုင်ခဲသော အရာဖြစ်ပါသည်။

ထရပ်လိုက်သည်နှင့် ခေါင်းအပြင်သို့ ရောက်ရှိသွား၏။ ဤအပြုအမူမျိုးကို ကျောက်ဂူသည် မလုပ်နိုင်ပါ။ ကျောက်ဂူ ရင်ထိတ်သွားလေ၏။ ထိုလူသည် မြေပေါ်တွင်စုပုံနေသော စီဝမ်၏ပစ္စည်းများကို လက်နှစ်ဖက်ဖြင့် ယက်လိုက်သည်။ ရွှေခေါင်းလောင်း၊ ရွှေပန်းကန်၊ ရွှေကရား ...စသည်တို့မှာ အလိုအလျောက် လူသေ၏ လက်နှစ်ဖက်ရှိရာသို့ သံလိုက်ပမာရောက်ရှိသွားသည်။

အံ့ဩစရာကောင်းသည်မှာ လူသေသည် ထိုပစ္စည်းများကို မယူချေ။ ထိုပစ္စည်းများကို လက်ဝါးဖြင့် ချေလိုက်သည်။ ထို့နောက် ဆွဲဆန့်လိုက်သည်။ တစ်ခဏအကြာတွင် ရွှေထည်ပစ္စည်းတို့သည် အံ့ဩစရာ တုတ်ရှည်တစ်ချောင်းအသွင်သို့ ပြောင်းလဲသွားလေတော့သည်။

"သြော် ... သူက တုတ်ချောင်းလုပ်နေတာကိုး"

ကျောက်ဂူ ရင်ထဲတွင် အံ့သြသွားလေ၏။

ဖွန်း၊ ခက်ရင်း၊ ပန်းကန်၊ ဒယ်အိုး၊ ရွှေအိုးအားလုံးကို ထုချေပြီး တစ်စုတစ်ပေါင်းတည်း ရောနှောလိုက်ပြီး ထိုရွှေအားလုံးပေါင်းစပ်သွားသည့်အခါမှ နန်းဆွဲသလို တုတ်ချောင်းအဖြစ် ပြုလုပ်လိုက်ခြင်း ဖြစ်ပေသည်။ လူသေသည် ထိပ်တန်းသိုင်းပညာရှင်တစ်ဦး ဖြစ်သည်ကို နားလည်လိုက်၏။ လူသေက အရင်းမရှိ အဖျားမရှိမေးလိုက်၏။

"အခု မင်းယုံပြီလား"

ကျောက်ဂူက ပြန်ဖြေ၏။

"ယုံပါပြီ"

လူသေက ပြန်မေးသည်။ စောစောက မေးခွန်းပင်။ သူမကျေနပ်၍မေးကြောင်း ထင်ရှားနေ၏။

"မင်း ခုနတုန်းက ဘယ်သူ့ကိုရယ်တာလဲ"

ကျောက်ဂူက လက်ညှိုးထိုး၍ အတိအကျပြန်ဖြေသည်။

"ခင်ဗျားကို"

လူသေ စူးရှစွာအော်လိုက်၏။ သူ့အသံက အသံအနိမ့်အမြင့်ပေါ်လာသည်။ လူသေ၏အသံမျိုးမဟုတ်တော့ပေ။

"အား"

အသံဆုံးသွားသည်နှင့် လက်ထဲမှရွှေတုတ်ရှည်ကို ရှေ့သို့



ထိုးသွင်းလိုက်၏။ သူ လှုပ်ရှားလိုက်ပုံမှာ လျှပ်ပြက်လိုက်သကဲ့သို့ ဖြစ်လေသည်။ သူထိုးသွင်းလိုက်သော လျင်မြန်နှုန်းနှင့်ခွန်အားကို လောကတွင်ခံနိုင်ရည်ရှိသောလူ တစ်ဦးမှ မရှိနိုင်သေးပါ။ လွန်စွာမြန်ဆန်ပြီး ပြင်းထန်လှပါသည်။ သို့သော် လူသေသည် ရွှေတုတ်ရှည်ကို ထိုးသွင်းလိုက်တာ ကျောက်ဂူထံသို့မဟုတ်ဘဲ ရှောင်လို၏ကိုယ်ပေါ်သို့ ထိုးသွင်းခြင်းဖြစ်နေပါလေ၏။

* * *

## အခန်း (၃၃)
## ကုသခြင်း

လူသေ၏လှုပ်ရှားမှုသည် လျင်မြန်လွန်းသဖြင့် ရှောင်လို ရှောင်နိုင်စွမ်းမရှိပါ။ ကြောင်၏လျင်မြန်မှုကြောင့် ကြွက်၏လျင်မြန်မှုမှာ နှေးကွေးသလို ဖြစ်သွားရသည်။ ကြွက်၏လျင်မြန်မှုကို အများက သိရှိကြသည်။ မည်မျှလျင်မြန်စေ၊ ကြောင်၏လှုပ်ရှားမှုနှင့် တွေ့လိုက်ရသောအခါ ကြွက်၏လှုပ်ရှားမှုမှာ နှေးကွေးသွားသလို ဖြစ်ရလေ၏။ ယခုလည်း ဤပုံစံအတိုင်း ဖြစ်ပါသည်။

ရွှေရောင်များ ဝင်းလက်သွား၏။ ရွှေတုတ်ရှည်သည် ရှောင်လို၏ခြေထောက်မှာရှိသော ရှောင်လို၏သွေးကြောနေရာများကို တောက်လျှောက်ထောက်သွား၏။ တစ်ချက်ပြီးတစ်ချက် ထောက်သွားသည်။ သာမန်အားဖြင့် သွေးကြောကိုထောက်သွားသည်ဟု ပြောရသော်လည်း အများအမြင်တွင် ရွှေတုတ်နှင့်ထိုးသွားသည်ဟုသာ ထင်ရသည်။

မျက်စိတစ်မှိတ်အချိန်တွင် သူသည် ရှောင်လို၏မျက်နှာရှေ့



တည့်တည့်မှာရှိသော သွေးကြောအကြီးအသေး နေရာပေါင်း ၆၄ နေရာကို ထောက်ပြီးသွားပြီဖြစ်သွားသည်။ ရွှေရောင်တုတ်ရှည်သည် ယင်းသို့ထောက်ပြီးသည်နှင့် တစ်ပြိုင်နက် ရှောင်လို၏ခါးကို ရွှေတုတ်ရှည်ဖြင့် ကလော်လိုက်သည်။

ရွှေတုတ်ရှည်၌ လူသေ၏အင်အားများ စုပေါင်းရှိနေသည်။ ရှောင်လိုမှာ ထိုအင်အားဒဏ်ကို ခံနိုင်ပုံမရချေ။ ရှောင်လိုသည် မှောက်လျက်အနေအထား ဖြစ်သွား၏။ ရှောင်လို အနာတရဖြစ်ပြီလား မသိနိုင်ပါ။

လူသေသည် ဆက်၍ ရှောင်လိုနောက်ကျောဘက်မှ သွေးကြောနေရာ အကြီးအသေး စုစုပေါင်း ၆၄ နေရာကို ထောက်လိုက်ပြန်၏။ လူတစ်ဦး၏ခန္ဓာကိုယ်မှာ အဓိက သွေးကြောနေရာ ၃၆ ခုရှိ၏။ ရိုးရိုးသွေးကြောနေရာမှာ ၇၂ ခုရှိ၏။ ဤသည်မှာ လူတိုင်းတွင်ရှိကြသည့် သွေးကြောများဖြစ်သည်။

ထိုသွေးကြောနေရာများအားလုံးအနက် သွေးကြောနေရာတစ်ဝက်ခန့်မှာ ထောက်ပိတ်ခြင်းခံလိုက်ရလျှင် အသက်အန္တရာယ်ရှိမည်သာဖြစ်၏။ ယခု ရှောင်လိုကိုကြည့်ပါ။ လူသေ၏တိုက်ခိုက်မှုကို လုံးဝမရှောင်တိမ်းနိုင်ချေ။

ယခု လူသေသည် ရှောင်လို၏သွေးကြော အတော်များများကို ထောက်လိုက်၏။ ဤမျှ သွေးကြောအပိတ်ခံရခြင်းကြောင့် ရှောင်

လို အသက်သေရမည်မှာ သေချာ၏။ စုစုပေါင်းရှိသော သွေးကြော များအနက် တစ်ဝက်ခန့်အပိတ်ခံရလျှင် မည်သူမဆို သေမည်သာ ဖြစ်ပါသည်။ သို့သော် ရှောင်လို မသေပါ။ အလွန်အံ့သြစရာကောင်း သော မြင်ကွင်းဖြစ်ပါသည်။

သူ၏ခန္ဓာကိုယ်သည် ပေါ့ပါးစွာဖြင့် ကွပ်ပျစ်ပေါ်သို့ ပြန် လည်ကျလာ၏။ ယခင်က ရှောင်လို၏မျက်နှာသည် တစ်ခုခု အလို မကျသော အမူအရာရှိနေ၏။ ယခု ဓရှိတော့ ပေ။ မျက်နှာပေါ်တွင် သက်သောင့်သက်သာရှိသည့် ဟန်မူရာများ ဖြစ်ပေါ်လာ၏။ ဤ သည်မှာ အံ့သြဖွယ်ရာတည်း။

ရှောင်လိုမှာ လူ ကောင်းပကတိလန်းဆန်းနေသည်။ ယခု သူ့အားကြည့်လိုက်လျှင် နာတာရှည်ရောဂါသည်တစ်ယောက် နာ လန်ထလာသည်နှင့် တူနေသည်။ ထို့နောက် ကြီးလေးသော ဝန်ထုပ် ဝန်ပိုးတစ်ခု ကျသွားသည့်အလား သက်ပြင်းချလိုက်၏။

"ဟင်း"

သက်ပြင်းချသံကြီးကို အားလုံးကြားလိုက်ကြရသည်။

"အေး... ကျုပ်အနေနဲ့ နောက်ထပ်တစ်နှစ်တော့ အသက် ရှည်နေနိုင်ပါပြီ"

ထူးဆန်းစွာပြောကြားလိုက်သော ရှောင်လို၏မှတ်ချက် စ ကားဖြစ်နေပါ၏။ သူ အဘယ်ကြောင့် ထိုသို့ပြောသနည်း။ လူသေ



ထံမှ အနိမ့်အမြင့်မရှိသော စကားသံ ထွက်ပေါ်လာ၏။ အားလုံး၏ နားထဲသို့ဝင်သွားသည်။

"ငါကော"

ရှောင်လိုက အေးဆေးစွာပြောလေ၏။ ယခင်က အေးဆေး စွာပြောခဲ့သည်ဆိုလျှင် ယခု ထို့ထက်တစ်ဝက်ပို၍အေးဆေးသည်။

"ကျုပ်က ခင်ဗျားကို မသေစေရဘူးဆိုရင် ခင်ဗျား မသေ နိုင်ပါဘူး"

လူသေက ပြောလိုက်၏။

"ခင်ဗျား သိထားတယ် မဟုတ်လား"

"ဘာကိုသိထားရမှာလဲ"

"ခင်ဗျားရဲ့အသက်ကို ငါတစ်ယောက်တည်းသာ ထိန်းသိမ်း နိုင်စွမ်း ရှိတယ်ဆိုတာ သိထားလို့မဟုတ်လား"

ရှောင်လိုက ပြုံးလိုက်၏။

"ကျုပ်ကိုကျုပ် အသိဆုံးပါ၊ ဘယ်သူက ကျုပ်လောက်သိ မလဲ"

"ကျုပ် ကောင်းကောင်းသိထားပါတယ်"

လူသေက သူ၏လူသေ၏လက်နှင့် တူလှသော လက်တစ် ဖက်ကို ဖြန့်လိုက်၏။

"ဒါဖြင့် ဖြေဆေးပေးပါ"

လူသေသည် ဗေဒင်ဆရာမဟုတ်ပါ။ မျက်လှည့်ဆရာ ဖြစ်နေသလားတော့ မပြောတတ်ပေ။ လျှပ်တစ်ပြက် လက်ဖြန့်လိုက်၏။ ရှောင်လိုသည် လက်ဝါးပေါ်တွင် ကျောက်စိမ်းရောင်ကြွေဘူးကလေးကို တွေ့ရှိလေသည်။ ထိုကြွေဘူးလေးသည် လျှပ်တစ်ပြက်ပင် လူသေ၏လက်သို့ လျင်မြန်စွာရောက်ရှိသွားလေ၏။ ရှောင်လို၏ဆေးကို သောက်ပြီးသောအခါ လူသေ၏မျက်နှာတစ်ခုလုံးမှာ သက်သာသောဟန်မူရာများ ဖြစ်ပေါ်လာ၏။

သူသည်လည်း ရှောင်လိုကဲ့သို့ စကားပြောရန် ဟန်ပြင်လိုက်ပြီးမှ မပြောတော့ဘဲ သူ့နေရာ သူဝင်လိုက်သည်။ သူသည် လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီးနောက် ခေါင်းထဲသို့ ဝင်ရောက်ပြီး လှဲလျောင်းလိုက်၏။ ထို့နောက် မျက်စိမှိတ်ကာ အိပ်လိုက်၏။

"ရှူး"

အနီရောင်ကလေးကလည်း လေပူတစ်ချက် မှုတ်လိုက်၏။ လေပူမှုတ်သံကြားလိုက်ရသဖြင့် ကျောက်ဂူ အံ့သြသွားသည်။ ကျောက်ဂူက သူ့အား လှည့်ကြည့်လိုက်လေ၏။ ကျောက်ဂူသည် ထိုအခါမှ သူ့လက်များကို နဂိုအတိုင်း ဖြန့်မိသည်။ သူ့လက်များကို တင်းကျပ်စွာ ဆုပ်ခဲ့မိသည်မှာ မည်မျှကြာသွားပြီဟု မသိခဲ့ပါ။ သူ့တစ်ကိုယ်လုံးရှိ တင်းမာနေသော အကြောများလည်း ပြေလျော့သွားသည်။ သူ့စိတ်နှင့်ခန္ဓာကိုယ်မှာ တစ်သားတည်းဖြစ်သွားပြီး ပတ်ဝန်း



ကျင်ကို ဟိုဟိုဒီဒီကြည့်လာနိုင်သည်။ သူသည် လေပူမှုတ်သံကြားလိုက်၏။

"မင်း ဘာဖြစ်နေတာလဲ"

အနီရောင်ကလေးက အမှန်အတိုင်း ဝန်ခံလေ၏။ သူလည်း ကျောက်ဂူကဲ့သို့ဖြစ်နေပါသည်။ တစ်ကိုယ်လုံး မလှုပ်ရှားမိချေ။ ကျောက်ရုပ်ကြီးကဲ့သို့ ငြိမ်သက်နေခဲ့မိသည်။

"ကျွန်တော် စိတ်လှုပ်ရှားသွားလို့ပါ အစ်ကိုကြီးရာ ... ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ကျောက်ဂူက သူ့အဖြစ်ကို သူသိသည်။ အခြားသူများလည်း သူ့ကဲ့သို့ ဖြစ်နေလိမ့်မည်ကို သိသည်။

"မင်းကို ဘာလို့ခွင့်လွှတ်ရမှာလဲ"

အနီရောင်အကျီနဲ့ ကလေးငယ်က ပြောသည်။

"ကျွန်တော်က အစ်ကိုကြီးကို စိုးရိမ်နေတာ"

"ဘာဖြစ်လို့"

"အစ်ကိုက ဘုမသိ ဘမသိ ကျွန်တော့်ဆရာကို ကယ်လိုက်ရင် အားလုံးဒုက္ခရောက်သွားနိုင်လို့ပါ၊ ဒါကို ကျွန်တော်သိပ်စိုးရိမ်နေတာ"

ကျောက်ဂူက မေးမြန်းလိုက်၏။

"အခုတော့ သူတို့အခြေအနေကို ငါ သဘောပေါက်ပါပြီ၊

လှူသေက မင်းဆရာကို ဆေးကုပေးလိုက်တာလား"

အနီရောင်အင်္ကျီနှင့်ကလေးငယ်က ခေါင်းညိတ်လေ၏။

"ဟုတ်တယ်၊ သူဟာ တစ်နှစ်တစ်ကြိမ် အခုလို သွေးကြော များ ညှိပေးမှသာလျှင် သက်သောင့်သက်သာနှင့် အသက်ရှင်နိုင်မှာ ပါ၊ ဒါကို ကျွန်တော်တို့ကတော့ အတွေ့အကြုံရှိပြီးပါပြီ၊ အစ်ကိုကြီး သာ အတွေ့အကြုံမရှိတာပါ၊ ဒါကြောင့် အထင်အမြင်မှားနိုင်တာ ပေါ့"

ကျောက်ဂူက သက်ပြင်းချလိုက်၏။ သူက ပြောလိုက် သည်။

"ဒါဟာ မင်းဆရာရဲ့လျှို့ဝှက်ချက်ပါ၊ ဘာကြောင့် ငါ့ကို ပြောပြရတာလဲ၊ ပြောရင် အကျိုးယုတ်နိုင်တာပေါ့၊ လျှို့ဝှက်ချက် ဆိုတာ လျှို့ဝှက်ထားမှသာ အကောင်းဆုံးပါ"

ကလေးငယ်က ...

"အစ်ကိုနဲ့ကျွန်တော်နဲ့ဟာ မိတ်ဆွေဖြစ်နေပြီပဲ၊ လျှို့ဝှက် ထားဖို့မလိုပါဘူး၊ လျှို့ဝှက်ချက်ဆိုတာ လူစိမ်းတွေအပေါ်မှာထားတဲ့ အချက်ပါ"

အနီရောင်ကလေးငယ်၏စကားမှာ သဘာဝကျလှသဖြင့် သူ ပါးစပ်ပိတ်ထားလိုက်သည်။ ကလေးငယ်က ဆက်ပြောလေ၏။ သူတို့ပြောသံကို အခြားသူများမကြားနိုင်ပါ။



"အကယ်၍ လူသေက အစ်ကို ဘယ်သူ့ကိုရယ်တာလဲလို့ မေးရင် အစ်ကို ဘယ်လိုဖြေမလဲ၊ သူ့အမေးစကားက ရန်လိုတဲ့စကား ဆိုတာ လူတိုင်းသိပါတယ်၊ သူက အဲဒီစကားကို အဓိကထားပြီး တကယ်မေးတာဆိုရင် အစ်ကို ဘယ်လိုဖြေမလဲ"

ကျောက်ဂူက ပြုံးလိုက်လေ၏။

"သူ့ကို ရယ်တယ်လို့ ပြောရမှာပဲ၊ ငါ ဘာစကားကိုပြော ရမှာလဲ၊ ဒီစကားပဲရှိတော့တာ၊ အဲဒီတုန်းက သူနဲ့ငါနဲ့ စကားပြောနေ ကြတာ"

ကလေးငယ်က ...

"သူ သွေးကြောထောက်တဲ့ပညာကို သေသေချာချာ လေ့ လာကြည့်မိရဲ့လား၊ သိပ်မြန်တယ်နော်"

"မြန်တာတော့ မှန်တယ်၊ ဒါပေမဲ့ တချို့လူတွေရဲ့အမြင်မှာ တော့ သာမန်လှုပ်ရှားမှုတွေပါပဲ၊ သူ ဘယ်လောက်ပဲမြန်မြန်ပေါ့၊ ငါလည်း လိုက်ကြည့်နေမိပါတယ်"

ကလေးငယ်က မေးလိုက်၏။

"သူ သွေးကြောထောက်တာ ဘာပညာကို အသုံးပြုလိုက် သလဲ၊ အဲဒီအကြားမှာ ဘာပညာကို သုံးသလဲဆိုတာ အစ်ကိုကြီး သိမှာပဲပေါ့"

"သိတာပေါ့ကွာ"

"ဘာပညာလဲ"

"ဓားပညာ"

ကလေးငယ်သည် ကျောက်ဂူကို အလွန်ကျေနပ်သွား၏။ ကျောက်ဂူသည် သူနှင့်ဆွေးနွေးနိုင်သူဖြစ်၏။ ဤသည်မှာ ကျောက်ဂူ၏ပြည့်ဝမှုပင်။

"ကျွန်တော် နားမလည်လို့ မေးပါရစေ"

"ဓားပညာအသုံးပြုပြီး သွေးကြောထောက်တာ လွယ်သလား၊ ခက်သလား၊ အခုတွေ့တာကိုတော့ မပြောနဲ့ပေါ့"

ကျောက်ဂူ ခေါင်းခါယမ်းလိုက်သည်။

"မင်းအလုပ်တစ်ခုကို လုပ်တယ်ဆိုပါတော့ တစ်ခါတလေ သိပ်လွယ်တဲ့အလုပ်ရှိတယ်၊ ဥပမာ ပစ္စည်းတစ်ခုခုတောင်းရင် ယူပေးတာမျိုးပေါ့၊ အဲဒီအလုပ်က လွယ်ကူတဲ့အလုပ်ပဲ"

ကျောက်ဂူက ဆက်ရှင်းပြ၏။

"အေး ... အပေါ်ထပ်က ပစ္စည်းတစ်ခု ယူပေးစမ်းလို့ ပြောရင် မင်းအပေါ်ထပ်တက်ရတော့တာပဲ၊ ပထမလုပ်တာလောက် မလွယ်တော့ဘူး၊ ကဲ ...မင်းကို ခေါင်းမိုးပေါ်ကပစ္စည်း ယူပေးပါဆိုရင် ဒုတိယအလုပ်ထက် ခက်သွားပြီပေါ့၊ မင်းကို လေထဲကပစ္စည်းကို ယူပေးပါလို့ပြောရင် မင်းဘာလုပ်ရတော့မလဲ"

သူက အေးဆေးစွာဆက်ပြော၏။



"ဒီလောက်ကို ခက်ခဲတဲ့ပညာပါ"

ကလေးငယ်က စကားကို ပြောင်းလိုက်သည်။ သူ့အသံက ဝို၍တိုးသွားသည်။

"ဟိုကလေးက တစ်ချိန်လုံး ကျွန်တော့်ကို ကြည့်နေတယ်ဆိုတာ အစ်ကို သတိထားမိလား၊ လူသေနဲ့ဆရာ့ကို လူတိုင်းက ဂရုစိုက်တော့ ဘယ်သူမှ ဒါကိုဂရုမပြုမိကြဘူး"

ကျောက်ဂူက ...

"ငါအကုန်တွေ့တယ်၊ လူသေရဲ့လက်အောက်ငယ်သားတွေရဲ့လှုပ်ရှားမှုကို ငါကြည့်နေတယ်"

ကလေးငယ်က

"သူက ဘာကြောင့် ကျွန်တော့်ကို စိုက်ကြည့်သလဲဆိုတာ သိသလား၊ အစ်ကိုကြီးသိရင် ပြောကြည့်ပါ၊ ဒီမေးခွန်းကို အစ်ကိုကြီး တစ်မျိုးမထင်ပါနဲ့"

ကျောက်ဂူ သက်ပြင်းချလိုက်လေ၏။

"မင်းပြောတာတွေ သိပ်များနေပါပြီ၊ ငါမြင်တာတွေလည်း သိပ်များနေပါပြီ၊ ခဏလောက်ရပ်ထားကြတာပေါ့"

ကျောက်ဂူက ထိုစကားကို ပြောလိုက်ပါသည်။

✱ ✱ ✱

## အခန်း (၃၄)
## ကြောက်မက်ဖွယ်ရာကလေးတိုက်ပွဲ

ကလေးငယ်သည် ခေတ္တတိတ်ဆိတ်သွား၏။ ကျောက်ဂူ၏ စကားကို နားထောင်လိုက်ခြင်းဖြစ်ပုံရပါသည်။ ထိုအချိန်တွင် ရှောင်လိုသည်လည်းကောင်း၊ လူသေသည်လည်းကောင်း မည်သည့်စကားကိုမျှ မပြောပါ။ အတန်ကြာမှ ကလေးငယ်က သူ့ပထမမေးခွန်းကို ပြန်မေးပြန်၏။ ကျောက်ဂူက ပြုံးလိုက်ပြီး

"မင်း သိလျက်သားနဲ့ ငါ့ကို မေးနေတာပဲ၊ ငါ့ကို မမေးပါနဲ့ ... မင်းပဲဖြေပါ"

"ဟုတ်တယ် ... ကျွန်တော်ဖြေမယ်"

"ဘာဖြစ်လို့လဲ"

"သူ စိတ်ဆိုးနေလို့ပါ"

"သူ ဘာကြောင့်စိတ်ဆိုးတာလဲ"

ကလေးငယ်က ခပ်ပြုံးပြုံးပြောသည်။ သူတို့စကားပြောနေစဉ်ကာလတစ်လျှောက်လုံး ကလေးငယ်ပြုံးသည်ကို ယခုတစ်ကြိမ်



ပင် ကျောက်ဂူတွေ့ရှိသည်။

"သူက ကျွန်တော့်ကို စောင့်နေတာ၊ သူ့ကို ဂရုမစိုက်ဘဲ ခင်ဗျားနဲ့ စကားပြောနေလို့ပါ"

ကျောက်ဂူက ခေါင်းယမ်းလိုက်၏။

"ငါ သဘောမပေါက်ဘူး"

"သူက ဘာကိစ္စ မင်းကိုစောင့်နေတာလဲ"

ကလေးငယ်က ...

"တခြားတော့မဟုတ်ပါဘူး၊ သူက ကျွန်တော်နဲ့ ရန်ဖြစ်ချင်နေတာ၊ ရန်ဖြစ်ဖို့စောင့်နေတာ၊ ကျွန်တော်ကလည်း သူနဲ့ ဘယ်လိုရန်ဖြစ်ရမလဲ၊ ကျွန်တော့်ဆရာနဲ့ လူသေ ဆေးကုနေတာကို စောင့်ကြည့်နေရတာ"

ကျောက်ဂူ ခေါင်းကုတ်သွားသည်။

"ဘာ ...မင်းက သူနဲ့ ရန်ဖြစ်မယ်၊ ဟုတ်လား"

ဤမျှအရေးကြီးသောအချိန်တွင် ကလေးများ၌လည်း ပြဿနာရှိနေသေးသည်တကား။ ကလေးငယ်က ခေါင်းညိတ်၏။

"ဟုတ်တယ် အစ်ကိုကြီး၊ ဆရာ ဒီကိုလာတဲ့ကိစ္စက ဖြေဆေးလာတောင်းတဲ့အပြင် ကျွန်တော်နဲ့သူနဲ့ သိုင်းပညာ ယှဉ်ပြိုင်နိုင်ဖို့လည်း ပါပါတယ်၊ အဲဒီအစီအစဉ် မဖြစ်တော့ သူ စိတ်ဆိုးနေတာပေါ့"

ကျောက်ဂူ ပါးစပ်ပိတ်ထားလိုက်သည်။ သူတို့ကိစ္စကို သူ့အနေဖြင့် ဝင်ရောက်မှတ်ချက်မပေးခြင်းသာ အကောင်းဆုံးဖြစ်သည်ဟု သူယူဆသည်။ ကလေးငယ်က ပြုံး၍ စကားဆက်လိုက်သည်။

"ကျွန်တော်တို့ဟာ အသက်ရှစ်နှစ်ကနေ အခုလို ငါးနှစ်တိုင်တိုင် ယှဉ်ပြိုင်ခဲ့ပြီးပါပြီ"

"အခု ...မင်း အသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်သုံးနှစ်ပါ"

"မင်းတို့လည်း လူကြီးတွေလိုပဲ တစ်နှစ်တစ်ခါ ပြိုင်ကြတာပဲနော်၊ တာဝန်မကြီးဘူးလား"

အနီရောင်ဝတ်ကလေးက ...

"ဟုတ်တယ် ကြီးပါတယ်၊ တစ်နှစ်တစ်ခါ တာဝန်ကြီးထမ်းဆောင်ရသလို ဖြစ်နေတယ်"

ကျောက်ဂူက မေးလိုက်၏။

"ငါ သဘောမပေါက်ဘူး၊ မင်းတို့ဟာ ကလေးတွေပဲ၊ ဘာဖြစ်လို့ အခုလိုပြိုင်ရတာတုံး"

အနီရောင်ဝတ်ကလေးက ...

"သူ့ဆရာနဲ့ကျွန်တော့်ဆရာက သိုင်းပြိုင်ဖို့ အချိန်မပေးနိုင်လို့ပါ၊ ဒါကြောင့် သူတို့က တပည့်တွေကို သိုင်းပညာသင်ပေးပြီး ပြိုင်ခိုင်းတာပါ၊ အမှန်ကတော့ ဆရာတွေရဲ့ပြိုင်ပွဲပါ"



သူ စကားဆက်၏။

"ဒါကြောင့် နိုင်တဲ့လူက သူ့ဆရာအတွက် အနိုင်ရတဲ့သဘောပါ"

ကျောက်ဂူသည် ကလေးကိုကြည့်သည်။ ထို့နောက် အဖြူရောင်ဝတ် ကလေးကိုကြည့်ပြန်သည်။ သူတို့နှစ်ယောက်သည် ရုပ်ရည်နှင့် အရပ်အမောင်း တူနေခြင်းကြောင့် မေးမိသည်။ သူ့မေးခွန်းမှာ မေးသင့်မေးထိုက်သည့်မေးခွန်းဖြစ်နေပါသည်။

"မင်းတို့နှစ်ယောက် ညီအစ်ကိုလား၊ မင်းကို အရင်ကလည်း ငါ မေးဖူးပါတယ်"

အနီရောင်ဝတ်ကလေးက ငြင်းသည်။

"မဟုတ်ဘူး၊ ကျွန်တော်တို့က ရန်သူ"

ကျောက်ဂူက မေးလိုက်၏။

"မင်းတို့ဟာ တစ်နှစ်တစ်ခါရန်ဖြစ်နေကြတယ်ဆိုတော့ မစိမ်းပါဘူး၊ ကိုယ့်ပြိုင်ဘက်ကို ကိုယ်စိန်ခေါ်တာပဲ၊ သူ မင်းကို စောင့်နေတာဆိုရင် ဘာကြောင့်မခေါ်လဲ"

အနီရောင်ဝတ်ကလေးက ရယ်လိုက်၏။

"အဲဒါကတော့ ကိုယ့်ကိုယ်ကို အထင်ကြီးတာပေါ့ဗျာ၊ သူ့ကိုယ်သူ အထက်တန်းကျတဲ့ လူကြီးလူကောင်းဆိုပြီး ကျွန်တော့်ကို စောင့်ပေမယ့် မခေါ်တာပါ၊ လူကြီးတွေပုံမျိုးပေါ့ဗျာ"

ကျောက်ရူ ပြုံး၏။

"ငါနားလည်ပြီ၊ မင်း သူ့ကို စိတ်တိုအောင် စနေတာမဟုတ်လား၊ ငါ ရိပ်မိပါတယ်၊ မင်းကလည်း တော်တော် ပညာရှိတာပဲ၊ ငါနဲ့ စကားပြောတာက အစပေါ့"

အနီရောင်ဝတ်ကလေးက ရန်သူအကြောင်း စိတ်ဝင်စားနေသည်။ သူ့အကြောင်းကိုသာ ပြောနေ၏။

"သူက ဓားပညာကိုသင်တယ်"

"ကျွန်တော်က အတွင်းအားကိုသင်တယ်၊ ဒါကြောင့် သူ့ကို စိတ်တိုအောင်မလုပ်ရင် ကျွန်တော် ရှုံးမှာပေါ့၊ ဒီတော့ ကျွန်တော် လုပ်တာ မှားသလားဗျာ"

ကျောက်ရူ နားလည်လိုက်သည်။ သူတို့သည် ငယ်ရွယ်ကြသော်လည်း ပညာကတော့ မငယ်ပါ။ မည်သည့်သိုင်းပညာကို သင်သည်ဖြစ်စေ ယှဉ်ပြိုင်တိုက်ခိုက်သည့်အခါ စိတ်အနှောင့်အယှက် မဖြစ်မှ အနိုင်ရမည်။ ထို့ကြောင့် ပညာတူနေလျှင် ရန်သူစိတ်တိုအောင် ဒေါသထွက်အောင် ဆွပေးရသည်။ ဒေါသထွက်လျှင် စိတ်တိုလျှင် အမှားပြုမိပြီး ရှုံးသွားတတ်၏။

ဤသည်မှာလည်း ပညာတစ်မျိုးပင်။ သူတို့ စကားပြောနေစဉ် အဖြူဝတ်ကလေးက စိတ်ကိုမထိန်းဘဲ လှမ်းအော်၏။ အနီရောင်ဝတ်ကလေးက စိတ်ဓာတ်စစ်ဆင်ရေးအောင်မြင်ခြင်းပင်။



"ဟေ့"

အနီဝတ်ကလေးက လှည့်၍မကြည့်ပါ။ သူက သူ့စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲနေခြင်းဖြစ်သည်။ အဖြူဝတ်ကလေး သည် အသံမြှင့်၍အော်ပြန်၏။

"နင် နားထိုင်းသွားပြီလား"

အနီဝတ်ကလေးသည် လှည့်ကြည့်သည်။ သူက ခပ်အေးအေးပင်။ ကျောက်ရူ သိသည်။ သူ့စိတ်ထဲမှာတော့ မအေးပေ။

"နင် ဘယ်သူ့ကိုခေါ်နေတာလဲ"

အနီရောင်ဝတ်ကလေးက ပြန်မေးလေ၏။ အဖြူဝတ်ကလေးက အနီရောင်ဝတ်ကလေးကို လက်ညှိုးထိုးပြသည်။

"နင့်ကို"

အနီရောင်ဝတ်ကလေးက ပြုံးလိုက်၏။

"နင် မှားနေပြီ"

"ငါ ဘာမှားလို့လဲ"

"ငါ့အမည်က ဟေ့မှမဟုတ်ဘဲ၊ နာမည်မသိရင်လည်း ငါသိအောင် ခေါ်ပေါ့၊ မင်းမှားတာ ဝန်မခံသေးဘူးလား"

အဖြူဝတ်ကလေးသည် လိစန်၏ပခုံးပေးမှနေ၍ ရထားလုံးခေါင်မိုးပေါ်သို့ ခုန်သွားသည်။ သူ ဒေါသထွက်နေပြီ။ ဤသည်မှာ မပြိုင်ခင်က ရှုံးနေခြင်းဖြစ်သည်။

"နင့်နာမည် ဘယ်လိုပဲခေါ်ခေါ် ယှဉ်ပြိုင်ဖို့ လာခဲ့ပါ၊ ငါက နင့်ကိုစောင့်နေတာ၊ နင်မလှုပ်လို့ ငါခေါ်လိုက်ရတာ"

အနီဝတ်ကလေးငယ်သည် ပြုံး၍ လှုပ်ရှားလိုက်လေ၏။ သူ့လှုပ်ရှားမှုမှာ မမြန်ဆန်ပါ။ စကားအားဖြင့်သာ ပြောရခြင်းဖြစ်သည်။ ရန်ကို သူသည် မပြင်ဆင်ဘဲ အဘယ်မှာရှိလိမ့်မည်နည်း။ သူသည် နွေးနွေးထွေးထွေးလျှောက်သွားသည်။

ဤသည်ကို ကျောက်ရုသိသည်။ စိတ်ဓာတ်စစ်ဆင်ရေး။ အဖြူဝတ်ကလေးက တော်တော်စိတ်ဆိုးနေလေပြီ။

"ဘယ်လိုလဲ၊ မင်း ကြောက်နေပြီလား၊ ပတ်ကျိုလို လမ်းလျှောက်နေပြီဆိုကတည်းက မင်း ကြောက်နေလို့ပဲ ဖြစ်ရမယ်"

အနီဝတ်ကလေးသည် ခေါင်းခါလိုက်သည်။

"ဘာဖြစ်လို့တက်ရမှာလဲ၊ မတက်ဘူးကွ"

အဖြူဝတ်ကလေးက ဒေါသဖြင့် ပြန်အော်သည်။

"ဘာဖြစ်လို့ မတက်တာလဲကွ"

အနီဝတ်ကလေးက လေအေးအသံဖြင့် ပြောသည်။

"မင်းပဲ စဉ်းစားကြည့်လေ ... ငါ့ဆရာရဲ့ ခေါင်းပေါ်မှာ တက်ပြီး ယှဉ်လို့ တော်ပါ့မလား၊ ဆရာ့ကို မရိုသေတဲ့လူမှသာ ဆရာ့ခေါင်းပေါ်ကိုတက်မှာကွ"

သူသည် စကားဆက်၏။



"နင်က စည်းကမ်းမဲ့လုပ်လို့ရတယ်၊ ငါက စည်းကမ်းရှိတဲ့လူဆိုတော့ ...အဟက်...ဟက်...ဟက်"

အနီရောင်ဝတ်ကလေးသည် တဟက်ဟက်နှင့် ရယ်လိုက်သည်။ လုပ်ရယ်ခြင်း ဖြစ်ပါလေတော့၏။ အဖြူဝတ်ကလေးသည် မျက်နှာနီရဲသွားလေသည်။ သူ လွန်စွာစိတ်ဆိုးနေပြီ။ ဒေါသထွက်နေပြီ။ အနီရောင်ဝတ်ကလေး အောင်မြင်ပါသည်။ သူသည် ရထားလုံးခေါင်မိုးပေါ်မှ အောက်သို့ဆင်း၏။ သူ ခုန်ချလိုက်ခြင်းဖြစ်သည်။

မိုးရွာပြီးစဖြစ်၍ မြေပေါ်၌ ညစ်ပတ်နေသည်။ ရွှံ့များ၊ ဗွက်များ ရှိနေခြင်းပင်။ သူသည် အောက်သို့ ပေါ့ပါးစွာ ဆင်းသည့်တိုင်အောင် ခြေထောက်တွင် ရွှံ့နွံတို့ဖြင့် ညစ်ပတ်ကုန်သည်။ သူ၏ အဖြူတမ်းသန့်ရှင်းနေသော ခြေထောက်များ ညစ်ပတ်ကုန်သည်။ အနီဝတ်ကလေးသည် အော်လိုက်သည်။

"အမလေး"

အဖြူဝတ်ကလေးက မျက်နှာနီနီဖြင့် မေးလေ၏။

"ဘာလို့အော်တာလဲ"

အနီဝတ်ကလေးက လက်ညှိုးထိုးပြီး ပြောလိုက်၏။

"နင် ...မတွေ့ဘူးလား၊ ငါ့ခြေထောက်တွေကို ရွှံ့ပေသွားပြီ"

အဖြူဝတ်ကလေးသည် မဲ့ပြုံးပြုံးလိုက်သည်။ သူသည် မချိ

မဆုံလေသံဖြင့် ပြောလာလေ၏။

"ငါ့အတွက်မပူနဲ့ ငါ့မှာ ဖိနပ်လဲဖို့ အဆင်သင့်ရှိတယ်၊ ဖိနပ်လဲလိုက်ရင် ပြီးတာပဲ"

အနီဝတ်ကလေးက ခပ်အေးအေးမေးလေ၏။

"အဟက် ဟက် ဟက် ... နင်က ဖိနပ်အကြောင်းပြောနေတယ်၊ နင့်မှာ ဖိနပ် ဘယ်နှစ်ရံရှိလို့လဲ၊ လူကြားကောင်းအောင် ပြောသေးတယ်"

အဖြူရောင်ဝတ်ကလေးက ဒေါသဖြင့် အော်လေ၏။

"အနည်းဆုံး ဖိနပ်အရံ နှစ်ဆယ်လောက်ရှိတယ်ကွ"

"ဟုတ်လား ... နင့်ဖိနပ်ဟာ မိဖုရားစီးတဲ့ဖိနပ်လား"

အနီဝတ်ကလေးသည် စကားဆက်၏။ သူသည် သူ၏စစ်ဆင်ရေးကို ဆက်တိုက်ပြုလုပ်နေ၏။

"ဘာပဲဖြစ်ဖြစ် နင့်အတွက်တော့ နည်းနည်းစိုးရိမ်မိတယ်"

အဖြူဝတ်ကလေးမှာ တစ်ချိန်လုံးဒေါသထွက်နေသည်။

"နင်က ငါမဟုတ်ဘူး၊ ငါ့ကိစ္စဟာ နင့်ကိစ္စ မဟုတ်ဘူး၊ နင် ဘာကိုစိုးရိမ်နေတာတုံး"

"နင် အရပ်ရှည်မလာတာကို စိုးရိမ်မိတာပါ"

အမှန်တွင် သူတို့နှစ်ယောက်သည် ရုပ်ချင်းတူရုံမက အရပ်အမောင်းလည်း တူလှသည်။ သို့သော် တိတိကျကျတိုင်းမည်ဆိုလျှင်



အနီဝတ်ကလေးက တစ်လက်မခန့်ပိုမြင့်သည်ကို တွေ့ရမည်ဖြစ်သည်။ အရပ်က နှစ်လက်မခန့်ကွာသော်လည်း အလုံးချင်းက မကွာလှပါ။ ခြုံ၍ဆိုရသော် အလုံးတူ၊ အရပ်တူဟု ပြောနိုင်ပါ၏။

ကလေးနှစ်ယောက်သည် တစ်ယောက်က ရန်စသည်။ စိတ်ဓာတ်စစ်ဆင်ရေး လုပ်သည်။ တစ်ယောက်သည်လည်း နည်းနည်းမှ သည်းမခံတတ်ပါ။ စစ်ဆင်ရေးကို သဘောမပေါက်။ သူက နိဒါန်းတွင်ပင် ရှုံးနေသည်။ ထိုကလေးနှစ်ယောက်ကိုကြည့်၍ ကျောက်ရုပ်သည် ကျိတ်၍ရယ်မိသည်။ ဤသည်မှာ သူတို့ တိုက်ပွဲမစမီသာ ဖြစ်ပါသည်။

ကလေးနှစ်ယောက် စတင်ယှဉ်ပြိုင်သည်နှင့် တစ်ပြိုင်နက် ကျောက်ရုပ်သည် မရယ်နိုင်တော့ပါ။ ကလေးနှစ်ယောက်တို့၏ တိုက်ခိုက်မှုမှာ ထိပ်တန်းသိုင်းသမားတို့၏ တိုက်ခိုက်မှုထက်ပင် ကြောက်ဖို့ကောင်း၏။

✱ ✱ ✱

## အခန်း (၃၅)

## ကြားဝင်သူ

သိုင်းလောကတွင် ယှဉ်ပြိုင်မှုအမျိုးမျိုးရှိသည်။ တိုက်ပွဲအမျိုးမျိုးရှိသည်။

သို့သော် လူကြီးများ၏ယှဉ်ပြိုင်ပွဲ၊ ရန်သူများ၏တိုက်ပွဲသာ ရှိပါသည်။ ပညာယူသည့်ပြိုင်ပွဲ၊ အသေသတ်သည့်ပြိုင်ပွဲ၊ အနိုင်အထက်တိုက်ပွဲများ ရှိခဲ့ဖူးပါသည်။

ယခုသော်ကား ကလေးငယ်များ၏ပြိုင်ပွဲဖြစ်နေပါသည်။ ပြိုင်ပွဲသည်လည်း မည်ကာမတ္တပြိုင်ပွဲမဟုတ်ပါ။ အသေအကျေတိုက်ပွဲကဲ့သို့ အစွမ်းကုန်အားကုန် တိုက်ပွဲဖြစ်နေပါသည်။ ကလေးနှစ်ယောက်တိုက်ခိုက်နေပုံနှင့် မတူပါ။ လူကြီးနှစ်ယောက် တိုက်ခိုက်သလိုဖြစ်နေသည်။ သူတို့သည် အမြွာညီအစ်ကိုနှင့်တူကြသည်။

ကလေးတစ်ယောက်သည် ပြုံးစိစိနှင့် တိုက်နေသည်။ သူက ကျောက်ဂူအား ပြောပြခဲ့ပြီးဖြစ်သည်။ စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်နေခြင်းဖြစ်သည်။ ကျန်တစ်ယောက်က ဒေါသကြီးနေသည်။ ဘေးမှ



ကြည့်နေသူများပင် သူ့ဒေါသကို မြင်နေရ၏။ ကလေးတစ်ယောက်သည် မြင်းကိုစီး၍ ကျန်တစ်ယောက်က နွံတွေနှင့်။

ကျောက်ဂူက စိတ်ထဲတွင် ရေရွတ်လိုက်မိ၏။

"ဩော် ... ကလေးတို့ရယ် ...မင်းတို့ဟာ ညီအစ်ကိုတွေပါကွယ်၊ ဘာကြောင့် အချင်းချင်း ရန်ဖြစ်ချင်ကြတာတုံး"

ကျောက်ဂူ၏ရေရွတ်သံကို ကလေးများ မကြားပါ။ ကလေးနှစ်ယောက်တို့သည် စတင်၍ယှဉ်ပြိုင်ကြသည်။ သိုင်းလောကရှိ လက်နက်များမှာ ဓား၊ လှံ၊ လေး၊ မြား၊ နှစ်ချောင်းဆက်တုတ်၊ သုံးချောင်းဆက်တုတ်၊ ခက်ရင်းခွ စသည်တို့ ရှိကြ၏။ သူတို့နှစ်ယောက်စလုံး ဓားဖြင့်ယှဉ်ပြိုင်ကြသည်။ သူတို့ယှဉ်ပြိုင်သော ဓားနှစ်လက်မှာ ပုံသဏ္ဍာန်တူသည်။ ဓားရှည်များမဟုတ်ကြပါ။ သိုင်းသမားတိုင်း ကိုင်လေ့ကိုင်ထရှိသော ဓားမျိုးဖြစ်သည်။ တစ်မေ့ခွဲခန့်ရှည်သည်။ ဓား၏အလေးချိန်ကလည်း အရေးကြီးသည်။ သင့်လျော်သည့်အလေးချိန်နှင့် ဖြစ်ရမည်။ ဓားလုပ်ထားသော သံမဏိတို့မှာ တူညီနေ၏။

အဖြူဝတ်ကလေးက စတင်တိုက်ခိုက်သည်။ တဒင်္ဂအချိန်အတွင်းမှာ ဓားချက် ၁၁ ချက်တိတိ တိုက်ခိုက်သည်။ ယခုအချိန်၌ စိတ်ဆိုးနေသောကလေးမှာ အဖြူရောင်ဝတ်ကလေးဖြစ်သည်။ သူကချည်း တိုက်ခိုက်နေသည်။ အနီဝတ်ကလေးသည် လျင်လျင်မြန်မြန်တိုက်ခိုက်ခြင်းမရှိဘဲ ဓားကို တစ်ချက်ချင်းခုတ်သည်။ တစ်ချက်

ချင်းသာ ခုခံသည်။ သူသည် အပို တိုက်ခိုက်မှုမရှိချေ။ သို့သော်လည်း သူတို့၏တိုက်ခိုက်မှုသည် လျင် မြန်လှသည်။ တိကျ၏။ ရက်စက်၏။

သူတို့တိုက်ခိုက်သော ဓား အချက်တိုင်းမှာ တစ်ဖက်လူ၏ အသက်အန္တရာယ်ရှိသောနေရာကိုသာ ရွေး၍တိုက်ခိုက်နေခြင်းဖြစ်သည်။ သူတို့၏ယှဉ်ပြိုင်ပွဲမှာ သာမန်ယှဉ်ပြိုင်ပွဲ မဟုတ်ပါ။ တစ်ချက်ကလေးမှားသည်နှင့် အသက်သေနိုင်သည်။

'ထိုကလေးနှစ်ယောက်စလုံး ရုပ်ရည်ပြေပြစ်ကြသည်။ သူတို့၏ဓားချက်များကတော့ ချစ် ဖွယ်မကောင်းပါ။ သူတို့၏ဓားချက်သည် ကြောက်စရာကောင်းသည်။ တစ်ချက်မှားသွားသည်နှင့် အသက်ပါသွားနိုင်သည်။ စုခုံသည် ကြည့်၍သက်ပြင်းချသည်။ သူသည် ကလေးများ၏လက်ရည်ကိုကောင်းစွာ အကဲခတ်နိုင်သည်။

"နောက်ငါးနှစ်ဆိုရင် ဒီကလေးနှစ်ယောက်ကို ယှဉ်နိုင်မည့်လူ တော်တော်နည်းလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်၊ သိုင်းလောကမှာ ကြောက်စရာသိုင်းသမားနှစ်ဦး တိုးတယ်လို့ဆိုရမှာပေါ့"

ရှောင်လိုသည် ခေါင်းခါ၏။

"သူတို့ဓားပညာ မညံ့ဘူး၊ ဒါပေမဲ့ ပြိုင်စံရှားသည်အထိတော့ တိုးတက်မှာမဟုတ်ဘူး"

စုခုံက မေးလိုက်၏။

"ဘယ်လိုအကြောင်းရှိလို့လဲဗျာ"



ရှောင်လိုသည် မည်သည့်အခါမျှ စကားရှည်ရှည် ပြောလေ့မရှိပါ။ တိုတိုတုတ်တုတ်သာ ပြောလေ့ရှိပါသည်။ ယခုတော့ သူ ရှည်ရှည်ဝေးဝေးပြောချင်ပုံရပါသည်။ ရှောင်လိုက ...

"ခက်တာက သူတို့ဉာဏ် အလွန်ကောင်းနေလို့ပါပဲဗျာ"

စုခုံသည် ရှောင်လို၏စကားအသွားအလာကိုကြည့်ပြီး ဤတစ်ကြိမ်၌တော့ စကားကြာမြင့်လိမ့်မည်ဟု ထင်သည်။ ထို့ကြောင့် သူက ပြန်ပြောလိုက်ပါသည်။

"ဉာဏ်ကောင်းတာ ပိုကောင်းတာပေါ့၊ ဉာဏ်မကောင်းတဲ့ကလေးတွေကို သင်ရခက်တယ်ဗျာ၊ နောက်ပြီး တခြားဆရာနဲ့ တရှို့တစ်ဝက်ထားရင်လည်း မကောင်းပြန်ဘူး"

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

"ပုံပြင်တစ်ပုဒ်ရှိပါတယ်ဗျာ၊ ခင်ဗျား နားထောင်မယ်ဆိုရင် ကျွန်တော်ပြောချင်ပါတယ်"

"တရုတ်ဗျပ်စောင်းဆရာကြီးတစ်ဦးဆီကို တပည့်တစ်ယောက် ပညာသင်ဖို့လာအပ်ပါတယ်၊ ဆရာကြီးက သူ ဘယ်အတီးပညာမှမတတ်သေးတဲ့အတွက် ပညာသင်ခ တစ်ထောင် တောင်းပါတယ်၊ အဲဒီအချိန်မှာပဲ နောက်ထပ်တပည့်တစ်ဦး လာပါတယ်၊ သူ့ကိုမေးတော့ ဆရာတစ်ယောက်နဲ့ ဗျပ်စောင်းပညာ အနည်းအကျဉ်းသင်ခဲ့တယ်လို့ ပြောပါတယ်၊ ဆရာကြီးက သူ့ကိုတော့ နှစ်ထောင်

တောင်းပါတယ်၊ ဒုတိယတပည့်က မကျေနပ်ပါဘူး၊ ပညာလုံးဝ မတတ်တဲ့လူကျတော့ တစ်ထောင်တောင်းပြီး သူ့လို အနည်းအကျဉ်း တတ်ထားတဲ့လူကို နှစ်ထောင်တောင်းတာ များပါတယ်လို့ ပြောတယ်၊ ဆရာကြီးက တစ်ထောင်တောင်းတဲ့လူဟာ သူ့ဦးနှောက်ထဲမှာ မြူတိမ် ဘာမှမရှိလို့ သင်ရလွယ်သတဲ့၊ ဒါကြောင့် တစ်ထောင်ပဲတောင်းတာတဲ့၊ မင်းကတော့ ဦးနှောက်မှာ အပိတ်အပင်အတားအဆီးတွေရှိနေပြီဖြစ်လို့ ဒီအရာတွေကို အရင်ဆုံးဖျောက်ပြီ ဦးနှောက်ကို ဖြူစင်အောင်လုပ်ရဦးမှာတဲ့၊ ပြီးမှ စောင်းပညာကို သင်ရမှာတဲ့၊ မင်းက ပိုပြီးခက်ခဲလို့ မင်းကို နှစ်ထောင်တောင်းရတယ်လို့ ရှင်းပြပါတယ်"

ထိုအခါ ရှောင်လိုက ရယ်လေတော့၏။

"အဲဒီသဘောတရားလိုပဲ့ပဲ ကျူပ်ရှင်းပြပါရစေ"

"ကောင်းပါပြီ ရှင်းပြပါဗျာ"

"သိုင်းလောကမှာ ထိပ်တန်းအဆင့်ရောက်နေတဲ့ သိုင်းပညာရှင်တွေပဲကြည့်ပါ၊ သူတို့ဟာ ခက်ခဲစွာ တိုက်ပွဲဝင်ပြီးမှ အတွေ့အကြုံရတာ၊ သင်ခန်းစားရတာ၊ သူတို့ဟာ အတွေ့အကြုံရဖို့ ပွဲများများတိုက်ခဲ့ကြရပါတယ်၊ အဲဒီအတွေ့အကြုံနဲ့ သင်ခန်းစာကိုရလို့လည်း ထိပ်တန်းစာရင်းဝင်ဖြစ်လာတာ"

စုခုံက ခေါင်းညိတ်သည်။ လက်ခံသည်။



"ဟုတ်ပါတယ်"

ရှောင်လိုက ရှင်းပြ၏။

"သိပ်ဉာဏ်ကောင်းတဲ့လူဟာ ဒီလို ရင်မဆိုင်ဘူး၊ အခက်အခဲတွေ ဘယ်လိုရှောင်တိမ်းမယ်ဆိုတာ သဘောပိုက်ထားတဲ့အတွက် သူတို့မှာ အတွေ့အကြုံမရဘူး၊ အခက်အခဲကို ရင်ဆိုင်ခြင်း မရှိတဲ့အတွက် သူတို့မှာ ဘယ်လိုမှ ထိပ်တန်းမရောက်နိုင်ဘူး"

စုခုံက ငြင်းချက်ထုတ်လေ၏။

"ပုံသေမပြောနိုင်ပါဘူး၊ တချို့က အတွေ့အကြုံ ရင့်ကျက်တယ်၊ အခက်အခဲနဲ့ ရင်ဆိုင်ရပြီး သူတို့မှာ ထိပ်တန်းမရောက်တာတွေ အများကြီးပါ"

ရှောင်လိုက ...

"ဟုတ်တယ်၊ ဒါကြောင့် နှစ်ပေါင်း ဆယ်နှစ်အတွင်းမှာ သိုင်းလောက ပထမဆိုတဲ့ဘွဲ့ကို ရရှိတဲ့လူ မရှိသလောက်ဖြစ်နေတာ"

စုခုံက ပါးစပ်ပိတ်ထားလိုက်သည်။ ရှောင်လိုနှင့် မဆန့်ကျင်ခြင်းသာ အကောင်းဆုံးဖြစ်သည်ကို သူသိသည်။ ထိုကလေးနှစ်ယောက်၏တိုက်ခိုက်မှုသည် အလွန်အန္တရာယ်ကြီးလာသည်ကို သူမြင်ရသည်။ ကလေးနှစ်ယောက်ကို အန္တရာယ်မဖြစ်စေလိုပါ။ ကလေးနှစ်ယောက်မှာ လက်ရည်တူနေသဖြင့် တစ်ယောက်ကိုတစ်

ယောက် အနိုင်ရရန် မလွယ်သည်ကို နားလည်လာသဖြင့် သူသေကိုယ်သေ ပုံစံဖြင့် တိုက်ခိုက်လာကြသည်။ စုခုံက အသံတိုးတိုးဖြင့် ပြောလိုက်သည်။ သူ့လေသံ၌ စိုးရိမ်မှုအပြည့်ပါသည်။

"ဒီအတိုင်းကြည့်နေရင် ကလေးနှစ်ယောက်လုံး ဒုက္ခတွေ့မှာသေချာတယ်၊ သူတို့ဓားချက်ဟာ တစ်ချက်ဆိုရင် တစ်ချက်ကို အတော်ဒဏ်ရာရနိုင်တယ်၊ သေနိုင်တယ်"

ရှောင်လိုသည် သက်ပြင်းတစ်ချက်ချသည်။ ဤကလေးများ၏တိုက်ပွဲကို ငါးကြိမ်ကြုံဖူးသည်။ ကလေးနှစ်ယောက်၏အခြေအနေကို သူ မသိ၍မဟုတ်၊ သူသည်လည်း ဤကလေးများကြား၌ အစွမ်းမဲ့နေသည်။ သူတို့အား ဟန့်တားနိုင်ခြင်းမရှိသောကြောင့် ဖြစ်၏။ သူ ကိုယ်ထိလက်ရောက်ဝင်တားနိုင်သော်လည်း သူ မတားချင်ပေ။

သိုင်းကွက်တိုင်း၌ နှစ်ယောက်စလုံး အသက်သေနိုင်သောအခြေအနေမှာရှိသည်။ ထိသွားသည်နှင့် ဒဏ်ရာရရုံမျှနှင့် ပြီးမည်မဟုတ်ပေ။ တစ်ဦးကတော့ သေရပေလိမ့်မည်။ ရှောင်လိုနှင့် စုခုံတို့သည် စိတ်မကောင်းစွာဖြင့် ကြည့်နေစဉ် ရုတ်တရက် အဖြူရောင်အလင်းတန်းတစ်ခုသည် ကလေးနှစ်ယောက်ကြားသို့ ဝင်လာသည်။ သူတို့နှစ်ဦးကတော့ ထိုအလင်းတန်းကို သိပါသည်။

'ချွမ်း ... ချွမ်း'

ကလေးများ၏ ဓားတို့သည် ပြိုင်တူကျိုးသွားသည်။ ဓားနှစ်



လက် လွင့်စဉ်သွားသည်။ သူတို့ အနိုင်နိုင်ရပ်ကြရသည်။ ဝင်လာသည့်အသံမှာ ပြင်းထန်လှသည်မဟုတ်ပါလား။

သူတို့နှစ်ယောက်ကြားတွင် လူတစ်ယောက်ရောက်နေ၏။ ထိုလူမှာ မျက်မမြင်လီစန်ပင် ဖြစ်လေတော့၏။ သူတို့နှစ်ဦး ဝင်မတားသည့်အလုပ်ကို မျက်မမြင်လီစန်က လုပ်လိုက်လေပြီ။

✲ ✲ ✲

## အခန်း (၃၆)
## သင်ကြားခြင်း

အဖြူရောင်ဝတ်ကလေးငယ်က လိစန်ကို အော်လိုက်၏။

"ခင်ဗျား ဘာလုပ်တာလဲ"

သူ့အော်သံက ဒေါသသံပါသည်။ လိစန်က စကားတစ်ခွန်းမျှ ပြန်ပြောဘဲ တောင်ဝှေးကိုယူလိုက်ပြီး ခေါင်းငုံ့၍ နောက်သို့ဆုတ်သွားလေ၏။ လိစန်က ရန်ပွဲကိုဖျန်ဖြေလိုက်ခြင်းသာဖြစ်ပါ၏။ ဤရန်ပွဲကို တော်ရုံတန်ရုံသိုင်းစွမ်းအားဖြင့် မဖျန်ဖြေနိုင်ချေ။ ရှောင်လိုက သူ့အား ပြုံး၍မေး၏။ စုခုံအား မေးလိုက်ခြင်းဖြစ်ပါလေ၏။

"သက်ခြေကင်းသမား ဘာလို့စကားမပြောလဲ"

စကားမပြောရသည့်အကြောင်းများစွာ ရှိပါလိမ့်မည်။ စုခုံက အံ့သြစွာပြောနေသည်။ တကယ်လည်း အံ့သြစရာပင်။

"သိုင်းလောကမှာ သည်လောက် ကျော်ကြားတဲ့ သက်ခြေကင်းသမားက သူနဲ့ ကျေးကျွန်းဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လားဗျာ၊ ကျုပ်တော့ ယုံတောင် မယုံမိပါဘူး"



"ဟုတ်တယ်"

ရှောင်လိုက ခေါင်းညိတ်ပြီး ဝန်ခံလိုက်၏။ ရှောင်လိုကဲ့သို့ လူမျိုးက ပြောလိုက်ခြင်းကို လုံးဝသံသယရှိရန် မလိုပါချေ။ သူတို့နှုတ်ထွက်စကားသည် ထွက်ပြီးသော ဆင်စွယ်ကဲ့သို့ ဝင်ရိုးထုံးစံမရှိပါချေ။ မှားသည်ဆိုပြီး စကားကို ပြန်နှုတ်ရိုးထုံးစံမရှိပေ။ ကျောက်ဂူသည် လိစန်မှာ တစ်ပါးလူ၏ ကျေးကျွန်ဖြစ်သည်ကို လုံးဝမယုံကြည်ပါ။ အဖြူရောင်ဝတ်ကလေးငယ်၏ဒေါသနှင့်အော်သံမျိုးကို လိစဉ်ကဲ့သို့လူမျိုးက လုံးဝသည်းခံမည်မဟုတ်ပါ။ သို့သော် လိစန်၏မျက်နှာတွင် မကျေနပ်သော ဟန်မူရာ လုံးဝမတွေ့ရပါ။ သူသည် ရိုကျိုးစွာ နောက်ဆုတ်သွားလေသည်။ စကားတစ်ခွန်းမျှ မပြောပါ။

"သူ့ရဲ့အရိုးတွေ၊ သွေးတွေ၊ အသားတွေ၊ အသက်တွေ အားလုံး ငါပိုင်တယ်"

အသံတစ်သံထွက်လာသည်။ မည်သည့်နေရာက အသံထွက်လာမှန်းမသိပါ။ စကားသံ ဆက်ပေါ်လာ၏။

"ကျုပ်က သူ့ကို အခုသေပါဆိုရင် သေရမှာပဲ"

လိစန်က ရုတ်တရက်ပြောလာလေ၏။

"ဟုတ်တယ်၊ ကျုပ်က နယ်စားအတွက်ဆို အချိန်မရွေးသေရဲတယ်၊ ကျုပ်အဖို့ ရှင်တယ်၊ သေတယ်ဆိုတာ ဘာမှမဟုတ်ပါဘူး"

အဖြူရောင်ဝတ်ကလေးသည် မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် အခုသေလေ"

လိစန်သည် မဆိုင်းဘဲ အဖြူရောင်တောင်ဝှေးထဲမှ ဓားကို ဆွဲလိုက်ပြီး သူ၏လည်ပင်းကို လှီးချလိုက်သည်။ သူ၏လှုပ်ရှားမှုမှာ လျင်မြန်လှသဖြင့် ကျောက်ရုပ် ဟန့်တားရန်ပင် အချိန်မရတော့ပါချေ။ သို့သော် လူသေက သူ့ထက် လျင်မြန်သွား၏။ လူသေ၏အသံသည် လွန်စွာမြန်ဆန်သည်။

"ရပ်လိုက်"

လူသေ မည်မျှအင်အားရှိသည် မသိပေ။ လိစန် ချက်ချင်း ရပ်တန့်သွားသည်။ လိစန်သည် လှုပ်ရှားမှု မြန်ဆန်လှသလို ရပ်တန့်ရာ၌ မြန်ဆန်ပေသည်။ လူသေသည် အဖြူရောင်ဝတ်ကလေးကို မေးလိုက်သည်။

"မင်းတွေ့ပြီလား၊ တခြားဘယ်သူ့ကိုမှ သူ ဂရုမစိုက်ပေမယ့် မင်း သေခိုင်းရင် သူသေမယ်ဆိုတာ မင်း ယုံပြီလား"

အဖြူရောင်ဝတ်ကလေးမှာ သေခိုင်းခဲ့သူဖြစ်၏။ အဖြူရောင်ဝတ်ကလေးသည် နှုတ်ခမ်းကိုကိုက်၍ ခေါင်းညိတ်၏။ နှုတ်က တော့ ဘာမျှမပြောပေ။ ပြောရန်လည်း မလိုအပ်ချေ။ လူသေက မေးလိုက်၏။ လူသေသည် လူရှင်များ၏ပြဿနာများကို ဝင်၍ ရှင်းပေးနေသည်။

"မင်း သူ့ကို သေခိုင်းချင်သေးသလား"



အဖြူဝတ်ကလေးသည် ခေါင်းခါလိုက်သည်။ သူ၏ဒေါသများ ပြေပျောက်သွားခဲ့လေပြီ။ လူသေက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်"

လိစန်၏လည်ပင်းမှာ ဓားခြစ်မိသောဒဏ်ရာ ရရှိသွား၏။ သွေးအနည်းငယ်စို့နေသည်။ သေဖို့နည်းနည်းသာ လိုတော့သည်။ သို့တိုင်အောင် သူ၏မျက်နှာမှာ အနည်းငယ်မျှမဲ့မသွားခဲ့ချေ။ ရှင်သည်၊ သေသည်မှာ သူ့အတွက် အကြောင်းမဟုတ်ဘူး။ သူပြောခဲ့၏။ ပြောသည့်အတိုင်း သူလုပ်ခဲ့သည်။ လူသေသည် အဖြူဝတ်ကလေးကို မေးလိုက်၏။

"မင်း အလွယ်တကူပြောတဲ့စကားဟာ တခြားလူရဲ့အသက်တစ်ချောင်း ဆုံးရှုံးသွားနိုင်တယ်ဆိုတာ နားလည်ပြီလား၊ စကားကို အလွယ်တကူမပြောသင့်ဘူး"

အဖြူဝတ်ကလေးသည် ခေါင်းညိတ်ပြလေ၏။

"ကျွန်တော် နားလည်ပါပြီ"

လူသေသည် အနိမ့်အမြင့်မရှိသော သူ့မူလအသံနှင့် ပြောလိုက်၏။

"နားလည်ရင် ကောင်းတယ်"

အဖြူဝတ်ကလေးက အံကြိတ်၍ပြောသည်။ သူသည် သူ့ထက်အဆင့်မြင့်သူများက သူ့အား ဝိုင်းဝန်းတားဆီးသဖြင့် လက်

လျှော့ရသော်လည်း စိတ်ထဲ၌တော့ အခဲကျေသေးဟန်မတူပါ။

"ဒါပေမဲ့ နောက်တစ်ခါ ကျွန်တော့်ရဲ့ဓားကို ရိုက်ချိုးရင် ကျွန်တော် သူ့ကို သေခိုင်းရမှာပဲ၊ ကျွန်တော့်ကို ဘယ်သူမှ တားလို့မရတော့ဘူး"

လူသေက လက်ခံ၏။

"ကောင်းတယ်"

လူသေ၏လက်ခံသောစကားသည် အဝတ်ဖြူဝတ်ကလေးငယ်ကို ကျေနပ်စေမည်ဟု ယူဆကြသော်လည်း ထိုကလေးငယ်သည် မကျေနပ်ဘဲဖြစ်နေသည်။ အဖြူဝတ်ကလေးသည် မကျေနပ်နိုင်သေးကြောင်း သူနောက်ထပ်ပြောသည့်စကားက သက်သေပြနေ၏။

"ကျွန်တော့်ဓားကို ရိုက်ချိုးခိုင်းတာ ဘယ်သူတုံး"

လူသေသည် ...

"ငါ"

အဖြူဝတ်ကလေးသည် ကြောင်အမ်းအမ်းဖြစ်သွား၏။ ဘာပြောရမည်မှန်းမသိဘဲ ဖြစ်သွားသည်။

"မင်း စိတ်ချပါ၊ နောင်တစ်ကြိမ်မှာတော့ မင်းစိတ်တိုင်းကျဖြစ်ရပါစေမယ်၊ နောက်တစ်ကြိမ်မှာ အခုလိုအဖြစ်မျိုးမတွေ့ရတော့ပါဘူး၊ နောက်တစ်ကြိမ်မှာ ငါက ခိုင်းသည်ဖြစ်စေ၊ မခိုင်းသည်ဖြစ်



စေ မင်းဓားကို ရိုက်ချိုးမိတဲ့လူဟာ သေရမှာပါ၊ မင်းသတ်ရမှာပါ"

သူသည် အေးစက်သောအသံဖြင့် စကားဆက်လိုက်၏။

"ဘယ်သူက ဘာကြောင့်ဖြစ်ဖြစ် မင်းဓားကို ရိုက်ချိုးရင် မင်း သူ့ကိုမလွှတ်ရဘူး၊ မင်းသေသည့်တိုင် သူ့ကို အရင်သတ်ပြီးမှ သေရမယ်"

အဖြူဝတ်ကလေးသည် ရင်ကိုကော့လိုက်သည်။

"ကျွန်တော် နားလည်ပါပြီ၊ ဖြစ်အောင် လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်၊ အဲဒီအတိုင်း ကျွန်တော် လုပ်မှာပဲ၊ ကျွန်တော့်ဓားရိုးချိုးတဲ့လူဟာ သေကိုသေရမယ်"

ဓားဆိုသည်မှာ ဓားသမားတစ်ယောက်၏ဂုဏ်သိက္ခာဖြစ်သည်။ ဓားသမားတစ်ယောက်၏ဂုဏ်သိက္ခာသည် အသက်ထက်ပင် တန်ဖိုးရှိနေသည်။ ဤဝါဒသည် လူသေက အဖြူရောင်ဝတ်ကလေးကို သင်ခန်းစာပေးသောဝါဒဖြစ်သည်။

လူသေသည် အဖြူရောင်ဝတ်ကလေးကို သံယောဇဉ်ရှိဟန်တူသည်။ တစ်နေ့ ဒီကလေးကို ပြိုင်ဘက်ကင်းသော ဓားသမားတစ်ယောက် ဖြစ်စေချင်သောဆန္ဒကြောင့် ဖြစ်ပါလိမ့်မည်။ ရှောင်လီကလည်း အနီဝတ်ကလေးကို လှမ်းခေါ်လိုက်သည်။

"ဒီကိုလာပါဦးကလေး"

အနီဝတ်ကလေးသည် ရှောင်လီအနီးသို့ လျှောက်လာ

သည်။ သူကတော့ ကလေးတစ်ဦးလိုပင်။ ရှောင်လိုက ...

"မင်းရဲ့ဓားလည်း ကျိုးသွားပြီမဟုတ်လား"

အနီဝတ်ကလေးက ခေါင်းညိတ်လေ၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ဓား ကျိုးသွားပါတယ်၊ ဟိုလူက ကျွန်တော်တို့ကို ဝင်ဖျန်ဖြေတာပါ၊ ဒီလိုမတားရင်လည်း ကျွန်တော့်တို့ပွဲကိုရပ်အောင်မလုပ်နိုင်ပါဘူး"

"အခု မင်း ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ"

အနီဝတ်ကလေးက သူ့လက်ကို ဖြန့်ပြသည်။

"ကျွန်တော့်မှာ အရင်က ဓားမရှိပါဘူး"

သူက ဆက်ပြောလေ၏။

"ဒီဓားဟာ သူတို့ယူလာတဲ့ ဓားပါ၊ သူတို့ဓားကို သူတို့ ရိုက်ချိုးလိုက်တာ၊ ကျွန်တော့်နဲ့ ဘာမှမဆိုင်ပါဘူး"

ရှောင်လိုက ပြုံးလိုက်၏။

"အခု မင်းပြောတာက မင်းတိုင်းကျေပြောတာပဲ၊ မင်းပိုင်တဲ့ဓားတစ်လက်ရှိတဲ့အခါမှာတော့ ဒီလိုမပြောနိုင်တော့ဘူး၊ မင်းပိုင်တဲ့ဓား ရိုက်ချိုးခံလိုက်ရရင် မင်း ဘာပြောမလဲ"

အနီဝတ်ကလေးက သူ့စိတ်ရင်းအတိုင်းပင် ပြောသည်။

"ကျွန်တော် ဓားအသစ်တစ်ချောင်းဝယ်ပြီး ထပ်လေ့ကျင့်မှာပေါ့၊ ဘာများခက်လို့လဲ"



သူသည် စကားဆက်လိုက်သည်။ ထိုစကားကတော့ သူ့စိတ်ဓာတ်ကို ဖော်ပြပါသည်။

"နောက်ဆို ကျွန်တော့်ဓားကို ရိုက်မချိုးအောင် လေ့ကျင့်ရမှာပေါ့ဗျာ၊ ရန်သူကပဲဖြစ်ဖြစ်၊ ကြားဝင်သူကပဲဖြစ်ဖြစ် ဘယ်သူမှ ရိုက်မချိုးစေရဘူး"

ရှောင်လိုသည် သဘောကျသွားလေ၏။ ကလေးငယ်၏ စကားက အလွန်မာကျောသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

သူသည် ကလေးငယ်ကို သဘောထားပြည့်ဝပြီး အကျိုးအကြောင်းကို စဉ်းစားတွေးခေါ်ချင့်ချိန်တတ်သူဖြစ်စေလိုသည်။ ထို့ကြောင့် တတ်နိုင်သမျှ သင်ပေးနေခြင်းဖြစ်သည်။ အကယ်၍ စိတ်ထားမသန့်ရှင်းလျှင်၊ သဘောထားမပြည့်လျှင်၊ ဖွဲမရှိလျှင် ရှုံးနိမ့်ခြင်းကို စိတ်ဓာတ်ကျလွယ်လျှင် ထိပ်တန်းဓားသမားတစ်ယောက်ဖြစ်ရန် လုံးဝမလွယ်ကူနိုင်။ ရှောင်လို၏စေတနာသည် ဤတွင် ပေါ်လွင်လာလေ၏။ ကျောက်ဝူသည် ကိုယ့်ကိုယ်ကိုယ် ပြန်မေးလေသည်။

"ဒီကလေးနှစ်ယောက်ဟာ ငါးနှစ်တိုင်တိုင် ယှဉ်ပြိုင်ခဲ့တာ ဘယ်သူမှမနိုင်ဘူး၊ ဘယ်သူမှမရှုံးဘူး၊ နောင်ရော ... နောင်လည်း ရှုံးမည်၊ နိုင်မည် မသိနိုင်ဟု သူတွေးတောမိလေ၏။

✲ ✲ ✲

## အခန်း (၃၇)
## ဆန့်ကျင်ဘက်အတွေး

မိုးကုပ်စက်ဝိုင်း၌ အရုဏ်ဦး၏ရောင်ခြည် စတင်၍ ထွက်ပေါ်လာ၏။ အရှေ့အရပ်၌ရောင်နီသမ်းလာခြင်းမှာ တစ်စထက် တစ်စ ကျယ်ပြန့်လာသည်။ မကြာမီ အရှေ့တစ်ခွင်လုံး လင်းသွားသည်။ ကြက်တွန်သံ အဆက်မပြတ်ကြားလာရသည်။

ရောင်လိုသည် လူသေအား လှမ်းကြည့်လိုက်သည်။ သူသည် နှုတ်ဆက်စကားပြောလိုက်သည်။

"မိုးလင်းတော့မယ် ခင်ဗျားပြန်သင့်ပြီ"

သူပြန်သည်ဆိုလျှင် သူ့လူများက အခေါင်းကြီးကို ထမ်း၍ ပြန်ရပေလိမ့်မည်။ လူသေဟူသည်မှာ နေရောင်ရှိရန်မလိုချေ။ နေရောင်မရရှိသည့်အခေါင်းအတွင်း နေထိုင်ရသူဖြစ်၍ အမှောင်ထဲ၌ နေရသူဖြစ်သည်။ လူသေနှင့်အမှောင်သည် ဟပ်စပ်၏။ ရောင်နီနှင့် လူသေသည် မဟပ်စပ်ချေ။ အဖြူဝတ်ကလေးက အနီဝတ်ကလေးအား မျက်လုံးပြူးကြည့်၏။ သူက လှမ်းပြောလိုက်သည်။ သူ့စကားက ရန်စကားပင်။



"မင်းကြည့်နေ … နောင်ဆိုရင် ငါ မင်းကို အနိုင်ရမှာ၊ မင်းကို ငါအနိုင်ယူမယ်"

အနီဝတ်ကလေးက အေးအေးဆေးဆေးသာ ပြောသည်။ ရန်စွယ်နှင့်ငေါငေါမပြောချေ။

"လာမည့်နှစ် အရပ်ရှည်လာပါစေလို့ ဆုတောင်းမိပါတယ်၊ ဒါမှ ငါတို့နှစ်ယောက် တကယ်တမ်း အလုံးတူ အရပ်တူဖြစ်မှာ"

ထိုအချိန်၌ လူအားလုံးသည် သတိထားနေကြရ၏။ အသက်အန္တရာယ်သည် လူတိုင်းအပေါ်သို့ ကျရောက်နိုင်သည်။ ကျောက်ဂူသည်လည်း အန္တရာယ်ကို သတိထားနေရ၏။ ဤအခြေအနေမျိုး၌ စုခိုသည်ပင် သတိ၊ ဝီရိယနှင့် နေနေရသည်။

ကျောက်ဂူသည် စောစောက လူသေအား ရန်စကားပြောထားသဖြင့် ယခုလည်း သတိထားနေရသည်။ လူသေသည် သူ့အား ရန်ရှာမည်ဟု မျှော်လင့်ထား၏။ သို့သော် သူ၏ထင်မြင်ချက်တို့ လွဲသွားပြန်သည်။ လူသေသည် ခေါင်းထဲသို့ ပြန်လည်၍လှဲလျောင်းလိုက်လေ၏။ မျက်လုံးပိတ်လိုက်သည်။ ဤသည်မှာ မည်သူနှင့်မျှ မတိုက်နိုင်တော့ဟု ကြေညာလိုက်သလိုပင်။

လူအားလုံးလိုလို သက်ပြင်းချလိုက်၏။ သူတို့အားလုံး လူ

သေနင်္ဂရန်ဖြစ်ရန် ဝန်လေးကြသည်။ သူသည် ဤနေရာတွင် တွေ့သော လူတို့ကို မေ့ထားလိုက်ဟန်တူသည်။ အခြေအနေငြိမ်းအေးသလိုဖြစ်သွားသဖြင့် ကျောက်ဂူသည် သူ့အနီးသို့ လျှောက်သွားသည်။ သူသည် ခေါင်းကိုငုံ့ကြည့်ပြီး ပြောလိုက်၏။

"ခုနတုန်းက ခင်ဗျား ဘယ်သူ့ရယ်တာလဲ မေးတယ်မဟုတ်လား … ခင်ဗျားကိုရယ်တာဗျ"

လူသေက မျက်လုံးမဖွင့်ချေ။ သို့သော် စကားသံတော့ထွက်လာသည်။

"ငါ ကြားပြီးပြီ … မင်း နှစ်ကြိမ်တိတိပြောတယ်လေ"

ကျောက်ဂူက မေးလိုက်၏။

"ဒါနဲ့ ခင်ဗျား ဒီလိုပဲသွားတော့မှာလားဗျ၊ မူလအခြေအနေအတိုင်း ပြန်သွားတော့မှာလား"

လူသေက ပြန်မေးလေ၏။

"မင်းစကားက ဘာစကားလဲ၊ ငါတို့ ခုလိုအေးအေးချမ်းချမ်းလုပ်တာကို မင်း သဘောမကျတဲ့မေးပုံပဲ၊ ဘယ်လိုလဲ မင်းသဘောက ငါ မင်းကိုသတ်မှ ကျေနပ်မှာလား"

ကျောက်ဂူက မဲ့ပြုံးပြုံးလေ၏။

"ခင်ဗျားတစ်ခုတော့ သိထားသင့်တယ်"

"ဘာကိုလဲ"



"ကျုပ်ဟာ သက်ခြောက်ငါးသမားလိုပဲ သေမှာကိုတော့ကြောက်နေတဲ့လူမဟုတ်ဘူးဆိုတာပဲ"

လူသေသည် မျက်လုံးဖွင့်လိုက်သည်။

"လောကမှာ ကိုယ့်ကိုယ်ကို သေချင်တဲ့လူကို ဘယ်လိုလူစားဆိုတာ ကြည့်ချင်ကြမှာပါ၊ မင်းလည်း ဒီလိုလူမျိုးဖြစ်နေမလား"

ကျောက်ဂူက ရဲဝံ့စွာ ပြောလိုက်၏။

"ခင်ဗျားမသတ်တာ ကျုပ်ကို အထင်သေးလို့လား၊ ကျုပ်ကို ခင်ဗျားနဲ့မတန်ဘူးလို့ထင်လို့လား၊ ကျုပ် သေသွားပါစေ … ဒီလို အထင်သေးတာမျိုးကို မခံချင်ဘူး၊ ခင်ဗျား တစ်ခုတော့ သိထားရမယ်"

"ဘာကိုလဲ"

"သိုင်းပညာမတတ်တဲ့လူမှာလည်း မာနရှိတာပဲ၊ သိုင်းပညာတတ်တဲ့လူရဲ့မာနဟာလည်း သူ့အသက်ကို ဂရုမစိုက်ဘူး၊ သိုင်းပညာတတ်တဲ့လူကို ခင်ဗျား သတိထားရမယ်"

လူသေက မူလအသံနှင့်မေးလိုက်၏။

"မင်းသေရမှာ မကြောက်ဘူးဆိုပါတော့"

ကျောက်ဂူက မဲ့ပြုံးပြုံးလိုက်၏။

"ခင်ဗျား ဒီမေးခွန်းကို မမေးသင့်ဘူး၊ ကျုပ် ဘာကြောင့်မေးတယ်ဆိုတာ ခင်ဗျား သိနေတာပဲ၊ သေရမှာကြောက်ရင် ကျုပ်

ခင်ဗျားနဲ့ စကားတောင် လာမပြောဘူး၊ ငြိမ်ကုပ်ပြီးနေမှာပေါ့ဗျ"

လူသေက သူ့ကိုစိုက်ကြည့်သည်။ သူ့မျက်နှာမှာ ရှောင်လို ဆိက ဆေးသောက်ပြီးဖြစ်သော်လည်း လူကောင်းကဲ့သို့ ပြန်မဖြစ် သေးပါ။ လူသေမျက်နှာနှင့်သာဖြစ်ပါသည်။

"လဆုတ်ညရောက်တဲ့အခါမှာ ကျူပွှာစန်းတောင်ကို ရောက်အောင်လာခဲ့ပါ၊ မင်းရဲ့ဆန္ဒပြည့်ပါလိမ့်မယ်"

ကျောက်ဂူသည် စဉ်းစားခြင်းမပြုဘဲ ပြောလိုက်သည်။ သူ သည် မည်သူ့ကိုမျှ မကြောက်ချေ။ သူ့အမေကို သတ်သော စန်ကွမ် ကိုလည်း မကြောက်ချေ။ သူက အဖြေပေးလိုက်လေ၏။

"ကျုပ်လာခဲ့မယ်"

ထိုအခါ ကျောက်ဂူနှင့်လူသေ စကားပြောခန်း ပြီးဆုံးသွား လေတော့သည်။ လူသေသည် သူ့မျက်လုံးကို ပြန်မှိတ်လိုက်လေ၏။ ပြောရန်စကားကုန်ပြီဟူသည့်သဘော။ လူသေ၏လူများက ခေါင်း၏ အဖုံးကို ဖုံးလိုက်သည်။ လူသေဟူသည် နေရောင်နှင့်မတည့်ဟု ဆို ကြသည်မဟုတ်ပါလော။ လူသေအလောင်းသည် နေမထွက်မီ သူ၏ ဌာနကို ပြန်ရတော့ပေမည်။ အဖြူရောင်အင်္ကျီဝတ်ကလေးငယ်က အနီရောင်အင်္ကျီအဝတ်ကလေးငယ်ကို မျက်လုံးပြူးကြည့်လိုက်သည်။ ထို့နောက် လှမ်း၍စကားပြောလေ၏။

"ငါ့အတွက် တစ်ခုလုပ်ပေးနိုင်မလား"



"ပြောကွာ"

"ငါပြောတာ နည်းနည်းရိုင်းရင်ရိုင်းမယ်၊ ဒါပေမဲ့"

"ပြောပါ၊ ငါ စိတ်မဆိုးပါဘူး"

"လာမယ့်နှစ် ငါတို့ ပြန်တွေ့ကြဦးမယ်မဟုတ်လား"

အနီရောင်အင်္ကျီဝတ်ကလေးက နှာခေါင်းရှုံ့လိုက်ပြန်၏။

"နင်စကားပြောတာ လိုရင်ကို မရောက်တော့ဘူး"

"လာမယ့်နှစ် ငါတို့ပြန်လည်ဆုံတွေ့တဲ့အခါမှာ ရေတော့ ဆက်ဆက်ချိုးခဲ့ပါနော်"

အဖြူရောင်အင်္ကျီဝတ်ကလေးငယ်သည် ထိုစကားကိုပြော ပြီး ခေါင်းပေါ်သို့ ခုန်တက်လိုက်၏။ သူသည် ခေါင်း၏အဖုံးပေါ်၌ ထိုင်ချလိုက်သည်။ ခေါင်းထမ်းသူများ ရောက်လာကြသည်။ ထို့ နောက် သူတို့သည် ခေါင်းကိုထမ်း၍ ထွက်ခွာသွားကြလေ၏။ ခေါင်း မှာ စည်းချက်ဝါးချက်နှင့် လှုပ်ယမ်းသွားလေတော့၏။

'တောက် .. တောက် .. တောက် .. တောက်'

လိစန်၏ အုန်းမောင်းခေါက်သံ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားသည်။ နောက်ဆုံးတွင် အုန်းမောင်းခေါက်သံ ပျောက်ကွယ်သွား လေတော့၏။ စုခုံသည် သက်ပြင်းချလိုက်မိလေ၏။ ယခု ဤအဖြစ် အပျက်ကို ကြုံတွေ့လိုက်ရသောတဒင်္ဂသည် သူ့ဘဝရှည်ကြီးဖြတ် သန်းခဲ့သလောက် ကြာမြင့်လှသည်ဟု သူထင်မိသည်။ အနီရောင်

ဝတ်ကလေးငယ်သည်လည်း လူသေအလောင်းတို့လူစုပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေ၏။ သူလည်း သက်ပြင်းချသည်။ ကလေးငယ်ဖြစ်သော်လည်း သက်ပြင်းချတတ်လေသည်တကား။ ကျောက်ဂူက သူ့အား လှည့်ကြည့်လိုက်ပြီး ...

"မင်းတို့နှစ်ယောက်ဟာ တန်းတူရွယ်တူဖြစ်ပြီး တစ်ဦးနဲ့တစ်ဦး မဟာရန်သူဖြစ်နေကြတယ်ဆိုတော့ သိပ်မကောင်းပါဘူးကွာ၊ နောက်ပြီး မင်းတို့ဟာ ကလေးတွေလေ၊ ကလေးတွေဖြစ်ပြီး ဒီလောက် ရန်ငြိုးကြီးနေတာ အရုပ်ရုပ်နေပြည်တော် ကြားလို့တောင် မကောင်းပါဘူး"

အနီရောင်ဝတ်ကလေးသည် စိတ်မကောင်းဟန်ဖြင့် ပြောသည်။ ယခုအချိန်၌သာ စိတ်မကောင်းဟန်ပေါ်လာခြင်းဖြစ်သည်။

"ဘယ်သူက စိတ်ကောင်းနိုင်ပါ့မလဲဗျာ"

"မင်းလည်း စိတ်မကောင်းဘူးပေါ့"

"စိတ်ကောင်းတယ်လို့ထင်ရင် အစ်ကိုကြီး မှားမှာပေါ့"

ကျောက်ဂူက ခေါင်းတညိတ်ညိတ်ဖြစ်သွား၏။

"ငါ့စိတ်ထင်တော့ မင်း ဒီလိုတွေးမိမယ်လို့ မထင်မိဘူးကွ၊ အခု စကားပြောတော့မှ မင်း စိတ်မကောင်းဖြစ်တာ ငါသိရတယ်၊ ဒါဆိုလည်း မဆိုးပါဘူး"

အနီရောင်ဝတ်ကလေးက ပါးစပ်ပိတ်ထားလိုက်သည်။



ကျောက်ဂူက ဆက်မေးလေ၏။

"သူက မင်းရဲ့ မဟာရန်သူတော်လို့ ပြောခဲ့သလား မသိဘူး"

"မဟာရန်သူတော်လို့တော့ မပြောခဲ့ပါဘူး၊ ရန်သူလို့တော့ ပြောခဲ့တယ်"

"မင်းက သေချာသားပဲ"

"ကျွန်တော် ဘယ်တော့မှ ပိုမပြောပါဘူး၊ လျှော့လည်း မပြောပါဘူး၊ တတ်နိုင်သမျှ အမှန်အကန်ပဲ ပြောပါတယ်"

"ကောင်းတယ်၊ လူဆိုတာ အဲဒီလိုပဲ ကျင့်သုံးရမယ်၊ ကလေးဆိုတော့ ပိုဆိုးတာပေါ့၊ ငယ်စဉ်ကတည်းက မှန်မှန်ကန်ကန် ပြောတတ်တဲ့အကျင့်ကို လုပ်ရမယ်၊ ဒါနဲ့ ငါ မေးစမ်းပါရစေဦး"

"မေးပါ မေးပါ"

"ငါ့စိတ်ထဲမှာ မင်းတို့ကို အမြွာညီအစ်ကိုတွေပဲဖြစ်မယ်လို့ ထင်နေတယ်၊ မင်းက ငြင်းချည်းနေတယ်"

အနီရောင်ဝတ်ကလေး၏မျက်နှာတည်သွား၏။ သူက မပြောချင်ပြောချင်ဖြင့် ပြောလေ၏။

"ကျွန်တော်တို့ အမြွာညီအစ်ကိုပါ"

ကျောက်ဂူသည် ထိုအခါကျမှ ဘဝင်ကျသွား၏။ အနီရောင်အကျီဝတ်လူငယ်က ဖြည့်စွက်ပြော၏။

"ကျွန်တော်က သူ့ထက် နာရီဝက်စောပြီး မွေးဖွားခဲ့လို့ သူက ကျုပ်ရဲ့ညီလေးဖြစ်ပါတယ်၊ ကျွန်တော်က သူ့ရဲ့အစ်ကိုကြီးပါ။ ဒါပေမဲ့ ကျွန်တော်တို့ညီအစ်ကိုဟာ အခုတော့ ရန်သူကြီးတွေ ဖြစ်နေကြပါပြီ"

ထိုကလေးနှစ်ယောက်တို့မှာ ကျောက်ဂူ ထင်ထားသည့်အတိုင်း အမြွှာညီနောင်ဖြစ်လေသည်။ ဖြစ်ရပုံမှာ ဤသို့ပင်။ ရှောင်လိုနှင့် လူသေအလောင်းတို့သည် တစ်ဦးနှင့်တစ်ဦး သိုင်းပညာချင်းပြိုင်လိုကြသော်လည်း သူတို့မှာ အားမသန်မာန်လျှော့ဖြစ်ရလေသည်။ ဒုက္ခကိုယ်စီနှင့်ဖြစ်နေသဖြင့် တိုက်ချင်တိုင်း တိုက်၍မရခဲ့ချေ။

သို့သော် သူတို့က စိတ်မလျှော့ပါ။ တပည့်တစ်ယောက်ကိုယ်စီလက်ခံပြီး မိမိ၏သိုင်းပညာရပ်များကို အိတ်သွန်ဖာမှောက်သင်ကြား၍ သူတို့နှစ်ဦးကို ပြိုင်ခိုင်းရန် ဖန်တီးရန် ကြိုးစားကြောင်းဖြစ်ပါသည်။ ထိုအခါ သူတို့စိတ်ကြိုက် တပည့်တစ်ဦးစီ ရှာကြလေတော့သည်။

ကံဆိုးခြင်းမှာ ထိုအမြွှာညီအစ်ကိုပေါ်သို့ ကျရောက်သွား၏။ သူတို့သည် ထိုအမြွှာညီအစ်ကိုတော်စပ်ခြင်းကို မစဉ်းစားကြပေ။ ဉာဏ်ရည်ကိုသာ စဉ်းစားကြ၏။ တစ်ယောက်စီကိုမွေးစားပြီး သူတို့၏စီမံချက်ကို အကောင်အထည်ဖော်ကြသည်။ သို့သော် တူညီသောမျိုးဗီဇနှစ်ခုမှာ ကွဲပြားခြားနားသော ပတ်ဝန်းကျင်တွင် ရှင်သန်ကြီးပြင်းလာရသောကြောင့် သူတို့သီးပွင့်လာသော အသီးအပွင့်များသည် တူညီနိုင်မည်မဟုတ်မှာ သေချာ၏။



ကျောက်ဂူက စိတ်မကောင်းဖြစ်နေ၏။ ကံတရားသည် ထိုအမြွှာညီအစ်ကိုနှစ်ယောက်အပေါ် ရက်စက်လွန်းသည်ဟု ခံစားမိလာသည်။ သူဆိုလျှင် ဤသို့စဉ်းစားမိမည်မဟုတ်ချေ။ ညီအစ်ကိုနှစ်ယောက်၏တော်စပ်ပုံကို ထည့်စဉ်းစားမည်သာဖြစ်သည်။ အနီရောင်ဝတ်ကလေးက ရယ်မော၏။ ကျောက်ဂူက မေးလိုက်၏။

"မင်း ဘာကိုရယ်တာလဲကွ"

"ကျွန်တော် အစ်ကိုကြီးကိုကြည့်နေတာပါ"

"မင်းက ငါ့ကိုကြည့်နေတယ်"

"ဟုတ်တယ်လေ၊ ကျွန်တော်တို့အကြောင်းကိုပြောပြီးတာနဲ့ အစ်ကိုကြီး ငိုင်သွားတော့ ကျွန်တော်တို့အကြောင်းကို အစ်ကိုကြီး စဉ်းစားနေတယ်ဆိုတာ ကျွန်တော်တို့ သိလိုက်တာပေါ့"

"ဒါဟာ ရယ်စရာလားကွာ"

"ရယ်တာပေါ့ဗျာ၊ အစ်ကိုကြီး ကျွန်တော်တို့အကြောင်းတွေးပြီး စိတ်မကောင်း ဖြစ်နေတာ မဟုတ်လား"

ကျောက်ဂူ တော်တော်အံ့သြသွားသည်။

"မင်းကတော့ တကယ့်ကလေးပါပဲကွာ"

"အစ်ကိုကြီးအပေါ် ကျွန်တော် အထင်မှားသွားပါတယ်"

ကျောက်ရူ အံ့သြသွား၏။

"ဘာ"

"ဩော် ...အစ်ကိုကြီးအပေါ် ကျွန်တော် ထင်မြင်ယူဆတာ အမှားကြီးပါလားလို့ ကျွန်တော် သိလိုက်တာကို ပြောတာပါ"

ကျောက်ရူက မေးလိုက်၏။

"ဘယ်လိုများ အထင်မှားသွားတာလဲ"

"ဩော် ...အစ်ကိုကြီးဟာ သိပ်ဉာဏ်ကောင်းမှန်း နောက်မှ သိရတော့တယ်၊ အရင်က ဉာဏ်မကောင်းဘူးလို့ ထင်ထားတာကိုး'

ကျောက်ရူ မေးလိုက်ပြန်သည်။

"ငါ ဉာဏ်ကောင်းတယ်ဆိုတာ မင်း ဘယ်လိုလုပ်သိသလဲ'

အနီရောင်ဝတ်ကလေးက

"လူသေအလောင်းက အစ်ကိုကြီးကို မသတ်ဘူးဆိုတာသိလို့ သူ့ကိုသွားပြီး စိန်ခေါ်လိုက်တာ မဟုတ်လား၊ ကျွန်တော် အစ်ကိုကြီးရဲ့စိတ်ကို သိပါတယ်ဗျာ"

ကျောက်ရူ ပါးစပ်ပိတ်သွားသည်။ ကလေးငယ်၏စကားမှာ မှန်နေသောကြောင့် ဖြစ်သည်။ အနီရောင်ဝတ်ကလေးက ထပ်၍ ပြောပြန်သည်။

"အစ်ကိုကြီး သွားပြီး စိန်ခေါ်လိုက်ပေမယ့် သေချာပိုင်နိုင်လိမ့်မယ်လို့ စိတ်ထဲမှာ မထားပုံဘူးဗျာ၊ ရာနှုန်းပြည့်မသတ်ဘူးလို့



ထင်ထားတာမဟုတ်ဘူး၊ ရာခိုင်နှုန်းတော်တော်များများတော့ ငါ့ကို မသတ်နိုင်ဘူးလို့ တွေးထားတာပါ"

ကျောက်ရူက မေးလိုက်၏။

"မင်း လောင်းကစားတတ်သလား"

အနီရောင်ဝတ်ကလေးက သူ့ဆရာအား ကြည့်လိုက်ပြီးမှ အသံတိုးတိုးဖြင့် ပြောသည်။

"ဆရာမသိအောင်တော့ တိတ်တိတ်ကလေး လောင်းခဲ့ပါသေးတယ်၊ အစ်ကိုကြီး သွားမပြောနဲ့နော်၊ ဆရာသိရင် ကျွန်တော်တော့ မလွယ်ဘူး"

ကျောက်ရူက ရယ်လိုက်၏။ သူက ရယ်ပြီး ဆက်ပြောသည်။

"လောင်းကစားတယ်ဆိုတာ သူများရဲ့ပိုက်ဆံ လိုချင်လို့၊ သူများရဲ့ပိုက်ဆံလိုချင်ရင် ကိုယ်ကလည်း စွန့်ရဲရမယ် မဟုတ်လား"

သူက ပြုံး၍ စကားဆက်လိုက်သည်။

"လောကမှာ အလားတူကိစ္စတွေ အများကြီးရှိပါတယ်ကွာ"

အနီရောင်ဝတ်ကလေးသည် ပါးစပ်ပိတ်သွားလေတော့၏။

✵ ✵ ✵

## အခန်း (၃၈)

## ထွက်ခွာခရီး

မိုးလင်းလာလေပြီ။

ရထားလုံးပတ်ဝန်းကျင်၌ သစ်ပင်ကြီးများ မရှိကြတော့ပေ။ အားလုံးပြောင်ရှင်းသွားပေပြီ။ မနေ့က,ကတည်းက ရှင်းလင်းပြီးဖြစ်သည်။ သို့သော် ရထားလုံးပတ်ဝန်းကျင်၌ ဈေးသည်များထားခဲ့သည့် လက်ဝတ်ပစ္စည်းများ၊ စီဝမ်ထားခဲ့သည့် ပစ္စည်းများ ရှုပ်ပွနေခဲ့၏။ ရှုပ်ပွနေသော ထိုပစ္စည်းပစ္စယများကိုလည်း ယခုအခါမှာ စနစ်တကျ သိမ်းဆည်းလိုက်ပြီဖြစ်သည်။

အကယ်၍သာ ညတုန်းက ဤနေရာသို့ ရောက်ခဲ့ဖူးသော လူသည် ယနေ့မနက် ဤနေရာသို့ ထပ်မံရောက်ရှိလာလျှင် တစ်ညတာအချိန်တွင် အပြောင်းအလဲ အံ့ဩဖွယ်ရာဖြစ်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဤသည် ထူးဆန်းသည့်ဖြစ်ရပ်တစ်ခု မဟုတ်ပါလေ။ ဤလောက်တော့ ရှောင်လိုအဖို့ အသေးအဖွဲပါပေ။

ရှောင်လိုသည် သံမဏိကွမ်ရင်မယ်တော် အမည်ရှိသည့် လက်ဖက်ခြောက်ခပ်ထားသော ရေနွေးကြမ်းကို စုခွံ၊ ကျောက်ဝူနှင့် အတူ သောက်နေ၏။



"ဒါဟာ ထူးဆန်းတဲ့ဖြစ်ရပ်တစ်ခုပါပဲ၊ လောကပေါ်မှာ ထူးဆန်းတဲ့ဖြစ်ရပ် လုံးဝမရှိပါဘူး၊ ရှိခဲ့တယ်ဆိုရင်လည်း သူ့ရဲ့စွမ်းအားနဲ့သာ လုပ်ဆောင်ခဲ့တဲ့ စွမ်းအားတစ်ခုပဲဖြစ်မယ်"

ရှောင်လိုပြောလိုက်သောစကားသည် အဘိဓမ္မာဆန်လှသည်လို ကျောက်ဝူက တွေ့ရှိရသည်။ ထို့ကြောင့် ရှောင်လို၏စကားကို သူက အလွန်စိတ်ဝင်စားစွာဖြင့် နားထောင်နေ၏။ ရှောင်လိုက စကားဆက်လိုက်သည်။

"လူသားမှသာလျှင် အံ့ဩစရာဖြစ်ရပ်ဆန်းကို ဖန်တီးနိုင်မယ်ကွ၊ လူသားမဟုတ်ရင် မဖန်တီးနိုင်ဘူး"

သူက ဖြည့်စွက်ပြောပြလေ၏။

"လူသားတို့ဟာ သူ့ရဲ့အသိဉာဏ်၊ ဖွဲ၊ လုံ့လနဲ့ အလွန်တိကျမှန်ကန်တဲ့ လေ့ကျင့်မှု နည်းပညာတွေနဲ့ တည်ဆောက်ဖြစ်ပေါ်လာတာပါ"

ကျောက်ဝူက ပြုံးလိုက်သည်။

"လူကြီးမင်းပြောတာ ကျွန်တော် လက်ခံပါတယ်၊ ဒါပေမဲ့ ငွေရှိမှ ဖြစ်မယ်မဟုတ်လား၊ ငွေမရှိဘဲနဲ့တော့ ဘာမှလုပ်လို့မရပါဘူး"

ရှောင်လိုက ရယ်လိုက်သည်။

"ဟုတ်ပါတယ်၊ ငွေဆိုတာ မရှိမဖြစ်သည့် ပစ္စည်းတစ်ခုပဲ" စုခုံက ကြားဖြတ်လေ၏။

"ဒါဖြင့် ငွေဆိုတာလည်း အဓိကအကျဆုံးတော့ မဟုတ်နိုင်ဘူး"

ကျောက်ဂူက နားထောင်နေ၏။ စုခုံက ...

"ငွေရှိသည့်လူတိုင်း သူများလုပ်နိုင်သည့်အရာကို သူက အသေအချာ လုပ်နိုင်လိမ့်မည်လို့ မထင်လိုက်နဲ့"

သူ၏စကားမှာလည်း လေးနက်သောအဓိပ္ပာယ် ပါရှိလေသည်။ စုခုံက စကားဆက်လိုက်သည်။

"ဥပမာ ဓားတစ်လက်ဆိုကြပါစို့ ဓားရဲ့ထက်မြက်ပုံဟာ ဘယ်သူ့လက်ထဲမှာ ရှိတယ်ဆိုသည့်အပေါ်မှာ မူတည်ပါတယ်၊ ဓားထက်ပုံ တုံးပုံက အရေးမပါတော့ဘူး ဖြစ်လာပါတယ်"

သူက စကားဆက်သည်။

"ဓားတစ်လက်ဟာ ထိပ်တန်းသိုင်းသမားတစ်ယောက်ရဲ့ လက်ထဲမှာရှိရင် အလွန်ကြောက်စရာကောင်းတဲ့ ဓားတစ်လက် ဖြစ်နေပါတယ်၊ သာမန်လူတစ်ယောက်ရဲ့လက်ထဲမှာ ရှိရင်တော့ ဘာမှအသုံးမဝင်သည့်ဓားတစ်လက်ဖြစ်သွားရတယ်"

ကျောက်ဂူသည် အချိန်အလွန်နှောင်းသွားပြီဖြစ်သည်ကို



သတိရလာသဖြင့် သူက နှုတ်ဆက်ရန် ပါးစပ်ဟလိုက်၏။ သူများ၏စိတ်ကို အမြဲတမ်း ကြိုတင်သိနိုင်စွမ်းရှိသော ရှောင်လိုက ပြောလိုက်၏။

"မင်း သွားချင်ပြီနဲ့တူတယ်"

ကျောက်ဂူက ခေါင်းညိတ်လိုက်ပြီး ထရပ်လိုက်သည်။ ရှောင်လိုက ...

"အချိန်တန်ရင် မင်း ကျူးဟွာစန်းတောင်ကို သွားမယ် မဟုတ်လား"

ကျောက်ဂူက ခေါင်းညိတ်လိုက်၏။

"မှန်ပါတယ်ခင်ဗျာ"

ရှောင်လိုက

"ကျူးဟွာစန်းဆိုတာ တောင်ဘက်က လိန်းယန်မြို့အထိ ရှည်တယ်၊ မြောက်ဘက်မှာ ချူးဖုအထိရောက်တယ်၊ အရှေ့ဘက်ကျတော့ နဂါးနှစ်ကောင်တောင်ကုန်း။ အဲဒီနဂါးနှစ်ကောင်တောင်ကုန်းပေါ်မှာ ရှုခင်းသာတဲ့နေရာ (၄၂) ခုရှိတယ်၊ ပြီးတော့ လိုဏ်ဂူငါးခုရှိတယ်၊ စမ်းရေအိုင် (၁၈) ခု ရှိတယ်၊ ဒါကြောင့် ကျူးဟွာစန်းတောင်ဆိုတာ အလွန့်အလွန်ကျယ်ဝန်းသည့်နေရာတစ်ခုပါ၊ ငါပြောတဲ့နေရာတွေကြည့်တာနဲ့ ဘယ်လောက်ကျယ်ဝန်းတယ်ဆိုတာလည်း ခန့်မှန်းနိုင်တယ်"

ကျောက်ဂူက ...

"ကျွန်တော် သိပါတယ်ခင်ဗျာ"

ရှောင်လိုက မေးမလိုက်၏။

"မင်းသိရင် ဘာကြောင့် ဘယ်နေရာကိုသွားရမယ်လို့ မမေးသေးတာလဲ၊ ဒါက ကိုယ်သွားရမယ့်ခရီးကွ၊ ဘာမဆို ကြိုတင် သိထားသင့်တယ်"

ကျောက်ဂူက ပြောလိုက်၏။

"ကျွန်တော် မေးစရာမလိုပါဘူး"

ရှောင်လိုက ရယ်၏။

"ဟား ... ဟား ... ဟား ကိုယ့်ကိုယ်ကိုယ် အထင်တော် တော်ကြီးတဲ့ကောင်ပဲ၊ မင်း သူ့ကိုတွေ့အောင်ရှာနိုင်မယ် ထင်လို့ လား"

ကျောက်ဂူက ခေါင်းခါယမ်းလိုက်သည်။

"ရှာနိုင်မယ် မထင်ပါဘူးဗျာ"

"မင်း ဒါဖြင့် သူ့ဆီ ဘယ်လိုရောက်အောင် သွားမှာလဲ"

"ကျွန်တော်တို့ဟာ တစ်ခုခုကိုရှာတယ်ဆိုရင် စုံစမ်းမေးမြန်း ရတော့တာပဲ"

"မှန်တယ်၊ နောက်တော့"

"အခု လူကြီးမင်းက ကျွန်တော့်ကို ကြိုပြောမလို့ လုပ်နေ



တယ်"

"ဒါလည်း မှန်တယ်"

"ကျွန်တော်ကတော့ မလိုအပ်ဘူးလို့ ထင်ပါတယ်၊ မေးမြန်း စုံစမ်းရင် တစ်ခုမဟုတ်တစ်ခု သိရတာပါပဲ"

ရှောင်လိုက ရယ်လေ၏။

"မင်းရဲ့ မေးမြန်းစုံစမ်းတဲ့နည်းက အလုပ်မဖြစ်တော့ဘူးဆို ရင် မင်းဘာလုပ်မလဲ"

"နည်းလမ်းတစ်ခုပဲ ရှိတော့တာပေါ့"

"ဘာနည်းလဲ"

"ကျွန်တော် စုံစမ်းလို့မရတော့ဘူးဆိုရင် သူကိုယ်တိုင် ကျွန်တော့်ဆီကိုလာဖို့ နည်းလမ်းပဲ ရှာပါတော့တယ်ခင်ဗျာ"

ရှောင်လိုသည် သဘောကျပြီး တဟားဟားအော်ရယ်လေ တော့၏။

✵ ✵ ✵

## အခန်း (၃၉)

## သောက

ကျောက်ဂူသည် အားလုံးကိုနှုတ်ဆက်ပြီး ထွက်ခွာသွားလေတော့၏။ သူသည် ငယ်စဉ်ကပင် ဤသို့ပြုမူတတ်သည်။ သူသည် တစ်ခုခုကို ဆုံးဖြတ်လိုက်ပြီးလျှင် မည်သူကမှ တားနိုင်စွမ်းမရှိပါ။ မားတောင်ကိုဖြစ်စေ၊ မီးပင်လယ်ကိုဖြစ်စေ သူကျော်ဖြတ်တော့မည်ဖြစ်သည်။ အသက်ကို ဂရုမစိုက်ပါ။ ထို့ကြောင့် စုခုံကမတားပါ။ လွှတ်ပေးလိုက်ပါသည်။ ရှောင်လိုက စုခုံအား မေးလိုက်သည်။

"ဒီသူငယ်ရဲ့နာမည်က ကျောက်ဂူ ဟုတ်လား"

"ဟုတ်ပါတယ်"

"သူက"

"ကျုပ်တို့ တဖုန်ထန်ဘုံကျောင်းအဖွဲ့ဝင်လူကြီး ကျောက်ကန်ရဲ့သားပါဗျာ"

ရှောင်လိုက သူ့ခန်းမှန်းချက်ကို ဆက်ပြောနေ၏။

"သူ့ကိုကြည့်ရတာ သူ့ရဲ့ရင်ထဲမှာ ဖြေရှင်းလို့မရတဲ့ကိစ္စတွေ ရှိနေတာကို တွေ့ရတယ်၊ ခင်ဗျားသိမှာပေါ့။ ဒါကို ကျုပ်မမေးပါဘူး"



သူ စကားဆက်လိုက်၏။

"ဉာဏ်ပညာရှိတဲ့လူတွေဟာ ဒီလောက်များပြားတဲ့ကိစ္စကို ရင်ထဲမှာသိမ်းဆည်းထားဖို့ မသင့်ဘူးဗျ။ ကိုယ့်ပူလောင်မှုကို ဝေမျှသင့်ပါတယ်"

စုခုံက ပြောပြ၏။ သူ၏တကယ့်စေတနာပင်။

"သူ ဉာဏ်ကောင်းပါတယ်၊ သူ ဒီထက် ပိုဉာဏ်ကောင်းအောင် ခင်ဗျားဆီကို ခေါ်လာတာပါ"

စုခုံက စကားဆက်လိုက်၏။

"သူ့ရဲ့စိတ်ထဲမှာ အခဲမကျေတဲ့ကိစ္စတစ်ခုတော့ရှိတယ်၊ အဲဒါ ဘာလဲဆိုရင် သူ့ရဲ့ရန်သူကို ရှာမတွေ့လို့ပဲ၊ သူဟာ သူ့ရန်သူကို လိုက်ရှာနေတဲ့လူငယ်ပါ"

ရှောင်လိုက မေးလိုက်၏။

"ရန်သူက ဘယ်သူလဲ"

"စန်ကွမ်ပါဗျာ"

"ဟုတ်လား ဖြစ်မှဖြစ်ရလေ"

သူက ဆက်၍ပြောလိုက်၏။

"ခင်ဗျားရဲ့တွဲဘက်သွေးသောက် မဟုတ်လား"

"ဒါလည်း ဟုတ်ပါတယ်"

စုခုံသည် ဝန်ခံလိုက်ရ၏။ ရှောင်လို သက်ပြင်းချ။ စုခုံက မေးလိုက်သည်။

"ဘယ်လိုများ ထူးခြားမလဲဗျာ"

ရှောင်လိုက ပြောပြလေ၏။

"ဒီလူငယ်ဟာ ဉာဏ်နည်းပါးတယ်၊ သူတတ်ထားတဲ့ သိုင်းပညာဟာ စန်ကွမ်ကို ၁၄ ကွက်အထိခံနိုင်ဖို့ အခြေအနေမရှိဘူး၊ ဒါဟာ ကျောက်တောင်ကိုခေါင်းနဲ့တိုက်တာပဲ၊ ကြက်ဥဟာ ကျောက်တောင်နဲ့ ဘယ်ပြိုင်နိုင်မှာလဲ"

စုခုံဟာ ရှင်းပြလေ၏။

"ဟုတ်တယ်၊ ဒါကြောင့် သူ့ကို ဒီရောက်အောင် ကျုပ်မြှားပြီး ခေါ်ခဲ့တာပါ၊ ဒါမှ သိုင်းလောကမှာ သိုင်းပညာထက်မြက်တဲ့လူတွေ ဘယ်လောက်များများရှိတယ်။ ပြီးတော့ သူတတ်ထားတဲ့ သိုင်းပညာဟာ လူတောမတိုးနိုင်သေးဘူးဆိုတာ သိစေချင်လို့ပါ"

သူ စကားဆက်လိုက်၏။ သူ၏နှောင်တကို ဖော်ပြခြင်းဖြစ်ပါသည်။

"ဒါပေမဲ့ အခု ကျုပ်မှားမှန်းသိသွားပါပြီ"

စုခုံ၏စိတ်မကောင်းသံဖြင့် ပြောခြင်းကို ရှောင်လို သတိပြုမိသည်။



"ဘယ်နေရာများ မှားသွားသလဲ၊ ခင်ဗျားလိုလူ မှားတယ်ဆိုတော့ ကျုပ်သိချင်ပါတယ်"

စုခုံက ...

"ဒီနေရာကိုခေါ်လာတာ မှားတာပါပဲဗျာ"

"ဘာဖြစ်လို့လဲ"

စုခုံက ဖြည်းညင်းစွာပြောသည်။

"စန်ကွမ်ဟာ အမြော်အမြင်ကြီးသူဖြစ်တယ်၊ သူ ထွက်ပြေးရှောင်တိမ်းသွားပြီဆိုတော့ သူ့ကိုတွေ့ဖို့ဆိုတာ တော်တော်ခက်ခဲပါတယ်၊ အခုလည်း ကျောက်ဂူ သူ့ကို လိုက်ရှာဖို့ဆိုတာ မလွယ်ပါဘူး"

ရှောင်လိုက မေးလေ၏။

"ကျွန်ုပ်အမေးကို ခင်ဗျားဖြေနေတာ မဟုတ်ဘူး"

"ဒီကိုမရောက်ခင်တော့ မဆိုးပါဘူးဗျာ၊ ဒီကိုရောက်လာတဲ့အတွက် သူ စီဝမ်နဲ့ သိကျွမ်းသွားတယ်လေ၊ အဲဒါဟာ ခင်ဗျားမေးတဲ့ မေးခွန်းရဲ့အဖြေပဲဗျ"

သူ သက်ပြင်းချလိုက်သည်။ ဆက်ပြောပြန်၏။

"စီဝမ်ဟာ လူတစ်ဦးကို တွေ့ချင်တယ်ဆိုရင် မိုးကုပ်စက်ဝိုင်းအထိ ရောက်သွားပါစေ တွေ့အောင်ရှာနိုင်တယ်ဗျ၊ အဲဒါကို ကျောက်ဂူသိသွားတယ်၊ သူ စီဝမ်ကိုလိုက်ဆက်သွယ်မှာပဲ"

သူက စကားဆက်လိုက်ပြန်၏။ သူသည် ဆက်၍ဆက်၍

မေးနေ၏။

"စန်ကွမ်ရဲ့သိုင်းပညာဟာ အလွန်အဆင့်မြင့်တယ်၊ ကျောက်ဝူ ဘယ်လိုမှမယှဉ်နိုင်ဘူးဗျာ၊ ခင်ဗျားပြောသလို သိုင်းကွက် ၁၄ ကွက်အထိ ကျောက်ဝူ မခံနိုင်ဘူး၊ ဒါပေမဲ့ ... သူ့ကိုရှာလို့တွေ့သည့်တိုင်အောင် နိုင်မှန်းသိပေမယ့် သူ ရင်ဆိုင်ဝံ့မှာ မဟုတ်သေးဘူး"

ရှောင်လိုက မေးလိုက်၏။

"ခုအခြေအနေမှာကော"

စုခုံက သက်ပြင်းချပြန်သည်။

"အခုတော့ အခြေအနေပြောင်းသွားပြီပေါ့ဗျာ၊ သူ့တစ်ယောက်တည်းဆိုရင်တော့ စန်ကွမ်ကို ဘယ်လိုမှမနိုင်ပါဘူး၊ သူ့ပဲသေမှာပါ၊ အခု အခြေအနေပြောင်းပြီဆိုတာကတော့ ခင်ဗျားဆီမှာ ရွှေခေါင်းလောင်းတစ်ခုရသွားတယ်၊ ဒီရွှေခေါင်းလောင်းနဲ့ အကူအညီတောင်းနိုင်တယ်၊ ပြီးတော့ လူသေဆီမှာလည်း အကူအညီရနိုင်တယ်၊ ဒါပါပဲဗျာ"

စုခုံက စိတ်ပျက်လက်ပျက်ပြောလိုက်၏။ ရှောင်လိုက စဉ်းစားစားဖြင့် ပြောသည်။

"သူ ဒီကိုရောက်လာခဲ့တဲ့အတွက် ခင်ဗျား ပြောသလိုပဲ၊ သူ့အတွက် အကျိုးရှိတန်သမျှတော့ ရှိတာပါပဲ"



"ကျုပ် မငြင်းပါဘူး"

"ခင်ဗျားမသိပေမယ့် ကျုပ်သိနေတာတစ်ခုတော့ ရှိနေပါတယ်"

"ဘာများလဲဗျာ"

"သူ့ကိုယ်သူ နယ်ကိုးနယ်စားကြီးဆိုတဲ့ လူသေဟာ သူ့အတွက် အကျိုးရှိနိုင်တာပေါ့ဗျာ၊ ကျုပ်စဉ်းစားမိပါတယ်၊ သူ လူသေကို မိုက်မိုက်မဲမဲဆက်ဆံတာဟာ ကိုယ့်သေတွင်း ကိုယ်တူးတာပဲ၊ ဒါပေမဲ့ လူသေက သူ့ကို ဘာမှမလုပ်တာပဲ"

စုခုံက မချိပြုံး ပြုံးလိုက်၏။

"ဒါကြောင့် သူဟာ စန်ကွမ်ကို ရင်ဆိုင်နိုင်တဲ့သတ္တိ ရှိလာမှာမဟုတ်ဘူး"

ရှောင်လိုက ...

"သူ လူသေနဲ့တွေ့တာ သူ ကံကောင်းတာပေါ့ဗျာ"

စုခုံက ...

"ဒီလိုကံကောင်းမှုမျိုးကို ကျုပ်မလိုလားပါဘူး"

ရှောင်လိုက ပြော၏။

"ရှေးတုန်းက ပညာရှိ စကားတစ်ခွန်း ပြောခဲ့တာကို သတိရပါသေးတယ်"

"ဘာများပြောခဲ့သလဲဗျာ"

"လူတစ်ယောက်ဟာ သူ့ရဲ့ပင်ကိုယ်စိတ်ဓာတ်က ဘယ်လောက်ပဲ သတ္တိရှိပါစေ၊ ဘယ်လောက်ပဲ ဉာဏ်ကောင်းပါစေ အလွန်ကံကောင်းတဲ့ ကံဇာတာရှိတဲ့လူကို မမှီဘူးတဲ့"

သူက ပြုံး၍ စကားဆက်၏။

"ကျောက်ဂူမှာ သူကိုယ်တိုင် ကံကောင်းတဲ့လူဖြစ်နေတော့ သူ့အတွက် ဘာလို့စိုးရိမ်နေရမှာလဲ ... ခင်ဗျား စိတ်အေးအေးထားစမ်းပါ"

စုခုံ စကားတစ်ခွန်းမှ ထပ်မပြောတော့ပါ။ သို့သော် မျက်နှာပေါ်တွင် စိုးရိမ်သော အရိပ်အရောင်များကတော့ ရှိနေသည်သာ ဖြစ်ပါ၏။ သူ့ရင်ထဲမှာ ဖွင့်မပြောနိုင်သော လျှို့ဝှက်ချက်တစ်ခု ရှိနေပါသလော။ မည်သူမျှ မသိနိုင်ချေ။

✵ ✵ ✵



## အခန်း (၄၀)
## ခြောက်သုံးလုံးလှုဝယ်

လူသားတို့သည် ...

မရှိမဖြစ်သော စားဝတ်နေရေးမှလွဲ၍ အချို့လူတို့သည် လောင်းကစားမှုကို အလွန်ဝါသနာပါ၏။ ယခင်တုန်းကဆိုလျှင် နှစ်သစ်ကူးအချိန်မှသာလျှင် မိသားစုချင်း ပျော်ရွှင်စွာ လောင်းကစားတတ်ကြသည်။ ထို့နောက် လောင်းကစားမှုသည် တဖြည်းဖြည်း ကျယ်ပြန့်လာသည်။ တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်နယ်လုံး၊ တစ်ပြည်လုံးသို့ ပြန့်ပွားသွားသည်။

စီးပွားရေးသမားတို့သည် လူအချို့၏လိုအပ်ချက်ကို အခွင့်ကောင်းယူပြီး သူတို့ဝင်ငွေရရန် ကြံစည်ကြသည်။ သူတို့သည် မည်သူမဆို ကစားနိုင်သည့် လောင်းကစားဂေဟာတစ်ခုကို တည်ထောင်လိုက်၏။

ကစားဝါသနာအိုးတို့သည် တစ်နေရာတည်း စုစည်းနေထိုင်သည် မဟုတ်ပါ။ အနယ်နယ် အရပ်ရပ်၌ ဖြန့်ဝေနေထိုင်ကြသည်။

ထို့ကြောင့် မြို့ကြီးပြကြီးမှာ ခါတော်မီဂေဟာများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာ၏။

သို့သော် လောင်းကစားအိမ်သို့ သွားကစားရာ၌ အလွန် သတိထားရမည်ဖြစ်၏။ သို့မဟုတ် မိမိ၏အိမ်ယာပစ္စည်းနှင့် ဇနီး သည်လည်းပဲ ဆုံးရှုံးသွားနိုင်ပါသည်။

ဤနေရာသည် မြို့ကြီးတစ်မြို့ ဖြစ်သည်။ ဝေလငါး လောင်းကစားဂေဟာသည် ဤမြို့တွင် အကြီးဆုံးဂေဟာတစ်ခုဖြစ် သည်။ ဤဂေဟာတွင် ယခုရက်အတွင်း၌ ထူးခြားသော အဖြစ် အပျက်တစ်ခု ပေါ်ထွန်းလာ၏။ အကြောင်းမှာ လောင်းတိုင်း နိုင် သော လူငယ်တစ်ဦးပေါ်ထွန်းလာခြင်းပင် ဖြစ်ပါ၏။

ထိုလူငယ်သည် ဂေဟာအတွင်းရှိ အခြားသော ကစားနည်း များတွင် လုံးဝ,ဝင်မကစားခြင်းဖြစ်သည်။ သူက အန်စာပစ်သည့် ကစားမှုကိုသာ ကစား၏။ ထူးဆန်းသည်က အန်စာတုံးကိုပန်းကန် ထဲသို့ ပစ်ချလိုက်သည်နှင့် အန်စာတုံးမှာ ...'ခြောက်ဂဏန်း' ချည်း သာ ဖြစ်နေ၏။

ဂေဟာမှတာဝန်ခံတို့သည် ထိုလူငယ်၏ ပစ်တိုင်း ခြောက် ဂဏန်းချည်း ဖြစ်နေသည်ကို အလွန့်အလွန် အံ့ဩခြင်းမက အံ့ဩမိ လေ၏။ ထိုလူငယ်မှာ လူလိမ်လူကောက်ဖြစ်ရမည်ဟု သံသယဖြစ် လာကြသည်။ သို့သော် သူ၏အန်စာပစ်ပုံမှာ အလွန်ရိုးသားသော



ကြောင့် ဖော်ထုတ်နိုင်ရန် လက်ဆုပ်လက်ကိုင် မပြနိုင်ခဲ့ကြပါ။ ကံ ကောင်းသူဖြစ်နေခြင်းသာ သက်သေပြကြရမှာသည်။

မည်သူသည် အန်စာပစ်တိုင်း ခြောက်ပွင့်ဖြစ်နိုင်ပါမည် နည်း။ ဂေဟာမှ အန်စာပစ်ပညာကျွမ်းကျင်သောလူသည် သူ၏ ကလိမ်ကျမှုကို ဖမ်းဆီးဖော်ထုတ်နိုင်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် လူငယ်သည် ရိုးသားစွာ ကစားခဲ့သောကြောင့်တည်း။ ထို့နောက် ဤလူငယ်ကိုစုံစမ်းရာ သူ၏ အမည်မှာ ကျောက်ဂူဖြစ်သည်ဟု သိရှိလိုက်ကြရသည်။

ဤအဆောက်အအုံကြီးသည် အလွန်ရှေးကျသော အဆောက်အအုံတစ်ခုဖြစ်သည်။ အဆောက်အအုံ၏ပုံသဏ္ဌာန်ကို ကြည့်လိုက်ပါလျှင် ဘုံကျောင်းတစ်ခုဟု ထင်မှတ်ကြမည်ဖြစ်သည်။ သို့သော် ဘုံကျောင်းမဟုတ်ပါ။ လီပေါင်းငါးရာပတ်ဝန်းကျင်တွင် ဤအဆောက်အအုံသည် အကြီးကျယ်ဆုံးသော လောင်းကစားဂေ ဟာတစ်ခုဖြစ်သည်။

ထိုဂေဟာ၏ပိုင်ရှင်မှာ အခြားသော လျှို့ဝှက်အဖွဲ့အစည်း တစ်ခု၏ ခေါင်းဆောင်ဖြစ်သည်။ ထိုကဲ့သို့လူစားမျိုးမှသာလျှင် ဤ ဂေဟာကို စိတ်ချလက်ချတည်ထောင်နိုင်သည် မဟုတ်ပါလော။ ပိုင် ရှင်၏အမျိုးအနွယ်မှာ ကော့ဖြစ်သည်။ လူအများက သူ့အား ကော့ လန်ဟု ခေါ်ကြသည်။ အချို့က ကော့ဟုဟု ရင်းရင်းနှီးနှီးခေါ်ကြ

သည်။ သူ၏အမည်ရင်းကို မည်သူကမှ မသိကြပါ။

ပိုင်ရှင်အမည်မှာ အရေးမဟုတ်ပါ။ ဤဂေဟာတွင် လောင်းကစားပစ္စည်း မျိုးစုံရှိသည်။ ကစားသမားအများစု စုဝေးသောနေရာလည်း ဖြစ်၏။

သို့သော် မည်သူမဆို ဂေဟာတွင် လိမ်လည်ကစားမှု ပြုလုပ်ခဲ့လျှင် ဂေဟာလုံခြုံရေးတာဝန် ထမ်းဆောင်သောလူများသည် သူ့အား လေးစားစွာဖြင့် အပြင်သို့ ထွက်သွားခိုင်းတတ်ပါသည်။ ထိုလူ သတိရလာသောအခါ လမ်းဘေးရေပုပ်မြောင်းထဲတွင် ရောက်ရှိနေသည်ကို တွေ့ရှိသွားမည်ဖြစ်၏။ ထို့ပြင် သူ၏နံရိုးမှာ သုံးချောင်းခန့်ကျိုးနေသည်ကိုလည်း တွေ့ရှိရလိမ့်မည် ဖြစ်ပါသည်။

ကျောက်ဂူသည် သစ်လွင်သော အဝတ်အစားများ ဝတ်ဆင်၍ ညနေဆည်းဆာကို ငေးကာ မီးရောင်ထိန်ထိန်လင်းနေသော ထိုအလောင်းအစားဂေဟာထဲသို့ လှမ်းဝင်လိုက်၏။ ဤဂေဟာသို့ ရောက်ရှိလာနိုင်ခြင်းမှာ လွယ်ကူမည်မဟုတ်။ သူသည် မိတ်ဆွေတစ်ယောက်ကို ငွေငါးရာပေး၍ ထိုမိတ်ဆွေက လမ်းပြခေါ်ဆောင်ခြင်း ဖြစ်သည်။

ယခု သူသည် သစ်လွင်သောအဝတ်အစား ဝတ်ဆင်ထားသောကြောင့် သူဌေးသားတစ်ယောက်ဖြစ်နေပေသည်။ သူ၏ ရည်မွန်သောရုပ်ရည်သည် အဝတ်အစားကြောင့် ပေါ်လွင်လာ၏။ သူ့



အား မြင်တွေ့လိုက်သည်နှင့် အားလုံးက ဂရုတစိုက် လှည့်ကြည့်ကြသည်။ အဘယ်ကြောင့် ဤသို့ ကြည့်ကြသနည်း။

ကျောက်ဂူမှာ လောင်းကစားလောကတွင် ခြောက်သုံးလုံးလူငယ်ဟူသောဘွဲ့ ရရှိထားသောကြောင့်ဖြစ်ပါသည်။

သူ ဂေဟာထဲသို့ ဝင်ရောက်သွားသည်နှင့် ကစားနေကြသောလူများသည် ကစားနေရာမှ ခေတ္တရပ်ပြီး သူ့အား ကြည့်ကြသည်။ ဝေဖန်သံတို့သည် အသီးသီး ထွက်ပေါ်လာသည်။

"ဟော ... ခြောက်သုံးလုံးလူငယ် ရောက်လာပြီ"

"ပွဲကြီးပွဲကောင်းတော့ တွေ့ပြီ"

"အံ့ပါရဲ့ ... ဒီသူငယ်ဟာ ပစ်တိုင်း ခြောက်သုံးလုံးကွ"

"အခြားနေရာမှာတော့ မသိဘူး၊ ဒီနေရာမှာတော့ ခြောက်သုံးလုံး ပစ်နိုင်ပါ့မလား"

"မယုံရင် လောင်းမလား"

"မင်းက ဘာကြောင့် လောင်းရဲတာလဲ"

"ငါ သူ့ကို ကိုးကြိမ်တိတိ တွေ့ခဲ့တယ်"

"ကိုးကြိမ်ထဲမှာ ဘယ်နှစ်ကြိမ်ပါသလဲ"

"ကိုးကြိမ်တိတိ၊ သူပစ်တာ ခြောက်သုံးလုံးချည်းပါပဲကွာ"

သူ့အား ဝိုင်းရုံကြည့်နေကြသော လူများသည် လမ်းဖယ်ပေးကြ၏။ အန်စာတုံး လောင်းကစားနေကြသော လူတို့သည် သူ

လာသည်ကို တွေ့မြင်လိုက်သောအခါ အားလုံးက နေရာပေး၏။ သူတို့သည် အမြဲတမ်းရှုံးနေကြသူများဖြစ်၍ သူတို့တွင် တူညီသော ဆန္ဒတစ်ခု ဖြစ်ပေါ်လာသည်။ သူတို့၏ဆန္ဒမှာ ခြောက်သုံးလုံးလူ ငယ် နိုင်ပါစေဟူ၍ ဖြစ်ပါသတည်း။

ယခု ကျောက်ဂူသည် အများရှိသေသော ပုဂ္ဂိုလ်တစ်ယောက်အဖြစ် စားပွဲရှေ့တွင် အေးဆေးစွာထိုင်ချလိုက်၏။ သူက ဒိုင်လုပ်သောလူငယ်ကို မေးလိုက်၏။

"ဒီစားပွဲဟာ အန်စာတုံးလောင်းတဲ့စားပွဲလား"

ဒိုင်ဖြစ်သူက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်"

"လောင်းကြေး ကန့်သတ်ထားသလား"

"ကန့်သတ်ချက် မရှိပါဘူး"

ဒိုင်က ဖြည့်စွက်ပြောသည်။

"ဒီနယ်မှာ လောင်းကစားတယ်ဆိုတာ လက်ငင်းစနစ်နဲ့မှ ကစားလို့ ရပါတယ်"

"ရပါတယ်၊ ကျုပ်ကလည်း လက်ငင်းလောင်းမှာပါပဲ"

သူက ပြုံး၍အိတ်ထဲမှ ငွေလဲစက္ကူတစ်ထပ်ကြီးကိုထုတ်ကာ စားပွဲပေါ်၌ တင်ထားသည်။ ထိုလက်မှတ်သည် အလွန်နာမည်ကြီးပြီး အာမခံရှိသောငွေတိုက်များမှ လက်မှတ်များဖြစ်ပါ၏။



ကျောက်ဂူက မေးလိုက်၏။

"ဒီငွေလဲလက်မှတ်ကို ခင်ဗျားတို့ လက်ခံသလား"

ဒိုင်က ဖြေပါသည်။

"လက်ခံပါတယ်"

သူက ငွေစက္ကူကိုရှေ့သို့ တွန်းပို့သည်။

"ငွေတစ်သောင်းကို လောင်းပါ့မယ်"

ဒိုင်က သူ့အား စိုက်ကြည့်၏။

"ဘယ်လို လောင်းမလဲ"

သူက လက်ညှိုးတစ်ချောင်း ထောင်ပြ၏။

"တစ်ချပ်ကြေးပါ"

ဒိုင်လုပ်သူက ဝိုင်းရံကြည့်နေသောလူများကို တစ်ချက် ဝေ့ကြည့်လိုက်၏။

"ဘယ်သူများ ပါဦးမလဲ"

အားလုံး ခေါင်းခါ၏။ ဒိုင်က သူ့အား ရှင်းပြ၏။

"နှစ်ဦးတည်းပဲ လောင်းတယ်ဆိုရင် အရင်ဆုံးခြောက်သုံးလုံးပစ်နိုင်တဲ့လူကို အနိုင်ပေးရလိမ့်မယ်၊ လိုက်ပစ်ပိုင်ခွင့် မရှိတော့ဘူး"

သူက ...

"ကျုပ် နားလည်တယ်"

သူ မေးလိုက်၏။

"ဘယ်သူ အရင်ပစ်ရမှာလဲ"

ဒိုင်က မပြောချင်ပြောချင်ဖြင့် ပြောလေ၏။

"မင်း"

ဤသည် လောင်းကစားဂေဟာတိုင်း၏ စည်းကမ်းပင်။ ထိုးသူကပင် အရင်ဆုံး ပစ်ရမည်ဖြစ်၏။ သူ၏ကျော်ကြားမှုကြောင့် သူ့အား ပထမအန်စာမပစ်စေချင်ပါ။ သူသည် အန်စာနှင့် ပန်းကန်လုံးကို ကျောက်ဂူရှေ့သို့ ပို့လိုက်၏။ သူ၏နဖူးပေါ်တွင် ချွေးတို့စို့လာသည်။ ကျောက်ဂူက ပြုံးလိုက်သည်။ အန်စာတုံးကို ဖမ်းဆုပ်လိုက်ပြီး ပေ့ါပေ့ါတန်တန် ပစ်ချလိုက်သည်။ အန်စာတို့သည် ပန်းကန်ထဲတွင် ရဟတ်များပမာ အရှိန်ပြင်းစွာ လှည့်ပတ်နေ၏။ ဘေးမှကြည့်နေကြသော ကစားသများတို့သည် အော်ဟစ်အားပေးကြသည်။

"ခြောက်သုံးလုံးကွ"

"ကျားသစ်ကြီးကွ"

ကျားသစ်ကြီးဆိုသည်မှာ ခြောက်သုံးလုံးပင်ဖြစ်သည်။ လည်ပတ်နေသော အန်စာတို့သည် ရပ်တန့်သွားပြီဖြစ်၏။ ဝိုင်းကြည့်နေသော လူများသည် တစ်ခဲနက် အော်ဟစ်လိုက်လေသည်။

"ခြောက်သုံးလုံး"

"ကျားသစ်ကြီး"



သူတို့အော်သံများသည် ဂေဟာခေါင်မိုးပင် လွင့်မည်လားဟု ထင်ရအောင် တုန်လှုပ်သွား၏။ ဒိုင်ဖြစ်သူသည် တစ်ကိုယ်လုံး ချွေးများရွှဲရွှဲစိုနေတော့သည်။

✵ ✵ ✵

## အခန်း (၄၁)
## လောင်းကစားဘုရင်

ကျောက်ဂူသည် ဒိုင်လျော်သော တစ်သောင်းကို လှမ်းယူ၏။ ထိုးသားတို့အသံသည် ဆူညံသွားသည်။ တစ်ဝိုင်းလုံး ပွက်ပွက်ဆူနေသည်။

ထိုအချိန် လက်တစ်ဖက် သူ၏ပခုံးပေါ်သို့ ရောက်လာ၏။ ကြီးမားသော လက်ဖြစ်လေ၏။ လက်ဖမိုးတွင် သွေးကြောတို့ စိမ်းနေ၏။ တီကောင်ပမာ တွန့်လိမ်နေ၏။ လက်လေးချောင်းမှာ အတိုအရှည်မရှိဘဲ ညီနေသည်။ လက်သည်းမရှိပါ။ သိုင်းပညာ အနည်းငယ်တတ်သူပင်လျှင် ထိုလက်ကိုကြည့်ခြင်းဖြင့် လက်ပိုင်ရှင်သည် သံမဏိလက်ဝါးပညာကို လေ့ကျင့်ဖူးသည်ဟု သိရှိကြမည်ဖြစ်ပါသည်။ ထိုလူက ရယ်မောလေ၏။ အကြောင်းမဲ့ရယ်ခြင်း ဖြစ်ပါသည်။

"ဟား .. ဟား .. ဟား .. ဟား .. ဟား"

သူ၏ရယ်သံထွက်လာသည်နှင့် ဆူညံသံတို့မှာ ငြိမ်သွား၏။ အခြားသောအသံများ တိတ်ဆိတ်သွားသည်။ ထိုလူ၏ရယ်သံသာ



လျှင် ကျန်ခဲ့၏။ ကျောက်ဂူသည် ထိုသူ့ကိုကြည့်၏။ ထိုလူသည် အပြုံးနှင့်မတူသည့် အပြုံးဖြင့် ကျောက်ဂူကိုကြည့်၏။ ထိုလူက တင်းလည်း မတင်း၊ ပျော့လည်း မပျော့သောအသံဖြင့် မေးလေ၏။

"အစ်ကိုကြီးနာမည် ဘယ်လိုခေါ်သလဲ"

"ကျောက်ဂူလို့ ခေါ်ပါတယ်"

"ခင်ဗျား၏ အနိစာပစ်ခြင်းကိုတော့ ကျုပ် အလွန်လေးစားပါတယ်"

သို့သော် သူ့အမူအရာ၊ သူ့အပြုအမူကတော့ ရည်မွန်ခြင်း မရှိပါ။ လူကြမ်းတစ်ယောက်ပုံစံမျိုး ဖြစ်ပါသည်။ လေးစားသည်ဟုသာ ပြော၏။ အမှန်မှာ လေးစားသောပုံပင်မတွေ့ရ။ သူ၏နှာခေါင်းကို လက်မဖြင့် ထိုးပြလေသည်။

"ကျုပ် စုန်အမျိုးနွယ်ပါ၊ အားလုံးက သံလက်ဝါးလို့ ခေါ်ကြတယ်"

ကျောက်ဂူက ခေါင်းညိတ်၏။ သူသည် အလွန်သတ္တိရှိသူတစ်ယောက်ဖြစ်၍ မည်သူ့ကိုမျှ သူ မကြောက်ပါ။

"တွေ့ရတာ ဝမ်းသာပါတယ်"

သံလက်ဝါးက ပြောလေ၏။

"အစ်ကိုကြီး စကားပြောချင်လို့ အပြင်ခဏကြွပါ"

"စကားပြောတာ မခက်ပါဘူး၊ ဒီမှာပြောရင်လည်း ဖြစ်ပါ

တယ်"

"မဖြစ်ပါဘူးဗျာ"

"ဘာလို့မဖြစ်ရမှာလဲ၊ ခင်ဗျား ဘာတွေပြောချင်လို့လဲ"

"ဟိုဟိုဒီဒီပေါ့ဗျာ၊ ခင်ဗျားကို ထုတ်ပြောလို့ ဘယ်ဖြစ်မှာလဲ"

သံလက်ဝါး၏လေသံက မာလာ၏။

"ကျုပ် တစ်ကြိမ်ပဲ ဆော့ရသေးတာ၊ နောက်တစ်ကြိမ်လောက် လောင်းပြီးရပ်လိုက်ပါ့မယ်၊ အခုတော့ မရပ်နိုင်သေးဘူးဗျာ"

သံလက်ဝါးသည် မျက်နှာထား တင်းမာသွားသည်။

"အခုပဲကြွပါ"

ပြောရင်း သူ့ပုခုံးပေါ် တင်ထားသော လက်တို့သည် တင်းကျပ်စွာဖြင့် ဖမ်းဆုပ်ထားလိုက်သည်။ အားလုံး လူတို့သည် သူ့အတွက် စိုးရိမ်လာ၏။ သံလက်ဝါး၏လက်ကြောင့် ကျောက်ဂူ၏ အရိုးတို့ ကျိုးနိုင်သည်။ ကျောက်ဂူမှာမူ ပခုံးကို ဆုပ်သည်ဟုပင် မထင်မိသည့်အလား သံလက်ဝါးအား ပြုံးပြလိုက်သည်။

"ကဲ ... ပြောစရာရှိတာ ဒီမှာလည်း ပြောနိုင်ပါတယ်"

သံလက်ဝါး၏မျက်နှာထား တင်းမာသွားသည်။

"မင်း အရှက်မကွဲအောင် အခွင့်အရေးပေးထားတာ ... မင်း



အလိုက်မှမသိဘဲ"

သူက

"ကျုပ်ကို ဘာဖြစ်လို့ အခွင့်အရေးပေးထားရတာလဲ"

သံလက်ဝါးက ...

"မင်းဟာ လူလိမ်လူညာတစ်ယောက်၊ ဒီမှာ အပွကြံတာပဲ၊ မင်းကို ငါက ခွင့်မပြုနိုင်တော့ဘူးကွ"

ကျောက်ဂူက ရယ်လေ၏။

"ကျုပ်က တစ်ယောက်တည်းလာကစားတဲ့လူပါ၊ မေးတာကလည်း အများရှေ့မှာ ရိုးရိုးကစားတာပဲ၊ ဘာလို့ ဒီလိုပြောလဲ"

သံလက်ဝါးသည် မဲ့ပြုံးပြုံးလိုက်သည်။

"မင်း လူလိမ်မဟုတ်ရင် တစ်ကြိမ်တည်းနဲ့ တစ်သောင်းလောင်းရဲပါ့မလားကွ"

"ကျုပ်လောင်းတာ ငွေရှိလို့၊ နောက် ကျုပ် လောင်းချင်လို့၊ နောက်ဆုံး ခင်ဗျားသိအောင် ပြောရမယ်ဆိုရင် ကျုပ်အလုပ်ကိစ္စကို ဝင်မရှုပ်ပါနဲ့"

သံလက်ဝါးက ...

"မရှုပ်ဘူး ... ဒါပေမဲ့ မင်းကို ငါဆုံးမရလိမ့်မယ်"

သူသည် လက်ဝါးဖြင့် ကျောက်ဂူ၏ပါးကို ရိုက်ချ၏။ သို့သော် လက်သည် ကျောက်ဂူ၏ပါးသို့မရောက်မီ သူ၏ကြီးမားသော

ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွား၏။ ကျောက်ဂူသည် သူ့လက်ကို ဖမ်း၍ပစ်ပေါက်ခြင်းဖြစ်၏။ သံလက်ဝါး၏ကိုယ်သည် ဝိုင်း၍ကြည့်နေသော လူတို့၏ခေါင်းပေါ်မှ ကျော်သွားပြီး အိမ်တိုင်နှင့် ဝင်ဆောင့်၏။

ထိုအချိန် လောင်းကစားဂေဟာတစ်ခုလုံးမှာ ရှုပ်သွား၏။ ထွားကျိုင်းသောလူနှစ်ဆယ်တို့သည် သူ့ကို ဝိုင်းထား၏။ သူသည် ထိုလူတို့ကိုဆုံးမရန် အသင့်ပြင်ထားသည်။ သူ၌ ရင်ဆိုင်နိုင်သော သိုင်းပညာရှိသည်မဟုတ်ပါလော။ ထိုအချိန်တွင် အခန်းထဲမှ လူတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

"ရပ်လိုက်စမ်း"

ထိုလူများသည် ထိုအော်ငေါက်သံ ကြားလိုက်ရသည်နှင့် နောက်သို့ ပြန်လည်ဆုတ်သွားလေ၏။ အသက်လေးဆယ်ကျော်ခန့်ရှိသော လူတစ်ယောက်သည် ယင်းကာကိုဖယ်၍ အထဲသို့လှမ်းဝင်လာ၏။

ထိုလူ၏ကိုယ်ပေါ်တွင် အလွန်တန်ဖိုးရှိသော ဖဲအင်္ကျီများ ဝတ်ဆင်ထား၏။ လက်ထဲတွင် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ဆေးတံတစ်လက် ကိုင်ထား၏။ အသံဗလံတို့သည် ချက်ချင်းရပ်တန့်သွားသည်။ ထိုးသားတို့သည် ကျောက်ဂူအတွက် စိုးရိမ်သောကစိတ်များ ပိုလာကြ၏။ ထိုထိုးသားများမှာ ရိုးရိုးသားသားလောင်းကစား



နေကြသည့် ထိုးသားများပေတည်း။

ထိုလူမှာ လောင်းကစားဂေဟာပိုင်ရှင် လောင်ကောဖြစ်သည်။ ထိုးသားတို့သည် လောင်ကောကိုယ်တိုင် ထွက်လာသည်ကို မြင်တွေ့ရသောအခါ ကျောက်ဂူ ဒုက္ခလှလှကြီးတွေ့လိမ့်မည်ဟု ကြိုတင်တွက်ဆထားကြသည်။

"နောက်ဆုတ်သွားစမ်း"

သူက လက်ကို အသာဝှေ့ယမ်းလိုက်သည်နှင့် ကျောက်ဂူအား ဝိုင်း၍နေကြသော လူများသည် ခေါင်းငုံ့၍ နောက်ဆုတ်သွားကြသည်။ သူက အားလုံးကို လက်ဝှေ့ယမ်းပြလိုက်သည်။

"ဘာမှမဖြစ်ကြပါနဲ့၊ ဆက်ကစားကြပါ၊ အရက်သောက်ကြပါ၊ အရက်ဖိုးကို ကျုပ်က ရှင်းပေးပါ့မယ်"

သူသည် ယင်းသို့ပြောပြီး ကျောက်ဂူထံသို့ ချဉ်းကပ်၏။

"ခင်ဗျားက ကျောက်အမျိုးအနွယ်လား"

သူက ခေါင်းညိတ်ပြလေ၏။

"ဟုတ်တယ်"

လောင်ကောက ...

"ကျုပ်ကို အားလုံးက လောင်ကောလို့ ခေါ်ကြတယ်၊ ဒီသေးငယ်တဲ့ဂေဟာရဲ့ပိုင်ရှင်ပါဗျာ"

ကျောက်ဂူက ...

"ခင်ဗျား ကျုပ်ကို စကားပြောဖို့ အပြင်ကိုခေါ်သွားချင်လို့လား"

လောင်ကောက ...

"အပြင်မှာ မဟုတ်ဘူး၊ အထဲမှာ"

သူသည် ကျောက်စိမ်းဆေးတံဖြင့် သူထွက်လာသောတံခါးပေါက်ကို ထိုးပြ၏။ ထိုတံခါး၏အတွင်းဘက်မှာ အတွင်းခန်းဖြစ်ပါသည်။

"ဘာလုပ်မလို့လဲ"

လောင်ကောက ...

"ခင်ဗျားနဲ့ တစ်ပွဲနှစ်ပွဲ ကစားချင်လို့ပါ"

"ဘယ်လောက်များ လောင်းကြမှာလဲ"

"များလေ ကောင်းလေပေါ့"

ကျောက်ဝူက ပြုံးလိုက်သည်။

"ကျုပ်ကို စကားပြောဖို့ ခေါ်မယ်ဆိုရင် ကျုပ်အားမှာ မဟုတ်ဘူး၊ လောင်းကစားမယ်ဆိုရင်တော့ အချိန်မရွေးပါ"

သူက ...

"သိပ်ကောင်းတာပေါ့ဗျာ၊ ကဲ ...အထဲကို ကြွပါဗျာ"

ကျောက်ဝူနှင့်လောင်ကောတို့သည် အခန်းထဲသို့ ဝင်သွားကြလေသည်။ ဝါးယင်းကာ ပြန်ကျလာသည်။ ထိုးသားတို့၏ဝေဖန်



သံများ ထွက်ပေါ်လာသည်။

"ဒီလောက် ကံကောင်းတဲ့လူငယ်နဲ့ ကစားမယ်ဆိုရင် ရှုံးမှာတော့ သေချာတယ်"

"သူတို့အထဲမှာ လောင်းကစားမယ်ဆိုတာ ဟုတ်ချင်မှ ဟုတ်မှာ"

"ဘာဖြစ်လို့လဲ"

"အခန်းထဲမှာ ဓားတစ်လက်က သူ့ကိုစောင့်နေရင်ရော"

"ဟုတ်တယ်၊ တကယ်လို့ ဓားသာ ရှိမယ်ဆိုရင် ဒီကံကောင်းတဲ့လူငယ်ဟာ ကံဆိုးသွားမှာသေချာတယ်၊ သူ ကံကောင်းတယ်ဆိုတာ သူ့ဗိုက်ထဲကို ဓား မရောက်သေးလို့ပါ"

ဝေဖန်သံများ အခန်းထဲ ညံ၍ ကျန်ရစ်၏။

✵

အခန်းထဲ၌ ဓားတစ်လက်မျှမရှိပါ။

သို့သော် လူရှိသည်။ လူများ၍နေသည်။

လောင်ကောအပါအဝင် အခန်းထဲတွင် လူကိုးယောက် ရှိသည်။ ရှစ်ယောက်က မတ်တတ်ရပ်၍ တစ်ယောက်က ထိုင်နေ၏။ ရပ်နေသူတို့မှာ ဝတ်ကောင်းစားလှနှင့်လူများဖြစ်၏။ သူတို့ပုံပန်းက

သူဌေးသူကြွယ်နှင့် တူလှသည်။

ကုလားထိုင်တွင် ထိုင်နေသောလူမှာ အရိုးပေါ်အရေတင် အဘိုးအိုတစ်ဦးဖြစ်၏။ သူ၏ ဝါကြင့်ကြင့်မျက်နှာပေါ်တွင် တြိဂံပုံ သဏ္ဌာန်ရှိသော မျက်လုံးအစုံရှိ၏။ မုတ်ဆိတ်မွေးတို့မှာ ကျိုးတိုးကျဲ တဲဖြင့် ဆံပင်များ ဖြူဖွေးနေ၏။ သူ့ပုံစံသည် တောင်ဆိတ်တစ် ကောင်နှင့် မတူဘဲ မျောက်တစ်ကောင်နှင့် တူလေ၏။

ထိုအထင်ကြီးစရာမကောင်းသည့်လူသည် ဤလူကိုးဦးထဲ တွင် အရှိန်အဝါအကြီးဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ရပ်နေသူ တို့က သူ့အား အလွန်ရိုသေနေသည်ကိုတွေ့ရ၏။

ကျောက်ဝူ၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ကျော ပြင်တစ်ခုလုံး အလိုလို ချမ်းတက်လာ၏။ ထိုအဘိုးအိုသည် နယ် ခြောက်ဆယ့်သုံးနယ်တွင် အကျော်ကြားဆုံးသော လောင်းစာစား ဘုရင်ဖြစ်နေမည်လော။

ကျောက်ဝူသည် လောင်းကစားဘုရင်ကို မတွေ့ခဲ့ဖူးပါချေ။

✵ ✵ ✵



အခန်း (၄၂)

လိမ်၍ရသောပညာ

လုပ်ငန်းအမျိုးမျိုးထဲတွင် အကျွမ်းကျင်ဆုံးသောပုဂ္ဂိုလ် တစ်ဦး ပေါ်လာတတ်စမြဲပင်။

လောင်းကစားလောကမှာလည်း ဤအတိုင်းပင်ဖြစ်၏။

ထိုအဘိုးအိုသည် ကျောက်ဝူထင်ထားသည့်အတိုင်း နယ် မြေခြောက်ဆယ့်သုံးနယ်မှ ပြိုင်ဘက်ရှား လောင်းကစားဘုရင်ပင် ဖြစ်သည်။

သူ၏အမျိုးအနွယ်မှာ ကျိုဖြစ်၏။ သူ့အား သိသူဖြစ်စေ၊ လုံးဝမသိသူဖြစ်စေ ကျိုချစ်ဟု ခေါ်ကြသည်။

ကျိုချစ်သည် လောင်းကစားလောကတွင် အဓိပတိတစ် ယောက် ဖြစ်၏။ သူသည် လောင်းကစားမှုကို အကြိမ်ပေါင်း ထောင် သောင်းမက ကစားခဲ့ဖူးသည်။ အဆိုအရ တစ်ကြိမ်တစ်ခါမျှ ရှုံးနိမ့် သွားခြင်းမရှိပါ။

သူသည် အသက်သုံးဆယ်ကျော်လွန်သွားသည်နှင့်လောင်း

ကစားတိုင်းမှာ အနိုင်ချည်းရရှိထားသောမှတ်တမ်း ရှိလေ၏။

ယခု အသက် (၇၂) နှစ်ပင် ရှိနေ၏။ ကျိုချစ်သည် လောင်းကစားရာ၌ ကျွမ်းကျင်သည့်အပြင် လိမ်လည်သောပညာဖြင့်လောင်းကစားသူများကိုလည်း ဖော်ထုတ်နိုင်၏။

သို့သော် အသက် (၆၆) နှစ်အရွယ်ရောက်ရှိလာပြီးနောက် အနားယူလိုက်၏။ နှစ်ပေါင်းများစွာ အနားယူသွားသော ကျိုချစ်သည် အဘယ်ကြောင့် လောင်းကစားလောကသို့ ပြန်လည်ရောက်ရှိလာပါသနည်း။ ထိုသတင်းကြားမိသောလူတိုင်းမှာ အံ့သြကုန်ကြလေ၏။ သူတို့သည် သေသေချာချာစုံစမ်းကြည့်သောအခါ သူ၏ တပည့်များဖြစ်သော သူဌေးကြီးရှစ်ဦးက အထူးပင့်ဖိတ်ခဲ့သောကြောင့် ယခုကဲ့သို့ လောင်းကစားဂေဟာသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု ဆိုကြလေ၏။

ကျိုချစ်သည် ဆေးတံကို တစ်ဖွာနှစ်ဖွာ သောက်လိုက်ပြီးမှ ကျောက်ဂူအား ခေါင်းညိတ်ပြလိုက်သည်။

"ထိုင်ပါ"

ကျိုချစ်က ...

"မင်း ဘာအမျိုးအနွယ်လဲ"

"ကျောက်ဂူပါ"

"လေးစားပါတယ်ကွာ"



"အဘနာမည်ကော တစ်ဆိတ်လောက် မသိရဘူးလား၊ ဒီလို မေးတာက မိတ်ဆွေဖြစ်ချင်လို့ပါ ...ခွင့်လွှတ်ပါနော်"

"ငါ့ကို အားလုံးက ကျိုချစ်လို့ပဲ ခေါ်ကြပါတယ်"

ကျောက်ဂူ ပါးစပ်ပိတ်သွားလေ၏။

"အခုတလော မင်းဟာ လောင်းကစားရာမှာ ကံထတယ်လို့ သတင်းကြားမိတယ်"

ကျောက်ဂူက ...

"နည်းနည်းပါးပါး နိုင်ပါတယ်"

"ငါ့လိုအဘိုးကြီးနဲ့ လောင်းကစားခွင့်ပေးဖို့ အဘက တောင်းပန်ပါတယ်"

"ဘာလောင်းမလို့လဲ"

"အန်စာတုံးပဲပေါ့"

"ကျွန်တော်က တခြားလောင်းကစားနည်းမကစားတတ်ပါဘူး"

"တခြားလောင်းကစားမယ်ဆိုရင် ကျွန်တော်က လက်ခံချင်မှ လက်ခံမှာ၊ အန်စာတုံးဆိုရင်တော့ အချိန်မရွေးပါပဲ"

"ဘာဖြစ်လို့ ဒီကစားနည်းမှ ကစားချင်ရတာလဲ"

"အခုတလော ကျွန်တော် အန်စာတုံးကစားတိုင်း အနိုင်ရလို့ပါပဲ"

ဤလူငယ်၏လေသံမှာ ရိုးသားမှန်း သူသိလေ၏။

"ကံဆိုတာ အမြဲတမ်းမကောင်းတတ်ပါဘူး၊ အပြောင်းအလဲတော့ ရှိရပါတယ်"

သူ စကားဆက်လိုက်သည်။

"ဒါပေမဲ့ လူတစ်မျိုးကတော့ သူ့ရဲ့ကံဟာ ဘယ်တော့မှ မပြောင်းလဲပါဘူး"

"ဘာဖြစ်လို့ပါလဲ အဘ"

"ကံကိုအားမကိုးတဲ့လူတွေဟာ အပြောင်းအလဲ ဘယ်တော့မှမရှိပါဘူး"

"အဘ ဘာကိုဆိုလိုတာလဲ"

"အဲဒီလူတွေဟာ နည်းပညာကိုသုံးပြီး လောင်းကစားနေလို့ပါ"

သူ စကားဆက်လိုက်သည်။

"အန်စာတုံးဆိုတာ သက်မဲ့ပစ္စည်းတစ်ခုပါ၊ နည်းပညာတတ်မြောက်ထားတဲ့လူတွေဟာ အန်စာတုံးကို လိုရာခိုင်းလို့ ရပါတယ်"

ကျောက်ဂူ ရပ်လိုက်လေသည်။

"ဟုတ်အောာ ဟုတ်ရဲ့လားဗျာ"

ကျိုချစ်က ...



"ဟုတ်ကို ဟုတ်ရမယ်"

ကျောက်ဂူက ပြုံး၍ ပြောလေ၏။

"ကျွန်တော်ကတော့ မယုံပါဘူးဗျာ"

"မင်း လက်တွေ့စမ်းချင်လို့လား"

"စမ်းကြည့်ချင်ပါတယ်ဗျာ"

ကျိုချစ်က လက်ခုပ်တီးလိုက်၏။

လောင်အော့သည် ပန်းကန်တစ်လုံးနှင့် ကြွေအန်စာတုံးသုံးတုံးကို လာရောက်ချပေးသည်။ ကျိုချစ်သည် ပန်းကန်လုံးနှင့် အန်စာတုံးကို လက်ညှိုးဖြင့် ထောက်ပြ၏။

"ဒီကြွေပန်းကန်ဟာ အလွန်တန်ဖိုးရှိတဲ့ကြွေပန်းကန်ပါ၊ ကြွေအန်စာတုံးလည်း ဒီအတိုင်းပဲ"

ကျောက်ဂူက ...

"ကျွန်တော် လက်ခံပါတယ်"

ကျိုချစ်က သူ့အား ပြုံး၍ပြောလိုက်သည်။

"ကဲ ... ငါ အန်စာတုံးပစ်တာကိုကြည့်ပါ"

သူသည် အန်စာတုံးသုံးတုံးကို ပန်းကန်ထဲမှ ဆုပ်ယူလိုက်၏။ ထို့နောက် အေးဆေးစွာ ပန်းကန်ထဲပစ်ချလိုက်၏။ အန်စာတုံးများသည် မရပ်မနားဘဲ ချာချာလည်နေ၏။ ကျောက်ဂူက မျက်တောင်မခတ် စိုက်ကြည့်နေ၏။ တစ်ခဏအကြာတွင် အန်စာတုံးများ

သည် ငြိုင်တူရပ်တန့်သွား၏။ ကျောက်ဝူက ကြည့်လိုက်ရာ ခြောက်သုံးလုံး ဖြစ်နေသည်ကို တွေ့ရှိလိုက်ရလေ၏။ ကျောက်ဝူ လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

"အဘလည်း တော်တော်ကံကောင်းနေတယ်နဲ့တူတယ်"

ကိုျချစ်က တဟက်ဟက်နှင့်ရယ်လေ၏။

"ဒါ ကံကောင်းတာမဟုတ်ဘူး၊ ပညာလို့ခေါ်တယ်"

သူ ဆက်၍ရှင်းပြလေ၏။

"ဘယ်သူမဆို ခြောက်သုံးလုံးကို ရအောင်ပစ်နိုင်တယ်"

ကျောက်ဝူ မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်လား"

ကိုျချစ်က ...

"မင်း မယုံဘူးလား"

ကျောက်ဝူ ပြုံးနေ၏။ ကိုျချစ်သည် ရပ်နေသောလူတစ်ဦးကို ခေါင်းညိတ်ပြလိုက်၏။

"ခင်ဗျားတို့ ပစ်ပြလိုက်စမ်းပါ"

လောင်အော့သည် ဦးဆုံးဝင်ရောက်ပစ်လိုက်၏။ အန်စာတုံးမှာ ခြောက်သုံးလုံးဖြစ်နေသည်ကို တွေ့ရ၏။ ကျန်ရှိသောလူများကလည်း တစ်ဦးပြီးတစ်ဦး ပစ်ကြလေ၏။ သူတို့အားလုံးမှာလည်း



ခြောက်သုံးလုံးပစ်နိုင်ကြသည်ကို တွေ့ရ၏။ ကျောက်ဝူ ငေးငိုင်သွားရလေ၏။ ကိုျချစ်က မေးလေ၏။

"ဘာဖြစ်လို့ လူတိုင်းခြောက်သုံးလုံးဖြစ်အောင် ပစ်နိုင်တာလဲဆိုတာ သိလား"

ကျောက်ဝူ ခေါင်းခါလိုက်၏။

"ကြွေအန်စာတုံးကိုပြုလုပ်တဲ့ ပတ္တမြားရတနာဆိုင်ဟာ အကျော်ကြားဆုံးပဲ၊ သူထုတ်လိုက်တဲ့ အန်စာတုံးတွေဟာ အစစ်အမှန်တွေပါပဲ၊ ဒါပေမဲ့ ကျုပ်တို့က ကြွေအန်စာတုံးလုပ်တဲ့ဆရာကို လက်ဆောင်နည်းနည်းပေးလိုက်တာနဲ့ သူလုပ်ပေးတဲ့အန်စာတုံးတွေဟာ တခြားနဲ့မတူဘဲ ကွဲပြားသွားတာပေါ့ကွယ်"

ကျောက်ဝူ ငြိမ်သက်စွာနားထောင်နေ၏။ ကိုျချစ်သည် ရပ်နေသောလူတစ်ဦးကို လှမ်းမေးလိုက်သည်။

"အဲရင် တစ်ချိန်တုန်းက အဲဒီအန်စာတုံးလုပ်တဲ့ဆရာကို လက်ဆောင်သွားပေးခဲ့သေးတယ် မဟုတ်လား"

ထိုလူက ရိုသေစွာဦးညွတ်ဂါရဝပြုသည်။ နောက်မှဖြေသည်။

"ဟုတ်ပါတယ် အဘ"

ကိုျချစ်က ...

"မင်းပေးလိုက်တဲ့ လက်ဆောင်တွေဟာ ဘာတွေလဲ"

ထိုလူက ...

"မြို့ပြင်က ခြံဝင်း၀၁စ်ခုပါ"

ကျိုချစ်က ...

"ခြံဝင်းပဲလား ... ဘာများပါသေးလဲ"

ထိုလူက ဖြေသည်။

"အိမ်ထောင်ပရိဘောဂ အပြည့်အစုံပါ အဘ"

ကျိုချစ်က ဆက်၍မေးလိုက်သည်။

"နောက်ထပ် ဘာပေးလိုက်တာလဲ"

ထိုလူက ...

"သူ့ကို ထောက်ပံ့ကြေး တစ်နှစ်တစ်ထောင် ပေးလိုက်ပါတယ်"

ကျိုချစ်က ...

"သူ ပတ္တမြားရတနာဆိုင်မှာအလုပ်လုပ်တာ ဘယ်လောက်ရနိုင်သလဲ"

ထိုလူက

"တစ်နှစ်လုံး ၆၅၀ ရပါတယ်၊ နှစ်ကူးအန်ပေါင်းကိုပါ ပေါင်းလိုက်ရင် ၇၀၀ လောက်ပဲ ရှိပါတယ်"

ကျိုချစ်သည် ကျောက်ဝူအား ကြည့်လိုက်သည်။

"ဒီလောက်ပြောရင် မင်းသဘောပေါက်ပြီ ထင်တယ်"



ကျောက်ဝူ သက်ပြင်းချပြီ ပြောလေ၏။

"အဘ အခုလိုရှင်းမပြရင် အန်စာတုံးရဲ့ပညာ အများကြီးရှိတယ်ဆိုတာ ကျွန်တော် သိမှာမဟုတ်ပါဘူး၊ အဘရဲ့ကျေးဇူးကြောင့် ကျွန်တော် သိတာပါ"

"ကစားသမားတွေဟာ ပတ္တမြားရတနာဆိုင်ရဲ့ အန်စာတုံးကို ယုံကြတယ်၊ ဒါကြောင့် သူတို့ရှုံးသွားလည်း ကျေကျေနပ်နပ်ပါပဲ၊ ဘယ်သူမှ စောဒက မတက်ကြပါဘူး၊ ဘယ်သူမှ မကန့်ကွက်ကြပါဘူး"

သူ စကားဆက်လိုက်၏။

"အမှန်အတိုင်း ပြောရရင် လောင်းကစားတဲ့ လူတွေဟာ ဆယ်ယောက်မှာ ကိုးယောက်တော့ လိမ်လည်တတ်ကြတယ်၊ လုံး၀လောင်းကစားမလုပ်တဲ့လူသာလျှင် ဘယ်တော့မှ မရှုံးတာ"

ကျောက်ဝူက ပြုံး၍မေးလိုက်၏။

"ဒါဖြင့် အဘကော"

"ငါကတော့ မစင်တွင်းထဲကျသွားတဲ့လူလိုပါပဲကွာ၊ အပေါ်ကို ပြန်ကို မတက်နိုင်ပါဘူး"

အဘိုးအို ကျိုချစ်သည် တဟက်ဟက်နှင့် ရယ်လေတော့၏။

✵ ✵ ✵

## အခန်း (၄၃)
## လောင်းကြေး

ကျိုးချစ်က ဆက်လက်၍ပြောပြလေ၏။

"ဒါပေမဲ့ ငါ့ရဲ့သားသမီးတွေအားလုံး ဘယ်သူကမှ လောင်းကစားတာကို မလုပ်ကြဘူး၊ ဘယ်သူမှ လောင်းကစားမလုပ်ကြဘူး"

ကျောက်ဝူက မေးလိုက်၏။

"သူတို့က ဝါသနာမပါလို့လား"

ကျိုးချစ်က ဖြေလေ၏။

"လောင်းကစားတယ်ဆိုတာ လူတိုင်း ဝါသနာပါတယ်၊ ဒါပေမဲ့ သူတို့ဟာ ကိုယ့်ရဲ့လုပ်အားကိုပဲ အားကိုးကြတယ်"

ကျောက်ဝူ နားထောင်ရင်း စိတ်ဝင်စားလာသည်။

"သူတို့က တစ်ခါတလေတောင်မှ လောင်းကစားမှုကို မလုပ်ဘူးလား"

ကျိုးချစ်က ဖြေလေ၏။

"သူတို့လောင်းကစား မလုပ်ချင်လို့မဟုတ်ဘူး မလုပ်ရဲလို့"



"ဘာဖြစ်လို့ မလုပ်ရဲတာလဲ"

"သူတို့ဟာ ကိုယ့်အသက်ကိုယ် နှမြောလို့ပါ"

သူ စကားဆက်လိုက်၏။

"ကျုပ်မှာ သားသမီးကိုးယောက်ရှိတယ်၊ ဒါပေမဲ့ သူတို့အားလုံးပေါင်းလိုက်ရင် လက်ဆယ်ဖက်ပဲရှိတော့တယ်"

ကျောက်ဝူက အံ့သြသွားလေ၏။

"ဘာဖြစ်လို့ပါလဲ အဘ"

ကျိုးချစ်က

"သူတို့က တချို့ဟာ တိတ်တိတ်ကလေး သွားပြီး လောင်းကစားလို့ပါ"

"သူတို့ လောင်းကစားသွားလုပ်လို့ အဘ သူတို့ရဲ့လက်ကို ဖြတ်လိုက်တယ် ဟုတ်လား"

ကျိုးချစ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျောက်ဝူက ...

"တကယ်လို့ နောက်ထပ်သွားပြီး လောင်းကစားရင်ကော"

ကျိုးချစ်က ဖြည်းညင်းစွာ ဖြေ၏။

"ဘယ်တော့မှ နောက်ထပ်သွားပြီး မလောင်းတော့ဘူး"

ကျောက်ဝူက အံ့သြစွာမေးလေ၏။

"ကိုယ့်အမှား ကိုယ်သိသွားကြတာလား"

ကျို့ချစ်က ...

"မဟုတ်ဘူး၊ သူတို့ရဲ့ခြေထောက်တစ်ဖက် အဖြတ်ခံရမယ်လို့ ကျုပ်က ကြိမ်းမောင်းထားတော့ ကြောက်သွားကြတာပေါ့"

ကျောက်ဝူ ပါးစပ်ပိတ်ထားလိုက်၏။ ကျို့ချစ်သည် လောင်ဟော့ဘက် လှည့်ကြည့်လိုက်၏။

"ခင်ဗျားမှာ သားသမီးဘယ်နှစ်ယောက်ရှိသလဲ"

လောင်အော့က ...

"ဆယ်ယောက်"

ကျို့ချစ်က မေးလိုက်၏။

"ဒါဖြင့် တစ်နှစ်အသုံးစရိတ် တော်တော်ကြီးမှာပဲနော်"

လောင်အော့က ရိုသေစွာဖြေပါသည်။

"ဟုတ်ကဲ့"

"ဒီလောင်းကစားအိမ်ထောင်ထားတာ ဝင်ငွေမဆိုးဘူးထင်တယ်"

လောင်အော့က ...

"မဆိုးပါဘူး၊ ဒါပေမဲ့"

ကျို့ချစ်က ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"



လောင်အော့က ...

"လောင်းကစားအိမ်တစ်ခု ထောင်ထားတယ်ဆိုတာလည်း အသုံးစရိတ် အတော်လေးအကုန်အကျများပါတယ်"

ကျို့ချစ်က ထောက်မေးသည်။

"ဟုတ်တာပေါ့လေ ... လူလည်းငှားထားတာကိုး"

လောင်အော့က ...

"ပြီးတော့ အခြားသက်ဆိုင်ရာလူတွေလည်း ပေးရသေးတယ်"

ကျို့ချစ် သက်ပြင်းချလိုက်၏။

"ဒီလိုဆိုတော့လည်း ခင်ဗျားကိုအထင်ကြီးလို့မဖြစ်ပြန်ဘူး"

ကျောက်ဝူအား လှည့်ကြည့်လိုက်၏။

"မင်းဟာ အနံစာတုံးပစ်ပညာ တော်ပါပေတယ်၊ ဒါပေမဲ့ လောဘကြီးပြီး လွှန်လွန်ကျူးကျူးမလုပ်ဖို့ ငါ မေတ္တာရပ်ခံပါတယ်"

ကျောက်ဝူက

"စိတ်ချ၊ ကျုပ် ဘယ်တော့မှ မတရားတဲ့နည်းနဲ့ အနိုင်မယူပါဘူး၊ ကျွန်တော်က ရိုးရိုးသားသားကစားတာပါ"

ကျို့ချစ်သည် သူ့အား ကြည့်လိုက်၏။

"ငါပြောချင်တဲ့စကားကုန်ပြီ၊ အခု မင်းနဲ့ငါ တစ်ပွဲလောက် စကားကြမယ်"

သူ၏မျက်နှာ တည်ကြည်သွားသည်။ သူ့ရှေ့၌ ဘာမှမရှိတော့။ ကစားပွဲသာရှိသည်ဟူသည့်မျက်နှာမျိုး။

"မင်းနဲ့ငါ လောင်းကစားမည့် ဒီတစ်ပွဲမှာ အလိမ်အညာမရှိဘူး၊ ရိုးရိုးစင်းစင်းနဲ့ တရားမျှတစွာ လောင်းကြတယ်ဆိုတာ ကြိုတင်သတိပေးပါတယ်"

ကျောက်ဂူက ပြုံးပြလိုက်၏။

"စိတ်ချပါ၊ ကျွန်တော် ဘယ်တော့မှ မတရားနည်းနဲ့ သူများဆီက ငွေကို မယူပါဘူး၊ တရားသဖြင့်ပါ"

ကိုချစ်က ပြုံးလိုက်၏။

"ကောင်းပြီ၊ မင်းနဲ့တစ်ပွဲနှစ်ပွဲလောက် ကစားတာပေါ့"

ကျောက်ဂူက ...

"တစ်ပွဲတည်းကစားတာ ကောင်းပါတယ်၊ ဒါမှ ဘဘလည်း ကျွန်တော့်ကို တစ်ကြိမ်တည်းနဲ့ သိသွားမှာမို့ပါ"

ကိုချစ်က အံ့သြသွားလေ၏။

"တစ်ပွဲတည်းကစားမယ် ... ဟုတ်လား"

ကျောက်ဂူက

"ဟုတ်ပါတယ်၊ တစ်ပွဲတည်းနဲ့ အရှုံးအနိုင် တစ်ခါတည်း ပြီးပြတ်သွားတာပေါ့ ခင်ဗျာ"

ကိုချစ်သည် သူ့အား ကြည့်လိုက်သည်။



"ကောင်းပြီ ... လောင်းကြေးက ဘယ်လောက်လဲ"

ကျောက်ဂူက ...

"ကျွန်တော် တွက်ကြည့်လိုက်ဦးမယ်၊ သိပ်ပြီး ပါလိမ့်မယ် မထင်ဘူး"

သူ၏အိတ်ထဲမှ ငွေလွှဲစက္ကူတစ်ထပ်ကြီး ထုတ်လိုက်သည်။ ထို့နောက် ပါးလွှာသော ချွေပြားတစ်ထပ်လည်း ထုတ်ယူလိုက်၏။

"သုံးသိန်းနဲ့ရှစ်သောင်းပဲရှိတယ်"

သူ စကားဆက်လိုက်၏။

"အပြင်လောင်းကစားပွဲမှာ ကျုပ်ရဲ့ငွေနှစ်သောင်းကို သွားယူပြီးပေါင်းလိုက်ရင် လေးသိန်းလောက် ရှိပါတယ်"

လောင်အောင်နှင့်သူ၏အဖော်တို့သည် ထိုစကားကိုကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားကြ၏။ သူတို့သည် ကျောက်ဂူမှာ အလွန်ဆုံးရှိလျှင် နှစ်သောင်းထက်မပိုဟု ယုံကြည်ထားကြသည်။ ယခုမှာမူ ကျောက်ဂူမှာ လေးသိန်းရှိနေသည်ကို တွေ့ရသဖြင့် မအံ့သြဘဲ မနေနိုင်ကြတော့ပါ။

သူက သုံးသိန်းရှစ်သောင်းကို ရှေ့သို့ တွန်းပို့လိုက်သည်။

"ကျုပ်ရဲ့လောင်းကြေး လေးသိန်းပဲ ရှိပါတယ်"

ကိုချစ်က မေးလေ၏။

"ငွေလေးသိန်းကို တစ်ချက်တည်းလောင်းမှာလား"

ကျောက်ဂူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အဘ ... တစ်ကြိမ်တည်း လောင်းမှာပါ"

လောင်အော့က ကျောက်ဂူအား ပြန်မေးလိုက်လေ၏။

"ခင်ဗျား အပြင်မှာ ငွေနှစ်သောင်းထားခဲ့လို့လား"

ကျောက်ဂူ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်ရဲ့လောင်းကြေးက တစ်သောင်း။ ခင်ဗျားတို့ လျော်ရမှာက တစ်သောင်း၊ ပေါင်းနှစ်သောင်း"

လောင်အော့ မကျေမနပ်ဖြင့် ကျောက်ဂူကို ကြည့်နေ၏။ ကျိုချစ်က အမိန့်ပေးလိုက်၏။

"သွားယူပြီးပေးလိုက်၊ ပြီးတော့ မင်းတို့အားလုံး နောက်ထပ် သုံးသိန်းရှစ်သောင်းကို ရှာခဲ့ကြ၊ သူနဲ့ငါ လောင်းတော့မှာ"

ထိုလူများသည် ချမ်းသာသောလူများ ဖြစ်ကြသည်။ သို့သော် တစ်ခဏအတွင်း ငွေသုံးသိန်းရှစ်သောင်းကို ရှာနိုင်မှာမလွယ်ပါ။ ထို့ကြောင့် သူတို့နှစ်ယောက် တစ်ဦးမျက်နှာ တစ်ဦးကြည့်နေကြသည်။ ကျိုချစ်က အသံမာမာဖြင့် လှမ်းအော်လိုက်သည်။

"သွားယူကြလေ ငြိမ့်သည်ကို အားနာဖို့ကောင်းတယ်"

လောင်အော့အပါအဝင် လူရှစ်ယောက်တို့သည် အခန်းထဲမှ ထွက်သွားကြလေတော့၏။

✵ ✵ ✵



## အခန်း (၄၄)
## အရှုံး

လောင်အော့တို့သည် အပြင်သို့ရောက်ရှိလာသော်အခါ မျက်နှာမဲ့ရှုံ့ကာ အချင်းချင်း ဝေဖန်ပြောဆိုကြလေ၏။

"ဘယ်လိုလုပ်ကြမလဲ ငွေလေးသိန်းရှာရမှာ"

အခြားတစ်ယောက်က

"ငွေလေးသိန်းဆိုတာ ချက်ချင်းရှာလို့ ဘယ်လွယ်မလဲ"

"ဒီလူငယ်မှာ ဒီလောက်ပါလိမ့်မယ်လို့ ဘယ်သူက ယုံမှာလဲ"

"ကျိုချစ် ဘာတွေလုပ်နေမှန်းမသိဘူး၊ ဒီသူငယ်ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံနေပါလား"

လောင်အော့က အကြံပေးလိုက်၏။

"ကဲ ပြောနေတာကြာတယ်၊ တို့လူစုခွဲပြီး ချေးတန်ချေး၊ ငှားတန်ငှား လေးသိန်းတော့ ရအောင်ရှာရမှာပဲ"

သူတို့သည် ပြောပြောဆိုဆိုဖြင့် လောင်းကစား အိမ်ဂေဟာမှ ထွက်ခွာသွားသည်။ ကျိုချစ်သည် မျက်လုံးမှိတ်ထားပြီး ဆေးတံကို ဆေးဆေးစွာ ဖွာနေ၏။ သူ့ရှေ့တွင် ထိုင်နေသော ကျောက်ဂူကလည်း မျက်လွှာချ၍ ငြိမ်သက်စွာထိုင်နေသည်။ ရေနွေးတစ်အိုးကျက်ခန့်အချိန် ကုန်ဆုံးသွားသောအခါ ကျိုချစ်က မှိတ်နေသော မျက်လုံးကို ဖွင့်လိုက်သည်။ လက်ထဲမှ ဆေးတံကိုလည်း ဘေး၌ အသာအယာချထားလိုက်သည်။ ကျောက်ဂူကလည်း မျက်လုံးဖွင့်နေပြီဖြစ်သည်။ ကျိုချစ်က သူ့အား ခေါင်းညိတ်ပြသည်။

"စောင့်ခိုင်းရတာ အားနာပါတယ်၊ သူတို့ အခုပဲ ရောက်လာမှာပါ"

ကျောက်ဂူက ဖြေလိုက်၏။

"ကျွန်တော် စောင့်နိုင်ပါတယ်၊ လောင်းကြေးက နည်းတာမှမဟုတ်တာ"

ထိုအချိန်မှာပင် လူရှစ်ယောက်စလုံး ပြန်လည်ရောက်ရှိလာကြသည်။ လောင်အော့၏လက်ထဲတွင် ငွေစက္ကူတစ်ထပ် ပါလာသည်။

"ဟောဒီမှာ ငွေလေးသိန်း"

သူက ကျောက်ဂူအားပြပြီး စားပွဲပေါ်သို့ ချထားလိုက်သည်။ ကျိုချစ်က ငွေလဲစက္ကူကို လက်ညှိုးထိုးပြသည်။



"ငွေကို စစ်ဆေးကြည့်ချင်သေးလား"

ကျောက်ဂူက

"မလိုပါဘူး ကျွန်တော် ယုံပါတယ်"

ကျိုချစ်က

"မင်းကျေနပ်ပြီဆိုရင် ပွဲစကြတာပေါ့"

"ဟုတ်ကဲ့၊ ဘယ်လိုကစားရမယ်ဆိုတာ ရှင်းပြပါဦး၊ ရှင်းထားတာက ပိုကောင်းပါတယ်၊ ခုရှုပ်မှ နောင်ရှင်းဆိုတဲ့စကားလိုပေါ့"

ကျောက်ဂူက ခေါင်းညိတ်၏။

"ဟုတ်တာပေါ့ဗျာ"

လောင်ဟော့က ...

"ကျုပ်တို့ လောင်းကစားလောကမှာလည်း စည်းကမ်းလေးတွေ ရှိကြတယ်"

ကျောက်ဂူက ပြောလိုက်၏။

"ဟုတ်ကဲ့ ပြောပါ"

လောင်အော့က ...

"စည်းကမ်းဆိုတာ တစ်ဖက်သတ် သတ်မှတ်လို့မရဘူး၊ နှစ်ဦးနှစ်ဖက် သဘောတူမှဖြစ်ပါတယ်"

ကျောက်ဂူက ...

"ကောင်းတာပေါ့ဗျာ၊ ဒါမှတရားမျှတတာပေါ့"

လောင်အော့က

"နှစ်ယောက်တည်း လောင်းကစားခဲ့တဲ့အခါမှာ အရင်ပစ်တဲ့လူဟာ အပွင့်ဘယ်လောက်ပဲရရှိ နောက်လူက လိုက်ခွင့်ရှိတယ်"

ကျောက်ဝူက မေးလိုက်၏။

"တကယ်လို့ နှစ်ယောက်စလုံးပစ်တဲ့ အပွင့်တူနေမယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

လောင်အော့က ...

"ဒါဆိုရင် သရေပဲဖြစ်ပါတယ်"

ကျောက်ဝူက ထပ်မေးသည်။

"ဒါဖြင့် ပြန်စရမှာပေါ့ ... ဟုတ်လား"

လောင်အော့က ...

"ဟုတ်တယ် ပြန်စကြရပါ့မယ်"

ကျောက်ဝူက

"တကယ်လို့ ဒီလူနှစ်ယောက်ဟာ အပွင့်တူချင်းပဲ ပစ်မိကြတယ်ဆိုရင် ပြန်ပြန်ပစ်နေတာ အချိန်ကြာသွားမှာပေါ့"

လောင်အော့က

"ဟုတ်တယ်လေ"

သူက ခေါင်းခါ၏။



"ဒါက မကောင်းဘူး"

လောင်အော့က ...

"ဘာဖြစ်လို့လဲ"

ကျောက်ဝူက ရှင်းပြသည်။

"တကယ်လို့ ကစားတဲ့လူနှစ်ယောက်စလုံး လက်ရည်တူနေတယ်ဆိုရင် သုံးညနဲ့ သုံးရက်လောက် အချိန်ကုန်သွားနိုင်တယ်"

လောင်အော့က မေးလေ၏။

"ဒါဖြင့် ခင်ဗျား ဘယ်လိုလုပ်ချင်သလဲ ပြောပါ"

သူက

"အရင်ပစ်တဲ့လူဟာ သူ့ရထားတဲ့အပွင့် အကြီးဆုံး ဖြစ်နေရင် နောက်လူက မလိုက်ရတော့ဘဲ အရှုံးပေးရမယ်"

အကြီးဆုံးအပွင့်မှာ ခြောက်သုံးလုံးဖြစ်သည်။ သူ၏စကားကြောင့် လောင်အော့နှင့် အပေါင်းပါတို့က သူ့အား ဝိုင်းကြည့်နေကြ၏။ လောင်အော့က သူ့အား စိုက်ကြည့်ကာ ...

"ဘယ်သူက အလျင်ပစ်ရမှာလဲ"

ကျောက်ဝူက ...

"အဘက အသက်အရွယ်ကြီးတဲ့လူ သူ့ကိုလေးစားသည့်အနေနဲ့ အဘပဲ အရပ်ပစ်ရမှာပေါ့"

ကျို့ချစ် အပါအဝင် အားလုံးသော လူများသည် ကိုယ့်နှား

ကိုယ်ပင် မယုံကြည်နိုင်လောက်အောင် အံ့သြသွားကြလေ၏။ သူက စိတ်မှကောင်းလေစဟု သံသယဖြစ်လာကြသည်။ ကျောက်ဂူက အပြုံးမပျက်ပါ။ သူသည် ကျိုချစ်အား ဦးညွှတ်ပြလိုက်သည်။

"အဘ ပစ်ပါခင်ဗျာ"

ကျိုချစ်က ကျောက်ဂူအား အတန်ကြာစိုက်ကြည့်ပြီးမှ လောင်အေ့ဘက်သို့ လှည့်ကြည့်လိုက်သည်။

"စစ်မှန်တဲ့ အန်စာတုံးယူခဲ့စမ်း"

လောင်အေ့က ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့"

သူသည် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။ တစ်ခဏ အကြာတွင် ကတ္တီပါဘူးတစ်ဘူး ထွေးပိုက်ယူလာပြီး စားပွဲပေါ်သို့ချ ထားလိုက်သည်။ ကျိုချစ်က

"ဟောဒီက လူငယ်ကို သဘောကျပစ်နိုင်းလိုက်ပါ"

လောင်အေ့က ကတ္တီပါဘူးလေးကို ကျောက်ဂူရှေ့သို့ တွန်း ပို့လိုက်သည်။

"ဒီအန်စာတုံးဟာ စစ်မှန်တဲ့ အန်စာတုံးဖြစ်တယ်ဆိုတာ ကျုပ် ယုံကြည်တယ်၊ သေသေချာချာ စစ်ဆေးနိုင်ပါတယ်"

ကျောက်ဂူက သေတ္တာတုံးကို ပြန်တွန်းပို့လိုက်ပြီး ...

"မလိုပါဘူး၊ အဘကို ကျွန်တော် ယုံကြည်တယ်"



ကျိုချစ်က ခေါင်းညိတ်လိုက်၏။

"မင်းရဲ့သဘောထားကိုတော့ ငါ ချီးကျူးပါတယ်၊ ငါဟာ မင်းလိုရိုးသားတဲ့လူကို တစ်ယောက်မှ မတွေ့ဖူးသေးဘူး"

သူသည် ပြောရင်း လက်ချောင်းကလေးနှစ်ချောင်းဖြင့် အန် စာတုံးများကို တစ်လုံးပြီးတစ်လုံး လက်ဝါးပေါ်သို့ တင်လိုက်သည်။ ထို့နောက် ကျောက်ဂူအား စိုက်ကြည့်လိုက်သည်။

"လောင်းကြေးငွေလေးသိန်းကို တစ်ပွဲတည်းနဲ့ အရှုံးအနိုင် လောင်းမယ်မဟုတ်လား"

ကျောက်ဂူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျိုချစ်က ထိုင်ရာမှ ဖြည်းညင်းစွာထလိုက်သည်။ ထို့ နောက် အန်စာတုံးသုံးလုံးကို ပန်းကန်ထဲသို့ အသာလေးပစ်ချလိုက် သည်။ သူ၏အန်စာတုံးပစ်ပုံမှာ ရှင်းရှင်းလင်းလင်းဖြစ်သောကြောင့် မည်သူကမှ သံသယဖြစ်ကြမည်မဟုတ်ပါ။

'ချွမ်း .. ချွမ်း .. ချွမ်း'

အန်စာတုံးသုံးလုံးသည် လည်ပတ်နေရင်း ပန်းကန်နံဘေး နှင့်ထိကာ အသံများ ဆူညံစွာထွက်ပေါ်လာ၏။ အားလုံးသောသူ များသည် လည်ပတ်နေသော အန်စာတုံးများကို နှလုံးတုန် ရင်ခုန် စွာဖြင့် စူးစိုက်ကြည့်နေ၏။ အန်စာတုံးသုံးလုံး ရှေ့ဆင့်နောက်ဆင့်

ရပ်တန့်သွား၏။

"ကျားသစ်"

လူရှစ်ယောက်စလုံးက တစ်ပြိုင်တည်း။ ဝမ်းသာစွာ အော်လိုက်သောအသံဖြစ်၏။ အသံမှာ ဟိန်းထွက်သွားသည်။ အနီစာတုံး သုံးလုံးစလုံးမှာ ခြောက်ပွင့်ဖြစ်၏။ ကျောက်ဝူက ရယ်မောလိုက်၏။ သူက ဖြည်းညင်းစွာထရပ်လိုက်ပြီး ဟာလာဟင်းလင်းဖြစ်နေသော အင်္ကျီအိတ်နှစ်ဖက်ကို ပွတ်လိုက်၏။

"ကျုပ်ရှုံးပြီ"

သူသည် ယင်းသို့ပြောချလိုက်သည်နှင့် နောက်သို့ ပြန်လှည့်မကြည့်ဘဲ ခြေလှမ်းသွက်သွက်ဖြင့် အခန်းထဲမှ ထွက်ခွာသွားလေတော့၏။ ထို့နောက် လောင်းကစားဂေဟာမှ ထွက်သွားကြောင်းကိုချစ်နှင့်တကွ အားလုံးတွေ့မြင်လိုက်ကြရသည်။

* * *

အန္တရာယ်ပြွမ်းသည့်လျှို့ဝှက်အကြံ(စာစဉ်-၃)ကို ဆက်လက်ဖတ်ရှုပါရန်။